မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၉၇)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ စနေနေ့။

ထူးခြားသည့် ညအပူချိန်များ

၄-၁-၂၀၁၃

ဟားခါးမြို့ ၂ ဒီဂရီစင်တီဂရိတ်

မိုးကုတ်မြို့ ၆ ဒီဂရီစင်တီဂရိတ်

တိမ် အသင့်အတင့်

၅-၁-၂၀၁၃

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၃ ခုနှစ် (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ၂၀၁၃ ခုနှစ် (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကျင်းပသည့် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်သို့ ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရောက်ရှိလာကြပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကချင်ပြည်နယ်တွင် တပ်မတော်နှင့် KIO,KIA တို့အကြား တိုက်ပွဲဖြစ်ပွားခြင်းနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက်(၁/၂၀၁၃)

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်

၁၃၇၄ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်

ကချင်ပြည်နယ်တွင် တပ်မတော်နှင့် KIO,KIA တို့အကြား တိုက်ပွဲဖြစ်ပွားခြင်းနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ခြင်း

၁။ ကချင်ပြည်နယ်တွင် ကေအိုင်အို/ကေအိုင်အေ လက်နက်ကိုင်အဖွဲ့များက မြစ်ကြီးနား-ဗန်းမော် ပြည်ထောင်စုလမ်းမကြီးအား အဓိကပိတ်ဆို့လျက် တပ်မတော်စစ်ကြောင်းများအား မိုင်းထောင်ခြင်း၊ ချုံခိုတိုက်ခိုက်ခြင်းနှင့် အများပြည်သူအသုံးမပြုနိုင်အောင် ပိတ်ဆို့ခြိမ်းခြောက်မှုများ ပြုလုပ်လျက်ရှိသည့် ပွိုင့် ၇၇၁ တောင်ကုန်းနှင့်ပတ်ဝန်းကျင်ဒေသအား မြန်မာ့တပ်မတော်မှ ရှင်းလင်းတိုက်ခိုက် သိမ်းပိုက်ခဲ့သည်။

၂။ အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂသတင်းထုတ်ပြန်ရေးဌာနမှ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ကချင်ပြည်နယ်အတွင်းရှိ ကေအိုင်အေတပ်စခန်းများအား တပ်မတော်မှ တိုက်ခိုက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အလေးအနက်ထား၍ မှတ်သားထားရှိကြောင်း၊ အဆိုပါဒေသရှိ အပြစ်မဲ့ပြည်သူများ၏ အသက်အန္တရာယ်ဖြစ်စေမည့် လုပ်ဆောင်မှုများကို ရှောင်ကြဉ်စေလိုကြောင်းဖြင့် ပြောကြားချက်ကို ကုလသမဂ္ဂသတင်းဌာနက ၂-၁-၂၀၁၃ရက်တွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်ပေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ခဲ့ရာ ကေအိုင်အို/ကေအိုင်အေအဖွဲ့မှလွဲ၍ ကျန်အဖွဲ့များနှင့် သဘောတူဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ ကေအိုင်အို/ကေအိုင်အေအဖွဲ့နှင့်လည်း

စာမျက်နှာ ၈ ကော်လံ ၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရွှေမရှား ငွေမရှား နှမ်းစပါးအလေးထား

မြန်မာနိုင်ငံ၌ စပါးကို ရှေးအခါက မိုးတွင်းကာလများတွင်သာ စိုက်ပျိုးခဲ့ကြပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ဆည်ရေသောက်စနစ်များ၊ မြစ်ရေတင်စီမံကိန်းများ တစ်ဟုန်ထိုးတိုးတက်လာခဲ့ပြီးနောက် မိုးစပါးသာမက နွေစပါးကို နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်လာကြပါသည်။ နွေစပါးစိုက်ဧကသည် မိုးစပါးစိုက်ဧကလောက်မများသော်လည်း အထွက်နှုန်းကောင်းသဖြင့် တောင်သူတို့အတွက် အကျိုးများစေနိုင်ပါသည်။

နွေစပါးကို အများအားဖြင့် မိုးစပါးရိတ်သိမ်းပြီး မကြာမီ စိုက်ပျိုးကြပါသည်။ အချို့သောဒေသများတွင် မိုးစပါးရိတ်သိမ်းပြီး ကြားကာလတွင် မတ်ပဲ၊ ပဲတီစိမ်းကို စိုက်ပျိုးကြသည်။ ယင်းနောက်မှ နွေစပါးကို စိုက်ပျိုးကြသည်။ မည်သို့ပင်ဖြစ်စေ နွေစပါးကိုအချိန်မီစိုက်ပျိုးခြင်းဖြင့် တောင်သူတို့အတွက် ဝင်ငွေစီးပွားတိုးတက်လာမည်ဖြစ်သည်။

စပါးစိုက်ပျိုးထုတ်လုပ်သောတောင်သူများသည် ယခင်က ပြည်တွင်းဈေးကွက်ကိုသာ အဓိကအားဖြင့် အားထားနေကြရသည်။ ယခုအခါ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံသော ဆန်စပါးများကို ပြည်ပသို့ အမြောက်အမြားတင်ပို့ရောင်းချလာနိုင်ပြီဖြစ်သည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဒီဇင်ဘာလကုန်အထိ ကိုးလအတွင်း ဆန်နှင့်ဆန်ထွက်ပစ္စည်းတန်ချိန် ၁ ဒသမ ၀၁ သန်း တင်ပို့နိုင်ခဲ့ပြီးဖြစ်၍ ကျန်သုံးလဆက်လက်တင်ပို့ပါက ဆန်တန်ချိန် ၁ ဒသမ ၂ သန်းအထိ တင်ပို့နိုင်လိမ့်မည်ဟု ခန့်မှန်းထားသည်။ ယခုဘဏ္ဍာနှစ်သည် မြန်မာနိုင်ငံအနေဖြင့် နှစ်ပေါင်း ၄၆နှစ်အတွင်း ဆန်အများဆုံးတင်ပို့နိုင်သည့်နှစ်ဖြစ်လာလိမ့်မည်ဟု တာဝန်ရှိသူများက ပြောကြားလျက်ရှိသည်။

ထို့အပြင် တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုမရှိစေရေးနှင့် အကျိုးအမြတ် အထိုက်အလျောက်ရရှိစေရေးအတွက် အရန်ဆန်ဝယ်ယူခြင်းကို ဒီဇင်ဘာလက စပါးတင်း ၁၀၀ ငွေကျပ် ၃ ဒသမ ၄ သိန်းနှုန်းဖြင့် ဆန်တန်ချိန် ၁၅၉၀၀ ကို ဝယ်ယူခဲ့ပြီး ယခုဒုတိယအကြိမ်အဖြစ် ထပ်မံဝယ်ယူမည်ဖြစ်ကြောင်း ကြားသိရပါသည်။ ထို့အပြင် ယူရီးယားဓာတ်မြေဩဇာများကိုလည်း စွမ်းအင်ဝန်ကြီးဌာနက ကီလို ၅၀ ဝင် တစ်အိတ် ငွေကျပ် ၁၄၄၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိပါသည်။ ဒေသဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ထိုဈေးနှုန်းဖြင့် တောင်သူများ လက်ဝယ်အရောက် အမြတ်မယူဘဲ အချိန်မီဖြန့်ဖြူးပေးရန် လိုအပ်ပါသည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိရာ တောင်သူများအနေဖြင့်လည်း မိုးစပါးသာမက နွေစပါးကိုလည်း မြေယာပြန်းတီးမှုမဖြစ်စေဘဲ အချိန်မီစိုက်ပျိုးသွားလျှင် တကယ်ပင် ရွှေမရှား ငွေမရှား စီးပွားဥစ္စာ ဒီရေအလား တိုးတက်လာမည်ဖြစ်ပါသည်။ ။

ကျောက်ချောလမ်းဖွင့်

လပွတ္တာ ဇန်နဝါရီ ၄

လပွတ္တာမြို့ အမှတ် (၁၀) ရပ်ကွက် ဘိုးရာဇာ ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီက မုခ်ဦးရှေ့၌ ကျင်းပသည်။

အဆိုပါ ဘိုးရာဇာလမ်းမှာ အရှည် ပေ ၁၁၆၀၊ အနံ ၁၂ ပေ၊ ထုခုနစ်လက်မရှိပြီး ရပ်ကွက်နေပြည်သူများ ကောင်းမွန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဝင်းကျော်မြင့်)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှခေါင်းဆောင်များက (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

(ယမန်နေ့မှအဆက်)

ရန်ကုန် ဇန်နဝါရီ ၄

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတမစ္စတာ ပရာနဗ်မူခါချီထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် "ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ သမိုင်းတစ်လျှောက် မိမိတို့နှစ်နိုင်ငံသည် နီးနီးကပ်ကပ်ဆက်ဆံမှုများရှိခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ၂၀၁၂ ခုနှစ် မေလက မြန်မာနိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိခဲ့သလို ၂၀၁၁ ခုနှစ် အောက်တိုဘာလကလည်း အဆွေတော် အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီးရောက်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံမှုများ စဉ်ဆက်မပြတ်ရှိနေခဲ့သည်ကို ဖော်ပြလျက်ရှိပါကြောင်း ဆက်လက်ပြီး မိမိတို့နှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးမှုနှင့် ဆက်ဆံမှုများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာ ပျော်ရွှင်စေရန်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း" ဖော်ပြပါရှိသည်။

ပါကစ္စတန်နိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅) နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပါကစ္စတန်နိုင်ငံ သမ္မတမစ္စတာအဇစ်အလီဇာဒါရီထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ ပါကစ္စတန်နှင့် မြန်မာနှစ်နိုင်ငံတို့သည် ရင်းနှီးချစ်ခင်သောဆက်ဆံရေးများ ဖြစ်ထွန်းလျက်ရှိပါကြောင်း၊ အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံဆက်ဆံရေး တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာ ချမ်းသာကြစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ကိုရီးယားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် " ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် တောင်ကိုရီးယားအစိုးရနှင့်ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ လွန်ခဲ့သည့် နှစ်များစွာကပင် နှစ်နိုင်ငံဆက်ဆံရေးများ တိုးတက်ဖြစ်ထွန်းမှုရှိနေခဲ့ပြီး အနာဂတ်ကာလတွင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နယ်ယ်စုံ၊ကဏ္ဍစုံတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူ ပြည်သားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း" ဖော်ပြပါရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

ဒေါ်ဥခူကွက်ဟောင်း လမ်းလည်းကောင်း မီးလည်းလင်းစေချင်

ကယားပြည်နယ် လွိုင်ကော်မြို့တွင် မင်းစု၊ ရှမ်းစု၊ ဒေါ်နိုးကူး၊ ဈေးပိုင်း၊ ဓမ္မာရုံ၊ ရွှေတောင်၊ မင်္ဂလာ၊ ဒေါတမ၊ လောဓမ္မ၊ မိုင်းလုံး၊ နောင်ယား(က)၊ နောင်ယား(ခ) နှင့် ဒေါ်ဥခူဟူ၍ မြို့ပေါ်ရပ်ကွက် ၁၃ ရပ်ကွက်ရှိသည်။ လွိုင်ကော်မြို့ မြေတိုးချဲ့သောအခါ အချို့ရပ်ကွက်များကို ကွက်ဟောင်းနှင့် ကွက်သစ်ဟူ၍ နှစ်ပိုင်းခွဲခြားခေါ်ကြရာတွင် ကွက်ဟောင်းရပ်ကွက်သည် မြို့၏အတွင်းပိုင်းတွင်ရှိပြီး ကွက်သစ်ရပ်ကွက်သည် မြို့စွန်ပိုင်းတွင်ရှိသော်လည်း ဒေါ်ဥခူရပ်ကွက်မှာမူ တစ်မူထူးခြားစွာဖြင့် ကွက်ဟောင်းသည် မြို့စွန်တွင်တည်ရှိနေပြီး ကွက်သစ်မှာ မြို့တွင်းပိုင်း၌တည်ရှိနေသည်။ ဒေါ်ဥခူကွက်ဟောင်းသည် ယေဖူးရွှေနှလုံးတော်ဘုရားကျောင်း၏ အနောက်ဘက်ခြမ်း၌ရှိသည်။ ထိုအပိုင်းကို ဒေါ်ဥခူကွက်ဟောင်းဟုခေါ်ကြသကဲ့သို့ ဒေါ်ဥခူကယားပိုင်းဟုလည်း ခေါ်ကြသည်။ ကယားပိုင်းဟုခေါ်ကြခြင်းမှာ

ထိုအပိုင်းတွင် ကယားမျိုးနွယ်စုများ အများဆုံး နေထိုင်ကြသောကြောင့်ဖြစ်သည်။ ထိုအပိုင်းသည် ၁၉၆၀ ခုနှစ်ခန့်မှ စတင်၍ ဒေါ်ဥခူဟူသော ကျေးရွာငယ်အဖြစ် စတင်တည်ရှိခဲ့ပြီး လွိုင်ကော်မြို့ မြေတိုးချဲ့သောအခါ လွိုင်ကော်မြို့၏ အိမ်ခြေများနှင့် ထိစပ်သွားပြီး ရပ်ကွက်အတွင်းပါဝင်လာခြင်းဖြစ်သည်ဟု ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

ယခုအခါ ဒေါ်ဥခူရပ်ကွက်ဟောင်း ရပ်ကွက်သည် အိမ်ခြေ ၁၉၀ ခန့်၊ လူဦးရေ ၉၅၀ ခန့်ရှိသည်ဟု မှတ်တမ်းများအရ သိရသည်။ ထိုကွက်ဟောင်းရပ်ကွက်အတွင်းမှ လမ်းများသည် ရွာတည်စက

ထင်သာမြင်သာ ပြုပြင်စရာ

လမ်းများအတိုင်းပင် မြေသားပကတိလမ်းများဖြစ်သဖြင့် မိုးအခါတွင် ရွံ့ဗွက်ထူပြီး သွားလာရေးခက်ခဲသည့်အပြင် လျှပ်စစ်မီးလည်း အပြည့်အဝမရရှိသေးပါ။ ညအခါ လမ်းများမှာ မှောင်မိုက်နေဆဲဖြစ်သည်။ ကွက်ဟောင်းရပ်ကွက်တွင် နေသူအများစုသည် လက်လုပ်လက်စားအများစုဖြစ်သဖြင့် လမ်းများကောင်းမွန်ရေးနှင့် လျှပ်စစ်မီးအပြည့်အဝရရှိရေးအတွက် ကိုယ်ထူကိုယ်ထဆောင်ရွက်ရန် များစွာအခက်အခဲရှိကြသည်။ သို့ဖြစ်၍ ဒေါ်ဥခူကွက်ဟောင်းရပ်ကွက်ရှိ လမ်းများကောင်းမွန်ရေးနှင့် လျှပ်စစ်မီးအပြည့်အဝရရှိရေးအတွက် အကူအညီကို မျှော်လင့်နေပါကြောင်း ဒေါ်ဥခူကွက်ဟောင်းရပ်ကွက် ဆယ်အိမ်စုကိုယ်စားလှယ် ဦးဒိးဒိက ရပ်သူရွာသားများကိုယ်စား ပြောကြားကြောင်း ထင်သာမြင်သာပြုပြင်စရာကဏ္ဍမှ ရေးသားဖော်ပြလိုက်ရပါသည်။ ။

ကြီးမြင့်နိုင် (လွိုင်ကော်)

လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲကျင်းပ

ရေစကြို ဇန်နဝါရီ ၄

(၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၃ ရက်က ပခုက္ကူခရိုင်ရေစကြိုမြို့ မအိုကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖြစ်သော ပညာဗိမာန် စေတနာမူလတန်းကျောင်းတွင် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကဝိန္ဒနှင့် စေတနာဝန်ထမ်းဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များကကြီးမှူး၍ ကျောင်းသားကျောင်းသူများအား ကျောင်းနေပျော်၍ စာတော်သော ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရန် ကာယစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကြက်ခွပ်၊ ခေါင်းအုံးရိုက်၊ ထုတ်ဆီးတိုးစသော မြန်မာ့ရိုးရာကစားပွဲများ၊ ဉာဏစွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် သချာၤအတွက်ပြိုင်ပွဲ၊ အင်္ဂလိပ်စာစာလုံးရွေးပြိုင်ပွဲများ ကျင်းပပေးခဲ့သည်။

ထို့နောက် ပညာရည်ချွန်ဆုပေးပွဲနှင့် အားကစားပြိုင်ပွဲ ဆုများကိုလည်း ဆက်လက်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

ပြည်တွင်းသတင်း

ရန်ကုန်တိုင်းဒေသကြီး (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် အလေးပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး (၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နံနက်၄ နာရီ မိနစ်၂၀တွင် ၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် ပြည်သူ့ရင်ပြင်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ခရိုင်နှင့်မြို့နယ်များမှဒေသခံပြည်သူများစုစုပေါင်း အင်အား ၃၃၀၀ တက်ရောက်ကြသည်။

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ဖတ်ကြားစဉ်။ (သတင်းစဉ်)

အစီအစဉ်အရ ပြည်သူ့ရင်ပြင်အတွင်း စစ်ရေးပြတပ်ခွဲနှင့် စစ်တီးဝိုင်းအဖွဲ့များ နေရာယူကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ရောက်ရှိလာကာဂုဏ်ပြုတပ်ဖွဲ့၊ အခမ်းအနားသို့ တက်ရောက်လာသူများနှင့် အတူပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်များနှင့် တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက် ရွတ်ဆိုခြင်းများ ပြုလုပ်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ် ၂၀၁၂ -၂၀၁၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ချင်းပြည်နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဘက်စုံပညာထူးချွန်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍၂၀၁၂-၂၀၁၃ ပညာသင်နှစ်ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ရာ ဂျပန်နိုင်ငံ Kizuna Project အစီအစဉ်ဖြင့် လေ့လာရေး စေလွှတ်ခြင်းခံရသော အထက(၂) ဖလမ်းမှ နဝမတန်းကျောင်းသူ မသျှန်းပက်ကြန်းနှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ဗဟိုအဆင့် တတိယဆုရ အလက ဖလမ်းမှ မောင်လာလ်ရမ်ပွီးတို့အား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ပြည်နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်၊ သင်္ချာစွမ်းရည်၊ ဒုတိယအကြိမ် ကျောင်းသားအားကစားပွဲတော် လုံတံပစ်၊ ဂျူနီယာတင်းနစ်၊ မီနီတင်းနစ်ပြိုင်ပွဲများတွင် ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် စိမ်းလန်းစိုပြည်ရေး ဆုရကျောင်းအထက ရိခေါဒါရ်တို့အား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် တာဝန်ရှိသူများက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ပညာရေးစုံညီပွဲတော်အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ စည်ကားစွာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးရှိ ရပ်ကွက်အလိုက်၊ လမ်းအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသော ဝန်ထမ်းများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် အမှတ်(၃)ရပ်ကွက် (၁၂)လုံးတန်းရှိ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းလမ်းအတွင်း၌ နံနက် ၈ နာရီမှ စတင်၍ အပြေးပြိုင်ပွဲများ၊ ကလေးငယ်များ၏ မုန့်စား၊ အာလူးကောက်၊ ယုန်ခုန်၊ အပ်ချည်ထိုး၊ အာလူးဇွန်းကိုက်ပြိုင်ပွဲ၊ သုံးချောင်းထောက် ပြိုင်ပွဲများအပြင် ညနေပိုင်းတွင် သံပုံးရိုက်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲများ ကျင်းပရာ ရပ်ကွက်ပြည်သူများ တစ်နေကုန် ပျော်ရွှင်စွာ ဆင်နွှဲကြပြီး ညပိုင်းတွင် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်ရှိ အရိုးကုန်းလမ်း၊ ၁၄၆ လမ်း၊ ၁၄၇ လမ်း၊ ၁၄၈ လမ်းတို့၌ လမ်းရပ်မိရပ်ဖများ၊ လမ်းမိသားစုများက ကြီးမှူးကျင်းပသည့် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ယမန်နေ့ ညနေပိုင်းမှစတင်ကာ ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ လမ်းအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်ရှိ သီတာလမ်း၊ အောင်မင်္ဂလာလမ်း၊ အင်းဝလမ်း၊ သုခလမ်း၊ ဩဘာလမ်းတို့၌ လမ်းသူ လမ်းသားမိသားစုများက ကြီးမှူးကျင်းပသည့် မုန့်စားပြိုင်ပွဲ၊ ဘောလုံးပုတ်ပွဲ၊ သံပုံးရိုက်ပွဲ၊ အပြေးပြိုင်ပွဲ၊ အာလူးကောက်ပွဲ၊ ဘောလုံးပွဲ စသည့်ရိုးရာ အားကစားပြိုင်ပွဲများကို လမ်းမိသားစုများသည် နံနက်ပိုင်းမှ ညပိုင်းအထိ ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

အလားတူ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ရှိ ရပ်ကွက်များ၌ လွတ်လပ်ရေးနေ့မတိုင်မီရက်များတွင် ဘောလုံးပြိုင်ပွဲများကို ကျင်းပကြပြီး လွတ်လပ်ရေးနေ့ နံနက်ပိုင်းတွင် အပြေးပြိုင်ပွဲ၊ တာဝေးအပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ဘောလုံးဖောက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ စသည့်ပြိုင်ပွဲများ ကျင်းပကြကာ ညပိုင်းတွင် ပျော်ပွဲရွှင်ပွဲများ၊ သီချင်းဆိုပြိုင်ပွဲ၊ ဈေးရောင်းပွဲတော်နှင့် ဆုပေးပွဲများ ကျင်းပကြသည်။

ထို့အတူ ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မိသားစု စည်းကမ်းထိန်းသိမ်းရေးနှင့်စည်းရုံးရေးကော်မတီက ဦးဆောင်၍ မြို့နယ်ရှိ တပ်ဖွဲ့ဝင်နှင့် မိသားစုများသည် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို နံနက်ပိုင်းမှစ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှေ့၌ ဆင်နွှဲကြပြီး ညပိုင်းတွင် ရုံးအဆောက်အအုံကို ရောင်စုံမီးများ ထွန်းညှိကြသည်။

ပုဇွန်တောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် (၅၁)လမ်းအထက်၊ လမ်း(၅၀)အထက်တို့တွင်လည်း လမ်းသူ လမ်းသားမိသားစုများက ကြီးမှူး၍ အသက်အကြီးဆုံးဆုနှင့် အသက်အငယ်ဆုံးဆုများကို ချီးမြှင့်ကြပြီး နံနက်ပိုင်းမှ ညနေပိုင်းအထိ ပျော်ပွဲရွှင်ပွဲများ ကျင်းပကြသည်။ ထို့အပြင် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးတွင်လည်း ပျော်ပွဲရွှင်ပွဲများကို ပျော်ရွှင်စွာ ကျင်းပကြသည်။

အလားတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ အားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ဇနီး၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများအပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရ ဝန်ထမ်းများနှင့် မိသားစုများအား ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ဇနီးနှင့် ကော်မတီဝင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညပိုင်းတွင် ဌာနဆိုင်ရာ အဆောက်အအုံများ၌လည်းကောင်း၊ နေအိမ်အဆောက်အအုံများ၌လည်းကောင်း ရောင်စုံလျှပ်စစ်မီးများ ထွန်းကြသည်။ အားကစားပြိုင်ပွဲများကို ပျော်ရွှင်စွာ ဆင်နွှဲကြသည့်နည်းတူ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သဖြင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၊ ကန်တော်ကြီးရေချိုငါးပြတိုက်၊ ကန်တော်မင်္ဂလာပန်းခြံ၊ ပြည်သူ့ရင်ပြင်၊ ပြည်သူ့ဥယျာဉ်နှင့် ကလေးကစားကွင်းများ၌လည်း မိသားစုအလိုက် လေ့လာအပန်းဖြေသူများဖြင့် စည်ကားသည်ကိုလည်း တွေ့ရသည်။

(သတင်းစဉ်)

တပ်ကုန်းမြို့နယ် ဝါစိုက်တောင်သူများ ဈေးကောင်းရ တစ်ကေဝင်ငွေတိုး

နေပြည်တော် ဇန်နဝါရီ ၄

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်တောင်သူများမှ ၂၀၁၂-၂၀၁၃ခုနှစ်တွင် အထွက်ကောင်းမျိုး (ငွေချည်-၆)များ စိုက်ပျိုးခဲ့ရာ ခန့်မှန်းပိဿာချိန် သိန်း ၆၀ခန့် ထွက်ရှိမည်ဖြစ်သည်။ ယခင်နှစ်များက ဝါတစ်ပိဿာလျှင် ငွေကျပ် ၉၀၀ ဝန်းကျင် ရောင်းချခဲ့ရသော်လည်း ယခုနှစ် ဝါပေါ်ချိန်တွင် ပြင်ပအဝယ်ဒိုင်မှ ငွေကျပ် ၈၅၀ သာ အရောင်းအဝယ်ရှိကြောင်း သိရသည်။

ဝါစိုက်တောင်သူများ နစ်နာမှုမရှိစေရေးအတွက် နေပြည်တော်ကောင်စီ၏ ကွင်းဆင်း ညှိနှိုင်းဆောင်ရွက်ချက်အရ စက်မှုဝန်ကြီးဌာန၊ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံများမှ နယ်လှည့်အဝယ်ဒိုင်များ ဖွင့်လှစ်ဝယ်ယူခဲ့ရာ ယခုအချိန်တွင် ဝါတစ်ပိဿာငွေကျပ် ၁၁၀၀ နှုန်းအထိ ဈေးနှုန်းတိုးမြှင့်လာပြီး ဝါစိုက်တောင်သူများအနေဖြင့် ဈေးကောင်းရ တစ်ဧက ဝင်ငွေတိုးခဲ့ရာ ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရသည်။ (၀၂၁)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ အသိပေးတင်ပြချက်

နေပြည်တော် ဇန်နဝါရီ ၅

ရတနာပုံတယ်လီပို့ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော 3G UMTS လိုင်းအင်အား(၁,၂၆၀,၀၀၀) တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းအရ Huawei Co., Ltd မှ ရန်ကုန်မြို့တွင် RNC, SGSN, CG စနစ် ပြောင်းလဲတပ်ဆင်ခြင်း၊ Hardware/Software Up grade ပြုလုပ်ခြင်းနှင့် SMSC Gateway ပြောင်းလဲခြင်း စသည့်လုပ်ငန်းတို့ကို အောက်ဖော်ပြပါ နေ့ရက်၊ အချိန်များတွင် ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသည်-

နေ့စွဲ	အကြောင်းအရာ	ဆိုင်းငံ့ချိန်	ဆိုင်းငံ့မည့်နေရာ
၆-၁-၂၀၁၃	ရန်ကုန် SMSC Gateway ပြောင်းလဲပြုလုပ်ခြင်း	နံနက် (၀၂း၀၀)နာရီမှ (၀၂း၃၀)နာရီအထိ (၃၀)မိနစ်ခန့်	Huawei SMSC ဖြင့် အသုံးပြုနေသော (2G) နှင့် (3G) SMS များ ပြတ်တောက်ပါမည်
၈-၁-၂၀၁၃	ရန်ကုန် BSC 1 နှင့် RNC ကို SGSN/CG အသစ်ဖြင့် ပြောင်းလဲချိတ်ဆက်ခြင်း	နံနက် (၀၂း၀၀)နာရီမှ (၀၂း၁၅)နာရီအထိ (၁၅)မိနစ်ခန့်	ရန်ကုန် Huawei Network ဧရိယာအတွင်း (2G) နှင့် (3G) များ Data Service ပြတ်တောက်ပါမည်
၉-၁-၂၀၁၃	BSC (၁၂) ခုနှင့် RNC (၈)ခု ကို SGSN/CG အသစ်ဖြင့် ပြောင်းလဲချိတ်ဆက်ခြင်း	နံနက် (၀၂း၀၀)နာရီမှ (၀၂း၁၅)နာရီအထိ (၁၅)မိနစ်ခန့်	ရန်ကုန်မြို့မှအပ အခြားဒေသရှိ Huawei Network ဧရိယာများတွင် (2G) နှင့် (3G) များ Data Service ပြတ်တောက်ပါမည်
၁၁-၁-၂၀၁၃	SGSN Hardware တိုးချဲ့ခြင်းနှင့် Software Up grade ပြုလုပ်ခြင်း	နံနက် (၀၂း၀၀)နာရီမှ (၀၂း၁၅)နာရီအထိ (၁၅)မိနစ်ခန့်	Huawei Network ဧရိယာများ အားလုံးတွင် (2G) နှင့် (3G) များ Data Service ပြတ်တောက်ပါမည်

၂။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့တွင် Huawei အမျိုးအစား RNC, SGSN, CG စနစ်ပြောင်းလဲတပ်ဆင်ခြင်း၊ Hardware/Software Up grade ပြုလုပ်ခြင်းနှင့် SMSC Gateway ပြောင်းလဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နေ့ရက်၊ အချိန်များတွင် အထက်ဖော်ပြပါအတိုင်း မိုဘိုင်းတယ်လီဖုန်းများသည် နံနက်စောစောပိုင်း အချိန်များတွင် (၁၅)မိနစ်နှင့် (၃၀)မိနစ်ခန့် ဆက်သွယ်မှု ယာယီဆိုင်းငံ့မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

စာဖတ်ရှိန်မြှင့်တင်ပွဲ ရတနာပုံတက္ကသိုလ်၌ ကျင်းပ

မန္တလေး ဇန်နဝါရီ ၄

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရတနာပုံတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်သော လူငယ်များ အသိပညာပေးရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇန်နဝါရီ ၃ရက် နံနက် ၈ နာရီက ရတနာပုံတက္ကသိုလ်၌ ကျင်းပရာ ကျပန်းစကားပြောပြိုင်ပွဲတွင် စာဖတ်ခြင်းဖြင့် **ကြီးမြတ်သောလူမျိုး** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် **စာပေအလင်း အမှောင်ခွင်း** ခေါင်းစဉ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ (၄၂၆)

ကမ္ဘောဒီးယားနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ ကျင်းပမည်

ဖနောင်ပင် ဇန်နဝါရီ ၄

ကမ္ဘောဒီးယားနိုင်ငံ အထွေထွေရွေးကောက်ပွဲကို လာမည့် ဇူလိုင် ၂၈ ရက်တွင် ကျင်းပရန် သတ်မှတ်ထားရာ တစ်နိုင်ငံလုံးလူဦးရေ၏ ၉ ဒသမ ၆၇ သန်းခန့် မဲပေးပိုင်ခွင့်ရရှိကြမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားရွေးကောက်ပွဲကော်မတီ(အင်န်အီးစီ)က ဇန်နဝါရီ ၄ ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်း လွှတ်တော်ကိုယ်စားလှယ် ၁၂၃ ဦး နေရာအတွက် ပြည်သူများ မဲပေးနိုင်ရန် မဲရုံပေါင်း ၁၉၀၀၉ ရုံကို တည်ဆောက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားရွေးကောက်ပွဲကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟာဗင်ဆီဗီလေက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့၏ပါတီနှင့် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို လာမည့် ဧပြီလကုန်မှ မေလဆန်းတွင် အင်န်အီးစီရုံးသို့ လာရောက်စာရင်းပေးကြရမည်ဖြစ်သည်ဟု သတင်းစာရှင်းလင်းပွဲ၌ ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ငါးနှစ်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲ ကျင်းပလျက်ရှိရာ ၂၀၀၈ ခုနှစ်က နောက်ဆုံးအကြိမ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ဟွန်ဆင်ပါတီဖြစ်သည့် ကမ္ဘောဒီယားပြည်သူ့ပါတီက အမျိုးသားလွှတ်တော်တွင် ကိုယ်စားလှယ် ၉၀ ဖြင့် အများဆုံးရွေးချယ်ခံခဲ့ရသည်။ (ဆင်ဟွာ)

ယီမင်နိုင်ငံအတွင်း အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှု ဆော်ဒီအာရေဗျတိုက်လေယာဉ်များ အသုံးပြုတိုက်ခိုက်ခဲ့ဟုဆို

ရီယာ့ဒ် ဇန်နဝါရီ ၄

ဆော်ဒီအာရေဗျနိုင်ငံက အမေရိကန်ကိုယ်စား ယီမင်နိုင်ငံအား တိုက်ခိုက်ခဲ့ရာတွင် ၎င်း၏ဂျက်လေယာဉ်များကိုအသုံးပြုခဲ့ကြောင်း ဇန်နဝါရီ ၄ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ (အပေါ်ပုံ)

ယီမင်နိုင်ငံအား တိုက်ခိုက်ခဲ့စဉ် ဆော်ဒီအာရေဗျ လေကြောင်းမစ်ရှင်များကို အသုံးချခဲ့သည်ဟု အမေရိကန်ထောက်လှမ်းရေးသတင်းရပ်ကွက်ကို ကိုးကားလျက် ဇန်နဝါရီ ၄ ရက်က "သည်တိုင်း" သတင်းစာက ရေးသားခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ယီမင်တောင်ပိုင်းနှင့် နယ်နိမိတ်ထိစပ်နေသော ဆော်ဒီအာရေဗျနိုင်ငံက ယီမင်ရှိ အယ်လ်ကေဒါနှင့်ဆက်နွှယ်နေသော အကြမ်းဖက်သမားများအား တိုက်ထုတ်ရန် အမေရိကန်ကို ဆော်ဒီအာရေဗျနိုင်ငံက အဓိက အခန်းကဏ္ဍမှ ကူညီလျက်ရှိသည်။

ပြုလုပ်ခဲ့

အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်းသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ယီမင်နိုင်ငံ အယ်လ်ဗေဒါပြည်နယ်၌ နောက်ဆုံးတိုက်ခိုက်ခဲ့ရာ ယီမင်သုံးဦး သေဆုံးခဲ့ရသည်။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာမှစပြီး စီအိုင်အေနှင့် အမေရိကန်စစ်တပ်တို့ ပူးပေါင်းပြီး အထူးစစ်ဆင်ရေးစစ်ဌာနချုပ်ထူထောင်ကာ ယီမင်နိုင်ငံအတွင်း လေကြောင်းနှင့် ဒုံးကျည်တိုက်ခိုက်မှု (၄၅)ကြိမ် ပြုလုပ်ခဲ့ကြောင်း သည်ဝါးဂျာနယ်တွင် ဖော်ပြသည်။ (အေအက်ဖ်ပီ)

တောင်ကိုရီးယားသို့ ထွက်ပြေးသွားကြသည့် မြောက်ကိုရီးယားဒုက္ခသည်ဦးရေလျော့နည်းလာ

ပြုံယမ်း ဇန်နဝါရီ ၄

မြောက်ကိုရီးယားနိုင်ငံမှ တောင်ကိုရီးယားနိုင်ငံဘက်သို့ ခိုလှုံထွက်ပြေးကြသူ ဒုက္ခသည်အရေအတွက်မှာ ၂၀၁၂ ခုနှစ် ဦးရေသည် ၂၀၁၁ ခုနှစ်ဦးရေနှင့်နှိုင်းယှဉ်ပါက လျော့နည်းလာခဲ့သည်ကိုတွေ့ရှိရကြောင်း တောင်ကိုရီးယားနိုင်ငံ၏စာရင်းအချက်အလက်များက ပြသလျက်ရှိသည်။

မြောက်ကိုရီးယားဘက်မှ ခိုဝင်လာသူဒုက္ခသည်ဦးရေသည် ၂၀၁၂ ခုနှစ်တွင် ၁၅၀၀ ကျော်ခန့်ရှိပြီး ၂၀၁၁ ခုနှစ်က ဒုက္ခသည် ၂၇၀၀ ခိုဝင်လာခဲ့သည်နှင့်နှိုင်းယှဉ်ပါက လျော့နည်းလာသည်ကို တွေ့ရှိရသည်ဟု တောင်ကိုရီးယားနိုင်ငံဘက်က ပြောကြားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အာရုံစိုက်လုပ်ဆောင်

ခေါင်းဆောင်သစ် ကင်ဂျုံးအန်က သူ့တိုင်းပြည်မှ ပြည်သူများ ပြည်ပသို့ ထွက်ပြေးခိုလှုံကြခြင်းကို ကာကွယ်နိုင်ရေးဘက်တွင် အာရုံစိုက်လုပ်ဆောင်လျက်ရှိသည်ဟု ပြုပြင်ပြောင်းလဲရေး ဝါဒီများက ဆိုသည်။

၁၉၅၀-၅၃ စစ်ပွဲဖြစ်ပြီးနောက်ပိုင်းတွင် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးအခြေအနေမှာ စစ်နှုတ်ခမ်းဝပေါ်တွင် ရှိနေသည်။

မြောက်ကိုရီးယားဒုက္ခသည်များ ရောက်ရှိမှုစာရင်းများအရ ၂၀၀၀ အောက်လျော့နည်းသည့် ဦးရေသည် ၂၀၀၆ ခုနှစ်နောက်ပိုင်း ယခု ၂၀၁၂ ခုနှစ် စာရင်းသည် ပထမဆုံးဖြစ်သည်ဟု ယွန်ဟပ်သတင်းအေဂျင်စီက ဖော်ပြသည်။ (ဘီဘီစီ)

ပက်ထရီယော့ဒုံးခွင်းဒုံးများ ဖြန့်ကြက်ကိုင်တွယ်ရန် အမေရိကန်တပ်ဖွဲ့ဝင်များ တူရကီနိုင်ငံရောက်ရှိလာ

အင်ကာရာ ဇန်နဝါရီ ၄

အမေရိကန်တပ်ဖွဲ့သည် ဆီးရီးယားနယ်စပ်မှ ပက်ထရီယော့ဒုံးခွင်းဒုံးများ စတင်ကိုင်တွယ်ရန်တူရကီနိုင်ငံသို့ ရောက်ရှိလာကြောင်း ဇန်နဝါရီ ၄ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ တပ်ဖွဲ့ဝင် ၂၇ ဦး ပါဝင်သော အမေရိကန် တပ်ဖွဲ့တစ်ဖွဲ့သည် ဂါဇီယန်တက်ပ် မြို့ အရှေ့တောင်ပိုင်းသို့ ရောက်ရှိခဲ့ကြောင်း ဇန်နဝါရီ ၄ ရက်က တူရကီမီဒီယာက သတင်းဖော်ပြသည်။ အဆိုပါအဖွဲ့သည် ဒုံးခွင်းဒုံးနေရာများကိုလည်း စစ်ဆေးလိမ့်မည်ဟု ဆိုသည်။ (အပေါ်ပုံ)

အဆိုပါပက်ထရီယော့ ဒုံးခွင်းဒုံးများသည် အဒါနာ၊ ဂါဇီယန်တက်ပ်နှင့် ခါးရာမာမာရပ်စ်မြို့များအနီး အရှေ့တောင်ပိုင်း အရပ်ဒေသများ၌ တပ်ဆင်သွားဟန်ရှိကြောင်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် တူရကီဝန်ကြီးချုပ် ရီဆက်တေရစ်အာဒိုဂန်က ပြောကြားသည်။ တူရကီနိုင်ငံတွင် ဒီဇင်ဘာ ၁၄ ရက်က ပက်ထရီယော့ဒုံးများနှင့် အမေရိကန်တပ်ဖွဲ့ဝင် ၄၀၀ ဖြန့်ကြက်စေလွှတ်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာက အမိန့်စာများလက်မှတ်ရေးထိုးခဲ့သည်။

ဝါရှင်တန်က အဆိုပါ ဒုံးခွင်းဒုံးခြောက်စင်းအနက် နှစ်စင်းကူညီထောက်ပံ့မည်ဖြစ်သည်။ ဂျာမနီနှင့် နယ်သာလန်တို့ကလည်း နှစ်စင်းစီ ကူညီထောက်ပံ့မည်ဟု ဆိုသည်။ ၎င်းဒုံးခွင်းဒုံးခြောက်စင်းစလုံးကို ဇန်နဝါရီလကုန်တွင် တူရကီ-ဆီးရီးယားနယ်စပ်တွင် အပြီးတပ်ဆင်သွားရန် စီစဉ်ထားသည်။ (ပရက်စ်တီဗွီ)

အိန္ဒိယတွင် ၄၄နှစ်အတွင်း အအေးဆုံးဆောင်းရာသီဖြစ်

နယူးဒေလီ ဇန်နဝါရီ ၄

အိန္ဒိယနိုင်ငံတွင် အအေးဆုံးသောဆောင်းရာသီကို ကြုံတွေ့ရမှုကြောင့် ပြီးခဲ့သည့် သီတင်းပတ်ကျော်က နိုင်ငံမြောက်ပိုင်းတွင် ဆိုးရွားသော ရာသီဥတုဒဏ်ခံရကာ လူ ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်ကို ဇန်နဝါရီ ၃ ရက်က အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

နိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် အအေးလွန်ကဲမှုကြောင့် သေဆုံးသူ ၁၁၄ ဦးအထိရှိလာပြီး ယခင်က ၂၄ နာရီအတွင်း အနည်းဆုံး ၂၃ ဦး သေဆုံးနေကြောင်း၊ သေဆုံးသူအများစုမှာ ချို့တဲ့သူများနှင့် အိုးမဲ့အိမ်မဲ့သူများဖြစ်ကြပြီး ၎င်းတို့၏ ရုပ်အလောင်းများကို ပန်းခြံ သို့မဟုတ် လမ်းများပေါ်၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဆူရန်ဒရာသီရိဗတ်စကာဗာက ဇန်နဝါရီ ၃ ရက်တွင် ပြောကြားသည်။ ရာဂျက်စတန် ပြည်နယ်အတွင်း ယင်းအအေးလွန်ကဲမှုကြောင့် လူအချို့သေဆုံးခဲ့သည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဇန်နဝါရီ ၁ ရက်က အပူချိန် အနုတ် ၉ ဒသမ ၈ ဒီဂရီဆဲလ်စီးရပ်အထိ ကျဆင်းခဲ့ပြီး နိုင်ငံမြောက်ပိုင်း၌ နှစ်ပေါင်း ၄၄ နှစ်အတွင်း အအေးဆုံးရာသီဥတု အခြေအနေဖြစ်ပေါ်ခဲ့သည်။ အပူချိန်မှာ လာမည့် ရက်အနည်းငယ်အတွင်း ဆက်လက်ကျဆင်းမည်ဖြစ်ကြောင်း အိန္ဒိယ မိုးလေဝသခန့်မှန်းသူများက ပြောကြားသည်။ (အေပီ)

ဖိလစ်ပိုင် ဘိုဖာမုန်တိုင်းဒဏ်ခံရသူများအတွက် ဆန်တန်ချိန် ၂၀၀၀ အင်ဒိုနီးရှားထောက်ပံ့မည်

ဂျကာတာ ဇန်နဝါရီ ၄

အင်ဒိုနီးရှားနိုင်ငံက ဖိလစ်ပိုင်နိုင်ငံအတွင်း ဘိုဖာတိုင်ဖွန်းမုန်တိုင်းဒဏ်ခံရသူများအတွက် ဆန်တန်ချိန် ၂၀၀၀ ကူညီထောက်ပံ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှား အစိုးရအရာရှိတစ်ဦးက ဇန်နဝါရီ ၃ ရက်တွင် ပြောကြားသည်။

အဆိုပါ ဆန်များကို မြောက်ဆူလာဝေစီပြည်နယ် မင်န်နာဒိုရှိ ဘူလော့ ဆန်သိုလှောင်ထိန်းသိမ်းရေးဌာနမှ ထုတ်ပေးပြီး မိမိတို့ပိုင် ကေအာရ်အိုင်မာကက်ဆာရေယာဉ်ဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားပြည်သူ့လူမှုဖူလုံရေးဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီး ဆာဖရိဘူဟာန်နုဒင်က ပြောကြားခဲ့သည်။

ပို့ဆောင်ပေးမည်

မုန်တိုင်းဒဏ်ခံရသူများအား ကူညီထောက်ပံ့မှုများ ဖြန့်ဖြူးဝေငှရာတွင် အထောက်အကူဖြစ်စေရန် အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များကိုလည်း စေလွှတ်ပေးမည်ဖြစ်ကြောင်း၊ ကနဦးအနေဖြင့် ဖိလစ်ပိုင်ရှိ မင်ဒါနာအိုကျွန်းနှင့် ဒါဗာအိုဒေသများသို့ ဖြန့်ကြက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ (ဆင်ဟွာ)

တင်မောင်လွင် - စုစည်းသည်

အိုလံပစ်စက်ဘီးစီးချန်ပီယံ တက္ကစီနှင့် တိုက်မိပြီးသေဆုံး

ကိတ်တောင်း ဇန်နဝါရီ ၄

တောင်ပေါ်ခရီးကြမ်း စက်ဘီးစီးအိုလံပစ်ချန်ပီယံ နှစ်ကြိမ်ရရှိထားသူ ဘာရီစတင်ဒါသည် သူ၏နေအိမ်အနီးတွင် လေ့ကျင့်မှုပြုလုပ်နေစဉ် ယာဉ်မတော်တဆမှုဖြစ်ကာ ဇန်နဝါရီ ၃ ရက်တွင် သေဆုံးသွားခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဘာရီစတင်ဒါသည် တောင်အာဖရိကအရှေ့ပိုင်း ကမ်းရိုးတန်းဒေသ ကော့ဇူလာနေတယ်လ်ပြည်နယ်တွင် တက္ကစီတစ်စီးနှင့် အရှိန်ပြင်းစွာ ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်ဟု တောင်အာဖရိကအားကစားအဖွဲ့ချုပ်နှင့်အိုလံပစ်ကော်မတီမှ ပြောကြားခဲ့သည်။

၎င်းသည် ပြီးခဲ့သောနှစ် လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲတွင် ပဥ္စမနေရာတွင် ရပ်တည်ခဲ့ပြီး ၂၀၀၈ ခုနှစ်က ပေကျင်းမြို့တွင် ကျင်းပခဲ့သော နွေရာသီအိုလံပစ်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ၎င်းသည် အသက် ၁၉ နှစ်အောက်နှင့် ၂၃ နှစ်အောက် ကမ္ဘာ့စက်ဘီးစီးချန်ပီယံတစ်ဦးဖြစ်ခဲ့ပြီး တောင်အာဖရိက အားကစားလောကတွင် အတောက်ပဆုံး ကြယ်ပွင့်တစ်ဦးဖြစ်သကဲ့သို့ ကမ္ဘာ့ထိပ်တန်း စက်ဘီးစီးသမားတစ်ဦးလည်းဖြစ်သည်။ (ဆင်ဟွာ)

[illegible]

အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)အတွက် ဆေးဝါးကုန်ကြမ်း(၇၂)မျိုး အဝယ်တင်ဒါ(မြန်မာကျပ်ငွေ)ဖြင့်

၁။ ဝယ်ယူမည့်ပစ္စည်းအမည် - ဆေးဝါးကုန်ကြမ်း(၇၂)မျိုး
၂။ ဈေးနှုန်းတင်သွင်းရမည့်ရက်နှင့်အချိန် - ၁၀-၁-၂၀၁၃ ရက်၊ ညနေ ၁၆း၀၀ နာရီ
၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်) အမှတ်(၂)ဆေးဝါးစက်ရုံ (အင်ရောင်း)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ၀၆၇-၄၀၈၁၉၅
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန ၀၆၇-၄၀၈၂၇၆
နေပြည်တော်

ကမ္ဘာ့အကြီးဆုံး OLED တီဗွီများထုတ်ပြီ

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းအီလက်ထရွန်နစ်ကုမ္ပဏီကြီးတစ်ခုဖြစ်သော အယ်လ်ဂျီကကမ္ဘာ့အကြီးဆုံး OLED ရုပ်မြင်သံကြားစက်များ ထုတ်လုပ်ခြင်းဖြင့် အရည်အသွေးမြင့်မျိုးဆက်သစ်ဖန်သားပြင်တိုက်ပွဲကို စတင်လိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၂ ရက်က ဘီဘီစီသတင်းတွင်ဖော်ပြထားသည်။

အဆိုပါ OLED ရုပ်မြင်သံကြားစက်များသည် အရွယ်အစား ၅၅ လက်မ ရှိသည်ဟုဆိုသည်။ OLED ရုပ်သံစက်များသည် LCD များထက် အရည်အသွေးပိုမိုကောင်းမွန်သည်ဟုဆိုသည်။ အယ်လ်ဂျီ၏ ၎င်းမော်ဒယ်အမျိုးအစားသစ်ကို တောင်ကိုရီးယားဈေးကွက်များအပြင် ဥရောပဈေးကွက်များသို့ မကြာမီတင်ပို့ရောင်းချသွားရန် စီစဉ်လျက်ရှိသည်။ ပြီးခဲ့သည့်နှစ်က အယ်လ်ဂျီနှင့် ဆမ်ဆောင်းကုမ္ပဏီနှစ်ခုစလုံးက ၅၅ လက်မ OLED များ ထုတ်ရန်ကြေညာထားခဲ့သည်။ သို့သော်လည်း အယ်လ်ဂျီက ပထမဆုံးထွက်ရှိလာခြင်းဖြစ်သည်။ ၎င်းတီဗွီတစ်လုံးလျှင် ကိုရီးယားဝမ် ၁၁ သန်း (အမေရိကန် ဒေါ်လာ ၁၀၃၀၀) ဖြင့်ရောင်းချမည်ဟု သိရသည်။

ပါကစ္စတန်စစ်သွေးကြွခေါင်းဆောင် မူလာနာဇာတိုက်ခိုက်မှုကြောင့် သေဆုံး

ပါလက်စတိုင်းထိပ်တန်း စစ်သွေးကြွခေါင်းဆောင် မူလာနာဇာသည် ပါကစ္စတန်နိုင်ငံ၌ အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း ဇန်နဝါရီ ၃ ရက်က ဒေသဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် ဘီဘီစီက ဖော်ပြသည်။

အဆိုပါ စစ်သွေးကြွခေါင်းဆောင်သည် တောင်ဝဇီရစ္စတန် အနောက်မြောက်ပိုင်း လူမျိုးစုဒေသ၌ ဒုံးကျည်နှစ်လုံးဖြင့် တိုက်ခိုက်ခံရစဉ် တိုက်ခိုက်ရေးသမားငါးဦးနှင့်အတူ သေဆုံးခဲ့ရသည်ဟု ၎င်းတို့က ပြောကြားသည်။ ၎င်းသည် အာဖဂန်တာလီဘန်များနှင့် အစိုးရလိုလားသော နိုင်ငံခြားတပ်များကို တိုက်ခိုက်ရန် တိုက်ခိုက်ရေးသမားများ စေလွှတ်နေသူဟူ၍လည်း စွပ်စွဲခံထားရသူဖြစ်သည်။

နယူးဒေလီတွင် ရဲမေများ ပိုမိုတာဝန်ချထားမည်

အိန္ဒိယနိုင်ငံ နယူးဒေလီ၌ ဂိုဏ်းတစ်ဂိုဏ်းက လွန်ခဲ့သောလတွင် အကြမ်းဖက်ခဲ့ပြီးနောက် နယူးဒေလီမြို့အတွက် ရဲမေများ မကြာမီ စုဆောင်းသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၄ ရက်တွင် ပြောကြားသည်။

လူသတ်သမားနှင့်အတူ အမျိုးသားငါးဦးအား အသက် ၂၃ နှစ်ရှိ ဆေးကျောင်းသူအား ဒဏ်ရာများဖြင့်သေစေမှုဖြင့် တရားစွဲဆိုထားသည်။အိန္ဒိယပြည်ထဲရေးဝန်ကြီး ဆူရှီးကူးမားရှင်းဒိကအမျိုးသမီးများအား အကြမ်းဖက်သည့်ရာဇဝတ်မှုများ ထိန်းချုပ်ရန် တွေ့ဆုံဆွေးနွေးခဲ့ပြီး နယူးဒေလီရှိ ရဲစခန်း ၁၆၆ ခုတွင် ရဲမေများ အချိန်ပြည့်တာဝန်ချထားရန် ဇန်နဝါရီ ၃ ရက် နှောင်းပိုင်းက ကြေညာခဲ့သည်။

မြင့်မောင်စိုး - စုစည်းသည်

သေဆုံးမှု၊ ဒဏ်ရာရမှု၊ ဝမ်းနည်းကြေကွဲမှုများဖြစ်ပေါ်ခဲ့ရသော အိုင်ဗရီကို့စ်နိုင်ငံမှ လူအုပ်စုလိုက်ပြုံတိုးမှု ပြဿနာနောက်ဝယ်....

နှစ်သစ်ကူးကာလ မင်္ဂလာယူရမည့် အချိန်တွင် အာဖရိကတိုက်မှ အိုင်ဗရီကို့စ်နိုင်ငံက ဇန်နဝါရီ ၂ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ သုံးရက်ကြာ အမျိုးသားဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ အဖြစ်ကြေညာလိုက်ရသည်။ ဇန်နဝါရီ ၂ ရက်က စတင်သည့် သုံးရက်ကြာ ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့များအတွင်းတွင် အလံများတိုင်ဝက်လွှင့်ထူကြရမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းမှ ပြည်သူများကလည်း ဝမ်းနည်းဖွယ်သေဆုံးသူများကို အောက်မေ့သတိရနေကြမည်ဖြစ်သည်။

အိုင်ဗရီကို့စ်နိုင်ငံ အဘစ်ဂျန်မြို့တော်၌ နှစ်သစ်ကူးအကြိုကာလ မီးရှူးမီးပန်းလွှတ်ပွဲတော်အတွင်း လူအုပ်စုလိုက်ပြုံတိုးခြင်းကြောင့် အနည်းဆုံး ၆၁ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

ရွှေ့ဆိုင်းလိုက်ရ

တကယ်တော့ သုံးရက်ကြာ ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ စတင်သည့် ဇန်နဝါရီ ၂ ရက် (ဗုဒ္ဓဟူးနေ့)သည် မြို့တော် အဘစ်ဂျန်၌ နှစ်သစ်ကူး အခမ်းအနားကျင်းပနေရမည့် အချိန်ဖြစ်သည်။ နှစ်သစ်ကူးအခမ်းအနားသို့လူထုလူတန်းစားအုပ်စုဝင်များ၊ အစိုးရအဖွဲ့ဝင်များ၊ သံတမန်များ၊ လက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များ စုရုံးတက်ရောက်သည့် ထုံးစံရှိသည်။ ယခုနှစ်တွင် နှစ်သစ်ကူးအခမ်းအနားကို ရွှေ့ဆိုင်းလိုက်ရသည်။

၂၀၁၂ ခုနှစ်ကို အိုင်ဗရီကို့စ်နိုင်ငံက နှစ်သစ်ကူးအကြိုကာလ မီးရှူးမီးပန်းလွှတ်ပွဲတော်အတွင်း လူအုပ်စုလိုက်ပြုံတိုးမှုကြောင့် ၆၁ ဦးသေဆုံးကာ ၂၀၀ကျော်ဒဏ်ရာရမှုကြောင့် ဝမ်းနည်းခြင်းဖြင့် အဆုံးသတ်ခဲ့ရသည်။

အဘစ်ဂျန်မြို့ အရှေ့ပိုင်း ကိုဘိုဒီဆေးရုံသို့ တက်ရောက်ကုသခံယူနေသူ ဒဏ်ရာရလူနာ ၂၀၀ ကျော်ထံ အိုင်ဗရီကို့စ်သမ္မတ အလက်ဝိန်းအူတာရာ ကိုယ်တိုင်သွားရောက်ကြည့်ရှုအားပေးသည်။ ထိုဝမ်းနည်းဖွယ်ဖြစ်ရပ်၏ အကြောင်းရင်းကို ချက်ချင်းစုံစမ်းစစ်ဆေးရန် အမိန့်ပေးလိုက်သည်။

သတ်မှတ်ကြေညာ

ဒဏ်ရာရသူများအား အစိုးရကအသေအချာ ဆက်လက်ဆေးဝါး ကုသပေးရန်လည်း သမ္မတ အလက်ဝိန်းအူတာရာက အမိန့်ထုတ်လိုက်သည့်အပြင် ဇန်နဝါရီ ၂ ရက်က စတင်ကာ သုံးရက်ကြာဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့များအဖြစ် သတ်မှတ်ကြေညာလိုက်ခြင်းဖြစ်သည်။

အိုင်ဗရီကို့စ်နိုင်ငံ အဘစ်ဂျန်မြို့တော်၏ ပလာတိုးအုပ်ချုပ်ရေးခရိုင်တွင် စည်ကားသိုက်မြိုက်သည့် နှစ်သစ်ကူးအကြို မီးရှူး မီးပန်းပွဲတော်သို့ အရပ်ရှစ်မျက်နှာမှ ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်မှာ နှစ်စဉ်နှစ် တိုင်းလိုပင် တိုးမပေါက်အောင် ရှိသည်။ ပြည်ထဲရေးဝန်ကြီး ဟာမက်ဘာကာယိုကို၏ ပြောပြချက်အရ လာရောက်အားပေးသူ ၅၀၀၀၀ ကျော်ရှိသည်ဟုဆိုသည်။ တစ်စတစ်စ စုရုံးရောက်ရှိများပြားလာသောလူထုကြီးမှာ မီးရှူးမီးပန်းရောင်စုံတို့ကို ငေးမောကြည့်ရှုစဉ်က ထိုမျှများပြားပွတ်ကျပ်သည်ကို သတိပင်ပြုနိုင်အားကြသည်မဟုတ်။ သို့သော် မီးပန်းပွဲတော်ပြီးဆုံးသဖြင့် ၌ာနေသို့ ပြန်ကြရန် တာစူလိုက်သည်နှင့်အမျှ သူ့ထက်ငါ အပြိုင်တိုးဝှေ့ကြသဖြင့် လဲသူကွဲသူများ ပြန်မထနိုင်တော့ဘဲ ဒဏ်ရာရ၊ သေဆုံးကြရမှုများ နှင့်ကြုံရသည်။ သေဆုံးဒဏ်ရာရသူများအနက် အသက် ၁၁ နှစ်မှ ၁၅ နှစ် အတွင်း မြီးကောင်ပေါက် ဆယ်ကျော်သက်များ အများအပြားပါဝင်သည်။ ဒဏ်ရာရသူများထံသို့သွားရောက်မေးမြန်း အားပေးသူများတွင် အဘစ်ဂျန်မြို့တော်ဝန် ရောဘတ်ဘီဂါမစ်ပါဝင်သည်။ သူသည် ထိုနှစ်သစ်ကူးအကြို မီးရှူးမီးပန်းပွဲတော်ကို ဦးစီးပြုလုပ်သူဖြစ်သည်။ လူစုလူဝေးဖြင့် စုရုံးရောက်ရှိသည့် နေရာမျိုးတွင် လူအုပ်စုလိုက် ပြုံတိုးသည့် အဖြစ်သည် မကြာခဏ ကြုံရတတ်သည်။ ထိုသို့ ဖြစ်လာ၊ ကြုံလာပြန်လျှင်လည်း အသေအပျောက်မရှိသော်မှ ထိခိုက်ဒဏ်ရာရမှုများရှိတတ်သည်ဖြစ်ရာ များစွာသတိထားစရာဖြစ်လာသည်။

အများအပြားဒဏ်ရာရ

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက် (တနင်္လာနေ့)ကလည်း အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် ဟိန္ဒူဘာသာရေးပွဲတော်ကျင်းပခိုက် ဂင်္ဂါမြစ်မှ တံတားတစ်စင်း၌ လူအုပ်စုလိုက်ပြုံတိုးခဲ့ကြခြင်းကြောင့် ၂၀ သေဆုံးပြီး အများအပြားဒဏ်ရာရသည့်အဖြစ်နှင့် ကြုံခဲ့ရသည်။ အလားတူပင် အာဖရိကတိုက် မဒါဂတ်စကာနိုင်ငံ အင်တနာနာရီဗိုမြို့တော်နှင့် ၂၀၁၂ ခုနှစ် ဇူလိုင် ၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေက အာဖရိက ရပ်ဘီဖလားအကြိုဗိုလ်လုပွဲ ကျင်းပစဉ်ကလည်း လူအုပ်စုလိုက်ပြုံတိုးခြင်းကြောင့် ကလေးသူငယ် ငါးဦးအပါအဝင် ၂၁ ဦး ဒဏ်ရာရရှိခဲ့ရသည်။

အဘစ်ဂျန်မြို့တော်၏ စည်ကား သိုက်မြိုက်သည့် နှစ်သစ်ကူးအကြို မီးရှူးမီးပန်းပွဲတော်သို့ ပြည်သူများ လာရောက် ကြည့်ရှုအားပေးကြသည်မှာ နှစ်စဉ်နှစ်တိုင်းလိုပင် တိုးမပေါက်အောင်ရှိသည်။

တိုး - ရေးသားသည်

ဆေးလိပ်ဖြတ်ခြင်းဖြင့် စိုးရိမ်ကြောင့်ကြစိတ်များ လျော့ကျစေနိုင်

ဆေးလိပ်သောက်ခြင်းကြောင့် စိတ်ညစ်စိတ်ဖိစီးမှုများ သက်သာစေသည်ဟု ယုံကြည်ကြလင့်ကစား အမှန်တကယ် ဆေးလိပ်ဖြတ်လိုက်နိုင်သူများမှာ စိုးရိမ်သောကစိတ်များ နောက်ပိုင်းတွင် တဖြည်းဖြည်းလျော့ပါးလာစေသည်ဟု သုတေသနပညာရှင်များက ဆိုသည်။

အင်္ဂလန်နိုင်ငံတစ်ဝန်းရှိ ဆေးလိပ်ဖြတ်ဆေးကုသဆောင်များတွင် တက်ရောက်နေသည့် ဆေးလိပ်သောက်သူ ၅၀၀ နီးပါးကို ဗြိတိန်စိတ္တဗေဒဂျာနယ်မှ ပညာရှင်များက သုတေသနပြုကာ ပြောကြားခြင်းဖြစ်သည်။

တွေ့ရှိ

ဆေးလိပ်ဖြတ်နိုင်ခဲ့သူ ၆၈ ဦးတွင် စိုးရိမ်ကြောင့်ကြဗျာပါဒစိတ်များ အတိအကျလျော့ပါးသက်သာလာသည်ကို ခြောက်လအတောအတွင်း တွေ့ရှိရသည်ဟု ၎င်းတို့က ဆိုသည်။

ဆေးလိပ်သောက်ကာ စိတ်ဖြေဖျောက်မှုရှာသည်ထက် စိတ်မတည်မငြိမ်ဖြစ်နေသူများ ဆေးလိပ်ဖြတ်လိုက်နိုင်ပါက ထိုဝေဒနာတို့မှ သက်သာလျော့ပါးစေသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သုတေသနအဖွဲ့က ပြောကြားခဲ့သည်။ စိတ်ညစ်စိတ်ရှုပ်ထွေးမှုများ လျော့ပါးစေရန် ဆေးလိပ်သောက်ရခြင်းဖြစ်သည်ဟူသော အခြေအမြစ်မရှိသည့် ယုံကြည်မှုကို ယခု သုတေသနပြုချက်ကပယ်ပယ်ပြီး ဆေးလိပ်သောက်သူများအတွက် စိုးရိမ်သောကများပြေလျော့စေရန်မှာ ဆေးလိပ်ဖြတ်လိုက်ရန်သာရှိသည်ဟု ၎င်းတို့သုတေသနအဖွဲ့က ပြောကြားသွားခဲ့သည်။

ဖော်ပြ

ဗြိတိန်အစိုးရက ဆေးလိပ်ဆေးရွက် ဆန့်ကျင်ရေးလှုပ်ရှားမှုတစ်ရပ်အနေဖြင့် စီးကရက်တစ်လိပ်တွင် ကင်ဆာကျိတ်များကြီးထွားဖြစ်ပေါ်နေသည့် ဂရပ်ဖစ်ဓာတ်ပုံကိုထုတ်ပြန်ခဲ့ပြီးနောက် ဆေးလိပ်သောက်သူများစွာတို့ နှစ်သစ်ကူးသန္နိဋ္ဌာန်အဖြစ် ဆေးလိပ်ဖြတ်ရန် ကြိုးစားလာကြကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

မောင်သံဆင့် - ရေးသားသည်

Skyfall ဇာတ်ကား PGA ဆုစာရင်းတွင် တစ်ပြေးလျက်ရှိ

နောက်ဆုံးထွက်ရှိသည့် ဂျိမ်းစ်ဘွန်း ဇာတ်ကား Skyfall ရုပ်ရှင်ကားကို အမေရိက ရုပ်ရှင်ထုတ်လုပ်သူများအဖွဲ့ (PGA) ဆုချီးမြှင့်ပွဲတွင် အမြင့်ဆုံးဆု အမည်စာရင်း တင်သွင်းခံခဲ့ရသည့်အတွက် ပထမဆုံး ဆုရွေးချယ်စာရင်းဝင် ဂျိမ်းစ်ဘွန်းဇာတ်ကားတစ်ကား ဖြစ်ခဲ့သည်။

သမိုင်းကြောင်း

PGAဆု လျာထားအမည်စာရင်းတွင် စတီဗင်စပီးဘတ်ဂ်၏ Lincoln ဇာတ်ကားသည်လည်း ထိပ်တန်း ၁၀ စာရင်းတွင် ပါဝင်နေသည်။ PGA ဆုဆွတ်ခူးနိုင်ခဲ့သည့် ရုပ်ရှင်ကားများသည် အော်စကာဆုတွင်လည်း အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား ဆုများဆွတ်ခူးသွားနိုင်ခဲ့သည့် သမိုင်းကြောင်းများစွာရှိခဲ့ကြောင်း သိရပါသည်။

ပြီးခဲ့သည့် ၂၃ နှစ်အတွင်း PGA ဆုရရှိခဲ့သည့် ရုပ်ရှင်ဇာတ်ကားများ အော်စကာဆု ထပ်ဆင့်ဆွတ်ခူးနိုင်ခဲ့မှု (၁၆) ကြိမ်တိုင်ရှိပါသည်။

နာမည်လျာထား

အီရန်ဓားစာခံအကြောင်း ဇာတ်လမ်းဆင်ထားသည့် ဒရာမာဇာတ်ကားArgo ရုပ်ရှင်ကား ထုတ်လုပ်သူများဖြစ်သည့် မင်းသား ဂျော့ကလူနေးနှင့် ဘင်အက်ဖ်လက်တို့လည်း PGA ဆုအတွက် နာမည်လျာထားခံရသည်။

PGA ဆုချီးမြှင့်ပွဲကို လော့စ်အိန်ဂျလိစ်မြို့တွင် လာမည့်ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပြည်တွင်းသတင်း

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁ / ၂၀၁၃

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိ ဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

(ယမန်နေ့မှအဆက်)

သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒဇောတိ၊ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ အေးသာယာရွာသစ်ကုန်း ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ မန်စီမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တပညာဝရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မချမ်းဘောမြို့၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တကုသလ၊ ဟိုစဲ့မြို့သစ် ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

၄။ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ၊ ပရဟိတမြို့မသာသနာပြုကျောင်းတိုက်၊ ပိုင်ကျုံမြို့နယ်ခွဲ၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်

၅။ ဘဒ္ဒန္တသောဘဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ စံပြရပ်ကွက်၊ မင်းတပ်မြို့၊ ချင်းပြည်နယ်

၆။ ဘဒ္ဒန္တသုမန၊ ထေရဝါဒဗုဒ္ဓသာသနာပြု(တစ်မိုင်)ကျောင်း၊ တလန်လိုရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်

၇။ ဘဒ္ဒန္တစိန္တိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သာယာကုန်းကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဝါယမ၊ တပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ တပ်ဦးကျောင်းတိုက်၊ သရက်ကုန်းရပ်ကွက်၊ မော်လိုက်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တသုန္ဒရ၊ တက္ကသိုလ်မုခ်ဦးထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကိုးမိုင်ရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တသုမနမောဠိ၊ ကျောင်းစုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကျောင်းစုပရိယတ္တိစာသင်တိုက်၊ ကျောင်းစုကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၁။ ဘဒ္ဒန္တထေရိန္ဒ၊ အမှတ်(၁) ပရဟိတဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း၊ သီရိရတနာကျောင်းတိုက်၊ ကျောက်စရစ်ကုန်းကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂။ ဘဒ္ဒန္တဝီရိယ၊ အောင်မင်္ဂလာတိုက်သစ်ကျောင်းတိုက်၊ နဝင်းရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တကေသရ၊ ရွှေမင်းကံကျောင်းတိုက်၊ မင်းကံရွာ၊ ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တသုန္ဒရ၊ ကျောင်းကြီးကျောင်း၊ကျောင်းကြီးကျောင်းတိုက်၊ ရေနံ့သာကျေးရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တခေမာဝံသ၊ လယ်တီဝံသပရဟိတဘုန်းတော်ကြီးသင် ပညာရေး မူလတန်းလွန်ကျောင်း၊ ရတနာမွန်ရပ်ကွက်၊ မိုးကုတ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တဇဝန၊ ပြည်တော်သာကျောင်းတိုက်၊ စဥ့်ကိုင်ကြီးရွာ၊ စဥ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တပညာဒီပ၊ ပရိယတ္တိပါရဂူစာသင်တိုက်၊ ဆပ်သွားအလယ်ရွာ၊ ဂွမြို့နယ်၊ ရခိုင်ပြည်နယ်

၁၈။ ဘဒ္ဒန္တဥတ္တရဝံသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တရဂူရွာဟောင်းကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်

၁၉။ ဘဒ္ဒန္တသုဝရ၊ ရွှေလီမောဝ်ခမ်းကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ် ၆-ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၂၀။ ဘဒ္ဒန္တသောဘိတ၊ လကျီနွဲ့ထေရဝါဒဗုဒ္ဓသာသနာပြုဌာန လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကျောင်း၊ လကျီနွဲ့ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၁။ ဘဒ္ဒန္တခေမိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းတိုက်၊ ဝမ်ပျန်ရပ်ကွက်၊ မိုင်းခတ်မြို့၊ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တဓမ္မိဿရ၊ ဟိုလီကျေးရွာသာသနာပြုကျောင်းတိုက်၊ ကွမ်းလုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၃။ ဘဒ္ဒန္တမာယိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နန်ကော်ရွာ၊ လောက်ကိုင်မြို့နယ်၊ ရှမ်းပြည်နယ်

၂၄။ ဘဒ္ဒန္တဂန္ဓဗ္ဗ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဗဟိုသာသနာပြုဌာန၊ ပန်ဆိုင်း(ကြူကုတ်)မြို့နယ်ခွဲ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်

၂၅။ ဘဒ္ဒန္တပညာဒီပ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ (၆)မိုင်ကျေးရွာ၊ မိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၂၆။ Rev. Taegong, Song Wolju (ဆရာတော် တေးဂွန်ဆောင်ဝိုဇူ)၊ # 39 Gumsanri, Gumsanmyun, Kimjesi, Jeollabukdo Geumsansa Temple, ဆိုးလ်မြို့၊ ကိုရီးယားသမ္မတနိုင်ငံ

၂၇။ ဘဒ္ဒန္တဇဋိလ၊ အပြည်ပြည်ဆိုင်ရာဗုဒ္ဓပရိယတ္တိဥဒယဝိဟာရကျောင်းတိုက်၊ ဘူတဝါလ်မြို့၊ နီပေါနိုင်ငံ

၂၈။ ဘဒ္ဒန္တဝိသုဒ္ဓိဉာဏ၊ ဗောဓိပရိယတ္တိစာသင်တိုက်၊ ဟော်ခမ်းကျောင်း၊ ပန်ပုံရပ်ကွက်၊ ရွှေလီမြို့၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

သီလရှင်ဆရာကြီးများ

၂၉။ ဒေါ်ထေရညာဏီ၊ မဟာဓမ္မဝိဟာရီသီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်း၊ လောဓမ္မရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၃၀။ ဒေါ်ကုန္ဒသိင်္ဂီ၊ အမှတ် (၂၅) ရတနာသိင်္ဂီ (ပရဟိတ) သီလရှင်သင်ပညာရေးကျောင်း၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

လူပုဂ္ဂိုလ်များ

၃၁။ ဦးစီပို့ (ခ) ဦးစုဖူး၊ အိမ်အမှတ် (ည-၆၇)၊ နယ်မြေ (၁၈)၊ ရွှေကူရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၃၂။ ဦးစိုးသိန်း၊ အမှတ် (၂၀၆)၊ သံသုမာလမ်းနှင့် စရည်းပင်လမ်းထောင့်၊ (၂၃) ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ဒေါ်ခင်သန္တာဦး၊ အမှတ် (၁၁၀)၊ သစ်ယာပင်လမ်း၊ (၂၃) ရပ်ကွက်၊ သုဝဏ္ဏမြို့၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်

၃၄။ ဒေါ်ဇင်ခိုင်၊ အခန်း (၂၀၁)၊ အမှတ် (D)၊ မြောက်ဘက်အဆောက်အအုံလမ်း၊ ပေကျင်းနိုင်ငံခြားဘာသာ တက္ကသိုလ်ရပ်ကွက်၊ ပေကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဝိသုဒ္ဓဉာဏ၊ ပြည်တော်အေးဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ ရွှေဟင်္သာရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တသုတာစာရ၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရွာမရပ်ကွက်၊ နတ္တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဒေဝိန္ဒာဘာသာဘိဝံသ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ သပြေပင်ကျောင်း၊ ဘောဂဝတီရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တဉာဏောဘာသ၊ ရွှေနံ့သာပရိယတ္တိမိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဘဒ္ဒန္တသူရိယ၊ မဟာစည်သာသနာ့ရိပ်သာကမ္မဋ္ဌာန်းတောရကျောင်း၊ နမ့်တီးကျေးရွာ၊ နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်

ပြည်ပဘွဲ့ခံဆရာတော်ကြီး

၆။ ဘဒ္ဒန္တနန္ဒသိရီ ဥရောပထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ ပါရီမြို့၊ ပြင်သစ်နိုင်ငံ

မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒောသာရ အောင်မင်္ဂလာမိုးကုတ်ရိပ်သာကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ် (၄၃)၊ အမှတ် (၁၃)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး

၂။ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ ပဋိပတ္တိမဟာဌာနမှူး၊ ပရိပတ္တိမဟာဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ် (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဝိရောစန၊ ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက်၊ ပုန်းထွန်ရပ်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

၄။ ဘဒ္ဒန္တသုခမိန္ဒ၊ လွယ်တိန်ခမ်းကျောင်းတိုက်၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်

ပြည်ပဘွဲ့ခံဆရာတော်ကြီး

၅။ ဘဒ္ဒန္တရာဇိန္ဒ၊ သတိပဋ္ဌာန်ရိပ်သာကျောင်းတိုက်၊ No.40, Jalan Malu Malu Semberwang, စင်ကာပူနိုင်ငံ

ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကစ္စာယန၊ စံပယ်ရုံမိုးကုတ်ဝိပဿနာရိပ်သာ၊ မာရ်အောင် ကျောင်းတိုက်၊ ပြည်ကြီးမျက်မှန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တမဏိဇောတသိရီ၊ ဗုဒ္ဓအေးရိပ်သာတေဇစက္ကီဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်၊ မြဟေဝန်လမ်း၊ မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်

၃။ ဘဒ္ဒန္တကဝိဇေ မဖ္ဖိမာရာမမန်ကန် (မဟာစည်သာသနာ့ရိပ်သာ)၊ (မန်ကန်) စယ်လန့်စုစည်းကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်

၄။ ဘဒ္ဒန္တပညာစာရ၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ စာရေးကုန်းရပ်ကွက်၊ ဝါးခယ်မမြို့၊ ဧရာဝတီတိုင်းဒေသကြီး

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၅။ ဘဒ္ဒန္တဝိသုဒ္ဓိခီရဉာဏ၊ ဝတ့်ဆမ်ငမ့်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ပန်ပိုးထောင်းမြို့၊ ထိုင်းနိုင်ငံ

၆။ Ven. Bhikkhu Chandapalo (အရှင်စန္ဒပါလော)၊ Santacittarama ကျောင်း၊ Frasso Sabino မြို့၊ အီတလီနိုင်ငံ

အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်

၁။ Mr. Tongariodjo Angkasa (မစ္စတာ တွန်ဂါရီယိုဂျို အန်ကာစာ)၊ JI. Sumoto, No.(201,203,205), Medan (2012)၊ ဆူမားတြားကျွန်း၊ အင်ဒိုနီးရှားနိုင်ငံ

အဂ္ဂမဟာသိရီသုဓမ္မသင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်အေးအေးချို၊ အမှတ်(၄)၊ ထိန်ကန်ရပ်ကွက်၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဒေါ်မြရင်၊ အမှတ်(၆/က)၊ အင်းလျားရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဒေါ်နန်းမောက်လောဝ်ဆိုင်၊ အမှတ်(၁၅၂/၁၅၄)၊ ၁၉(အပေါ်လမ်း)၊ (၄) ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးစိုးနိုင်၊ ဒေါင်းမကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဦးတိုးတိုးအောင်၊ အမှတ်(၂)၊ ဗိုလ်ချုပ်လမ်း၊ ကျောင်းမြောက်ရပ်ကွက်၊ မော်လိုက်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဦးနန္ဒ၊ အမှတ်(၁)၊ မြို့မရပ်၊ အနော်ရထာလမ်း၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၄။ ဦးကျော်ဝင်း၊ အမှတ် (၆၅၃/၁၆)၊ ရှမ်းပွဲရွှေဘုန်းရှိန်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါက်တာလှဝင်းအောင်၊ အမှတ် (၆၉)၊ အခန်းအမှတ်(၅၀၇)၊ ယုဇနကွန်ဒိုတာဝါ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သီဟသုဓမ္မသင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါက်တာနီလာသိန်း၊ အမှတ် စီ-၂(၃၄၆)၊ ကန်သာ (၁၄)လမ်း၊ ကန်သာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၂။ ဒေါ်ခင်ရှိန်၊ အမှတ်(၂၃၅)၊ ဝါးတန်းလမ်း၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၃။ ဒေါ်ခင်လှသင်း၊ အမှတ် (ခ/၃၆)၊ ၈၃×၂၀ လမ်း၊ ပုလဲငွေရောင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်ငြိမ်းငြိမ်း(ခ) ဒေါ်ငြိမ်းငြိမ်းနိုင်၊ အမှတ် (၄၅/၄၆)၊ ၆၈ လမ်း၊ ခိုင်ရွှေဝါလမ်းကြားနှင့် မနော်ဟရီလမ်းကြား၊ ဆ-၁၂ ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်ခင်ခင်စိန်၊ အမှတ် (၂၅/အီး)၊ "စိန်ဂေဟာ " သီရိမင်္ဂလာရိပ်သာ၊ အမှတ် (၇)ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဒေါ်ခင်လှဲ့လှဲ့ဝင်း(ခ) ဒေါ်လှဲ့လှဲ့ဝင်း၊ အမှတ် (၂၇/က)၊ ဖိုးစိန်လမ်း၊ ဗိုလ်ချို (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဒေါ်ဥမ္မာမြင့်၊ အခန်း(A-2)၊ တိုက်အမှတ်(၅၀၆)၊ ၃၉ လမ်းနှင့် ကုန်သည်လမ်းထောင့် (အောက်ဘလောက်)၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဒေါ်စန္ဒာဝင်း၊ အမှတ် (W-66)၊ သီရိမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်း၊ (၁၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးကျောက်ခဲ၊ အမှတ်၊ တမန(၁၇၉)၊ အောင်မင်္ဂလာလမ်း၊ တမာမြိုင်ရပ်ကွက်၊ ချောင်းဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဦးမောင်ယု၊ အောင်မြင့်မိုရ်ရေခဲစက်၊ ရိပ်သာလမ်း၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၃။ ဦးထွန်းနိုင်ဦး၊ အမှတ် (၃၃)၊ ဗိုလ်ချုပ်လမ်း၊ အနောက်ရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၄။ ဦးညိုဝင်း၊ အမှတ်-၂၆၅၊ ၃၃×၈၄ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဦးရွှေမော်၊ အမှတ်(၁၈)၊ ၄၅လမ်း၊ ၈၁×၈၂ လမ်းကြား၊ ရွှေဘုန်းရှိန်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဦးချစ်စိန်၊ အမှတ်-၄၆၊ မောင်ကလေးလမ်း၊ အရှေ့ရှမ်းကုန်းရပ်၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၇။ ဦးလှထွန်း၊ အမှတ်-၅၄၁၊ အောက်လမ်းမကြီး၊ သိမ်ကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၈။ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)၊ အမှတ် (၃၉/ဘီ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဦးသန်းဝင်း၊အမှတ်(အေ/၃၉)၊ နောင်ရိုးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဦးတင်စိန် (ခ) ဦးနီနီ၊ အမှတ် (ခ/၂)၊ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဦးမျိုးညွန့်၊ အမှတ် (၄၀၁/၄၁၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၅)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုဓမ္မသင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်စိန်မြင့် (ခ) ဒေါ်ညွန့်ဝေ၊ အမှတ်(၁၅/၁)လမ်း၊ မြို့မရပ်ကွက်၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး

၂။ ဒေါ်အေးအေး(ခ) ဒေါ်သန်းသန်းအေး၊ သူဌေးကုန်းရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃။ ဒေါ်အုန်း(ခ) ဒေါ်တင်အုန်း၊ အမှတ် (၁၂၇/၁) ၊ ၂၉ လမ်း၊ ၈၁×၈၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်စန်းစန်းဝေ (ခ) ဒေါ်စန်းဝေ၊ အမှတ် (၄၁)၊ ၇၃ လမ်း၊ ၂၇×၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်နီနီမြင့်၊ အမှတ် (ခ- ၉/ ၅၀-၅၉)၊ ၄၂ × ၄၃ လမ်းနှင့် ၆၅ × ၆၆ လမ်းကြား၊ မဟာမြိုင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်သိန်းသိန်းနိုင်၊ (ဟ-၁၁)၊ အမှတ် (၄၅/၄၆)၊ ၆၂ လမ်း၊ (ခ) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဒေါ်ပြုံးသဇင်၊ အမှတ် (၁၇)၊ ဝင်ဆာဂါးဒင်း၊ ရှင်စောပုလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဒေါ်စန်းစန်းနွဲ့၊ အမှတ် (၃၆/စီ)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊ အမှတ်(၁၀) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဒေါ်ခင်ဆွေလှဲ့၊ အမှတ် (၁၀၂)၊ မြကန်သာလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါ်ရီရီမြင့်၊ အမှတ် (၁၀)၊ (၈)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါ်တင်တင်အေး၊ အမှတ် (၂၂-က)၊ ဗောဓိရိပ်သာလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်မြသီတာ(ခ) ဒေါက်တာမြသီတာဆွေတင်၊ အမှတ်(၃၃)၊ နဝဒေးလမ်းနှင့် ဗိုလ်ရာညွန့်လမ်းထောင့်၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါ်နန်းတိုးတိုးရွှေ၊ အခန်း (၀၀၂)၊ တိုက် (၄)၊ သာယာကုန်းလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါ်မာလာမြင့်၊ အမှတ်(၆၁-ဘီ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား၊ (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဒေါ်ချိုသာခင်၊ အမှတ်(၁၈/စီ)၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဒေါ်နွေးနွေး၊ အိမ်အမှတ်(ကမတ/၃၀၅)၊ မြို့ပတ်လမ်း၊ ကောင်းမူးတုံရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်

(ပုံ)
သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား အီရန်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား မြန်မာနိုင်ငံဆိုင်ရာ အီရန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Hossein Kamalian သည် ယနေ့ မွန်းတည့်၁၂နာရီတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ရခိုင်ပြည်နယ်ရှိ နှစ်ဖက် လူ့အဖွဲ့အစည်းအတွက် လူမျိုးဘာသာမခွဲခြားဘဲ လူသားချင်းစာနာသည့် အထောက်အပံ့များ ပေးအပ်ရေး၊ ရခိုင်ပြည်နယ်အတွင်း ပြည်ထောင်စုအစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့အစည်းများ၏ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ၊ အဆိုပါဒေသရှိပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အီရန်နိုင်ငံမှ ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းအတွက် ယာယီတဲအလုံး ၂၅၀၊ အလူမီနီယံ မီးဖိုချောင်သုံးပစ္စည်းအစုံ ၂၅၀၊ စောင်အထည် ၁၀၀၀ နှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ စုစုပေါင်း ၂၃ တန်ကို ဇန်နဝါရီ ဒုတိယပတ်တွင် သွားရောက်လှူဒါန်းမည်ဖြစ်ပြီး စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ သန်းခန့် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးဖွင့်

မင်းတပ် ဇန်နဝါရီ ၄

ချင်းပြည်နယ် မင်းတပ်ခရိုင် အတွင်းရှိ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်ပြီး ညဏ်ရည်တိုးမြှင့်ကာ ဆင်းရဲမှုလျှော့ချရေး ဦးတည်လျက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက မင်းတပ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ၄င်းရုံးရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ချင်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီး ဦးနိုန်နိုင်း၊ ငါးလုပ်ငန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် ဦးကျော်မင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အုံ့မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဆက်လက်၍ ရုံးခန်းမ၌ ဝန်ကြီး ဦးနိုန်နိုင်းက အမှာစကားပြောကြားပြီး ပြည်နယ်ဦးစီးဌာနမှူးက ငါးမွေးမြူခြင်း အကျိုးကျေးဇူးများ၊ တောင်သူများအား ထိရောက်စွာ အကျိုးပြုပုံများကို အကျယ်တဝင့် ရှင်းလင်းသည်။

အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများအပါအဝင် အင်အား ၈၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စစ်ကိုင်းတိုင်းဒေသကြီး၌ ထောက်ပံ့ပစ္စည်းပေးအပ်

စစ်ကိုင်း ဇန်နဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစန်းကိုသည် ဒီဇင်ဘာ ၂၁ ရက်ကစစ်ကိုင်းတိုင်းခရိုင်တရားရုံး၌ ကျင်းပသည့် ဝန်ထမ်းများအား သက်သာချောင်ချိရေးအတွက် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ပွဲသို့ တက်ရောက်ခဲ့ပြီး စစ်ကိုင်းခရိုင်နှင့် မြို့နယ်တရားရုံးများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်ခဲ့သည်။ ထို့နောက် ဝန်ထမ်းများအား လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနှင့် ရိုးသားဖြောင့်မှန်သည့် ဝန်ထမ်းကောင်းများဖြစ်ရေး၊ အမှုသည်များ၊ ရှေ့နေများနှင့် ဆက်ဆံရာတွင် သိမ်မွေ့စွာ ဆက်ဆံရန်၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများကို လိုက်နာရန်၊ ပြည်သူများ ယုံကြည်ကိုးစားသည့် တရားရုံးများ ဖြစ်လာစေရေး ဆောင်ရွက်ကြရန်မှာကြားခဲ့သည်။

ယင်းအခမ်းအနားတွင် စစ်ကိုင်းခရိုင် တရားသူကြီး ဒေါ်ခင်လှကြည်နှင့် စစ်ကိုင်းမြို့နယ် တရားသူကြီး ဒေါ်ခင်ပြုံးရီတို့ကလည်း သက်ပြည့်အငြိမ်းစားယူသည့် ခရိုင်နှင့် မြို့နယ်တရားရုံးမှ ဝန်ထမ်း၁၃၇ဦးအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။ **(၁၃၇)**

နှမ်းစိုက်တောင်သူများ ရိတ်သိမ်းကြပြီ

စစ်ကိုင်း ဇန်နဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်းရှိ နှမ်းစိုက်ပျိုးသည့် တောင်သူများသည် ဒီဇင်ဘာလကုန်ပိုင်းက နှမ်းများကို စတင်ရိတ်သိမ်းကြပြီဖြစ်ကြောင်း သိရသည်။

"မိုးရာသီကုန် ဆောင်းအဝင်မှာ စိုက်ပျိုးခဲ့တဲ့ နှမ်းတွေကို ရိတ်သိမ်းနေကြပါပြီ။ အခုလောလောဆယ် နှမ်းတွေက နေပြထားတာ မခြောက်သေးဘူးဆိုတော့ နှမ်းဝယ်သူတွေ မလာကြသေးဘူး။ မိုးခေါင်တဲ့နှစ်ဆိုတော့ ကျွန်တော်တို့နှမ်းစိုက်တောင်သူတွေ တွက်ခြေကိုက်ပါတယ်။ နှမ်းက ဒီနှစ်မှာ စိုက်သလောက်ဖြစ်ထွန်းပါတယ်" ဟု အင်းတော်မြို့နယ် မော်တိတ်အုပ်စု ရွာသာယာမှ နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

အများအပြားရိတ်သိမ်း

မိုးရာသီကုန် ဆောင်းအဝင်မှာ စိုက်ပျိုးခဲ့သည့် အစောပိုင်းနှမ်းစိုက်တောင်သူများသည် ၂၀၁၂ ခုနှစ်ကုန် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းနေကြပြီဖြစ်ပြီး ၂၀၁၃ ဇန်နဝါရီလအတွင်းတွင် အများအပြား ရိတ်သိမ်းကြမည်ဖြစ်ကြောင်း သိရသည်။

"အစောပိုင်းနှမ်းစိုက်တောင်သူတွေဟာ ဇန်နဝါရီမှာ ဖြိုင်ဖြိုင်ရိတ်သိမ်းလာကြမှာပါ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ နှမ်းစိုက်တဲ့အခါမှာ တော်သလင်းလဆန်းပိုင်းက စစိုက်တာဆိုတော့ အခု နတ်တော်လမှာ ရိတ်သိမ်းနေကြပါပြီ။ ဖေဖော်ဝါရီလလောက်မှာ အဝယ်လိုက်လာကြမှာပါ"ဟု အင်းတော်မြို့နယ် တုံးပုရွာမှ နှမ်းစိုက်တောင်သူတစ်ဦးက ရှင်းပြခဲ့သည်။

"ကျွန်တော်တို့ဒေသမှာ ဆောင်းသီးနှံ နောက်ကျစိုက်တဲ့ နှမ်းတွေလည်း ရှိသေးတယ်။ အဲဒီနှမ်းတွေကိုတော့ တပေါင်း၊ တန်ခူးလလောက်မှ ရိတ်သိမ်းကြရမှာပါ။ ဒီနှစ် အင်းတော်မြို့နယ်မှာ နှမ်းစိုက်ပျိုးတဲ့ ဧက စုစုပေါင်း ၁၀၁၉၃ ဧက ရှိပါတယ်" ဟု အင်းတော်မြို့မှ သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **လေပွေနီ(အင်းတော်)**

တာပေမြင့်မှ လူမျိုးတင့်မည်

ဆောင်းလေသွေးသွေး ချမ်းအေးအေးဖြင့် ဖြည်းဖြည်းနှင့်မှန်မှန် လည်ပတ်နေသော ရခိုင်ပြည်နယ် ငါးခြောက်ဈေးကွက်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
လေးဝတီ-ထွန်းစောခိုင်

မြောက်ပြန်လေအေး ဆော်ကာ သွေးသော ဟေမန္တဆောင်းကာလ ရောက်ခဲ့လေပြီ။ ကစ္ဆပနဒီ(ကုလားတန်) မြစ်ဖျားမှ တိုက်ခတ်လာသော ဆောင်းလေအေးကြောင့် မြစ်ဝကမ်းခြေရှိ စစ်တွေ ငါးခြောက်ဈေးကွက်တွင် နေမွန်းတည့်ချိန်တိုင်အောင် ချမ်းစိမ့်စိမ့်ရှိလှသည်။ စစ်တွေငါးခြောက်ဈေးကွက်သည် ရခိုင်ပြည်နယ်၏ အဓိကငါးခြောက်ဈေးကွက်ဖြစ်သည်။ ဤဈေးကွက်တွင် နယ်မြို့နယ်များမှ ရောက်ရှိလာသော ငါးခြောက်အကြီး၊ အသေးများကို ရိုးမအရှေ့ဘက်သို့လည်းကောင်း၊ ပြည်ပအထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လည်းကောင်း တင်ပို့ရောင်းချလျက်ရှိသည်။

ဈေးမှန်မှန်နှင့်ဖြည်းဖြည်း

ပွင့်လင်းရာသီသို့ ရောက်ရှိလာသော်လည်း ယခုနှစ်တွင် စစ်တွေဈေးကွက်သို့ ငါးခြောက်များအဝင်ဖြည်းဖြည်းမှန်မှန်ရှိသည်။ ယခင်နှစ်များကကဲ့သို့ သဲကြီးမဲကြီး ဝင်ရောက်ခြင်းမရှိချေ။ ရာသီဥတုပြောင်းလဲမှုကြောင့်လည်းကောင်း၊ ဒေသအခြေအနေအရလည်းကောင်း ဤသို့ဖြစ်နေကြောင်း သိရသည်။

"ဒီနှစ်ငါးဈေးကတော့ အကျဘက်လည်းမရှိပါဘူး။ အတက်ဘက်ဆိုရင်လည်း ဒီအတိုင်းပါပဲ။ ဈေးကတင်လို့မရဘူး။ ဒီလိုပဲဈေးမှန်မှန်နဲ့ လည်ပတ်နေတာပါ။ ငါးအဝင်ကတော့ အခင်နှစ်ကနဲ့ နှိုင်းယှဉ်ပြောရရင် အဝင်နည်းတယ်လို့ ပြောရမှာပါ။ ကျွန်တော်တို့ကတော့ ကိုယ့်ပွဲရုံကိုလာတဲ့သူတွေကို ဈေးကောင်းရစေချင်တာပါ။ ဒါပေမယ့် ဈေးကအေးနေတော့ သူတို့တစ်တွေလည်း ငါးခြောက်ရသလောက် ဈေးမရနိုင်ဘူးပေါ့"ဟု စစ်တွေငါးခြောက်ဈေးကွက်မှ ငါးခြောက်ပွဲရုံလုပ်ငန်းပိုင်ရှင် ဦးဦးဘသန်းက ရှင်းပြသည်။

မှန်မှန်အေးအေးငါးခြောက်ဈေး

ရခိုင်ပြည်နယ်၏ အဓိကငါးခြောက်ဈေးကွက်ဖြစ်သော စစ်တွေငါးခြောက်ဈေးကွက်မှ ငါးကုန်းညိုခြောက်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အဝယ်လိုက်နေပြီး ကျန်ငါးခြောက်များကို ရိုးမအရှေ့ဘက်သို့ တင်ပို့နေကြသည်။ ယခုလက်ရှိ စစ်တွေဈေးကွက်တွင် ရောင်းဝယ်နေကြသော ငါးခြောက် တစ်ပိဿာဈေးနှုန်းမှာ ငါးနီတူသန့် ငွေကျပ် ၃၉၀၀၊ ငါးကုန်းညို(သန့်) ငွေကျပ် ၁၄၀၀၊ ငါးဝိုင်း(ကြက်စာ) ငွေကျပ် ၈၂၀၊ ငါးကုန်းညို(ကြက်စာ) ငွေကျပ် ၉၂၀၊ ငါးစုံ(ကြက်စာ) ငွေကျပ် ၆၃၀ ဖြစ်သည်။ ငါးအသေးများမှာ ငါးအမျိုးအစားအလိုက် ဈေးနှုန်းကွာခြားချက်ရှိသည်။ ငါးအကြီးအခြောက်များကို အကောင်လိုက်ရောင်းနေကြပြီး ဈေးကွက်သို့ငါးအဝင်နည်းနေကြောင်း တွေ့ရသည်။

အရောင်းအေးသလောက် ငါးရှားရခက်

ယခုနှစ်တွင် မိုးရာသီ၌ ရာသီဥတုဒဏ်၊ ဒေသအခြေအနေဒဏ်တို့ကြောင့် ငါးဖမ်းစက်လှေများ ငါးရှာမထွက်ရဲဖြစ်နေခဲ့ရသည်။ ပွင့်လင်းရာသီရောက်လာကာ ဒေသအခြေအနေတည်ငြိမ်စပြုလာပြီဖြစ်သော်လည်း ယခင်နှစ်များကထက် ငါးရှာရခက်ခဲနေကြကြောင်း သိရသည်။

"ဒီနှစ်က ပင်လယ်ကို ငါးဖမ်းထွက်တဲ့ ငါးဖမ်းစက်လှေတွေလည်း နည်းတယ်။ ဒေသအခြေအနေအရလို့ ဆိုရမှာပေါ့။ ငါးဖမ်းစက်လှေနည်းတော့ ကျွန်တော်တို့လို ငါးစိမ်းတွေကို ဝယ်ယူပြီး ငါးခြောက်လှန်းနေတဲ့ ကုန်သည်တွေလည်း လိုသလောက်မရနိုင်ပါဘူး။ ရတဲ့ငါးခြောက်ကလည်း ဈေးအေးနေတော့ အလုပ်ဖြစ်အောင် ကြိုးစားနေရပါတယ်" ဟု ပေါက်တောမြို့နယ် ချောင်းဝကျေးရွာမှ ငါးခြောက် (ကြက်စာ) လုပ်ကိုင်နေသော ငါး၊ ပုစွန်ရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

ပေါက်တောမြို့နယ် သဲခုံကျေးရွာမှ ဝိုင်းပိုက်လုပ်ငန်းရှင် ဦးလှအောင်က ပြောပြရာတွင် "ဒီနှစ်တော့ မိုးတွင်းကလည်း အလုပ်မဖြစ်ခဲ့ပါဘူး။ ဆောင်းဦးပေါက်လာပြီး မိုးလေငြိမ်ပြန်တော့လည်း ခါတိုင်းလိုမဟုတ်တော့ ဝိုင်းပိုက်သမားတွေလည်း အလုပ်မဖြစ်ပါဘူး။ တစ်ခေါက်ထွက်လိုက်ထိုင်စားလိုက်၊ နောက်တစ်ခေါက်ထွက်လိုက် ထိုင်စားလိုက်နဲ့ လည်ပတ်နေရတာပါ။ ကျွန်တော်တို့ကလည်း အေးအေးဆေးဆေး ငါးဖမ်းလို့ရချင်တာပေါ့လေ"ဟု ဆိုသည်။

ဖြည်းဖြည်းမှန်မှန်လည်ပတ်နေ

စစ်တွေငါးခြောက်ဈေးကွက်မှ ပွဲရုံလုပ်ငန်းရှင်များဖြစ်စေ၊ ငါးစိမ်းဝယ်ယူပြီး အခြောက်လှန်း၍ ငါးခြောက်လုပ်နေသော ကုန်သည်များဖြစ်စေ အားလုံးမှာ တွက်ခြေကိုက်မှုနည်းပါးသော်လည်း ပုံမှန်လည်ပတ်နေကြရသည်။ ငါးခြောက်ဈေးကွက် ဤထက်မက ခိုင်မာရေးအတွက် ၄င်းတို့၏လုပ်ငန်းများအား အခြေအနေကိုလိုက်၍ ကြိုးစားလုပ်ကိုင်နေရသည်ကို တွေ့ရှိရကြောင်း ရခိုင်ပြည်နယ် ငါးခြောက်ဈေးကွက်ကို တစေ့တစောင်း စေ့ငုတင်ပြလိုက်ရပါသည်။

ခင်ဦးမြို့၌ ကြီးကြပ်ရေးအဖွဲ့ဝင် သင်တန်းဖွင့်

ခင်ဦး ဇန်နဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်စည်ပင်ခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ကြီးကြပ်ရေးအဖွဲ့ သင်တန်းကို ဇန်နဝါရီ ၂ ရက် နံနက် ၁၁ နာရီက ကျင်းပရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်းနှင့် ဦးအောင်ကျော်သန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ၆၃ အုပ်စုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းခန့်အောင်က အမှာစကားကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဒေါ်ချိုချိုနှင့် မြို့နယ်ဥပဒေအရာရှိ ဦးအောင်မင်းချွန်တို့က ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ရေးနှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့ဝင်များ လိုက်နာရမည့် ဥပဒေ၊ နည်းပညာများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သန်းဝင်းက လုံခြုံရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးတင်ထူးကလည်းကောင်း၊ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်ထူးကလည်းကောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဒီဇင်ဘာ ၃၀ ရက်က ကြည့်မြင်တိုင်မြို့နယ် ဘော ၈ ရပ်ကွက်တွင် ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းနှင့်အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများက စုပေါင်း၍ ရပ်ကွက်အတွင်း လမ်းမကြီးများ၊ နောက်ဖေးလမ်းကြားများတွင် သန့်ရှင်းရေး ဆောင်ရွက်စဉ်။ (၀၄၂)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တည်ခင်းဧည့်ခံသည့် ၂၀၁၃ ခုနှစ်(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံဆိုင်ရာသံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua ဦးဆောင်သော သံတမန်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမုံ၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ၎င်းတို့၏ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာသံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးဦးဆောင်သော သံရုံးများမှသံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ (၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁၃၅)ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ သင်တန်းအမှတ်စဉ် (၈/၂၀၁၂)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်တွင် ကျင်းပခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူး **(အောက်ယာပုံ)** နှင့် ကျောင်းအုပ်ဆရာမကြီးတို့က သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းကဲသို့ ပုံမှန်သင်တန်းအမှတ်စဉ်(၁/၂၀၁၃)ကို ဇန်နဝါရီ ၇ ရက်တွင်လည်းကောင်း၊ (စနေ၊ တနင်္ဂနွေ) သင်တန်းကို ဇန်နဝါရီ ၁၂ ရက်တွင်လည်းကောင်း၊ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ သိုးမွေးထိုး၊ ဇာထိုး/ပန်းထိုး၊ ဘော်လီ/ ဘရာစီယာ၊ ကုတ်အကျႌ၊ ဘောင်းဘီ၊ စင်တီမီတာ (စက်ချုပ်)၊ မြန်မာသတို့သမီးဝတ်စုံ၊ သီးယို/ဆီစိမ်၊ မုန့်မျိုးစုံ၊ မြန်မာအစားအစာ၊ စက်ကလေးပန်းထိုး၊ စက်ကြီးပန်းထိုး၊ ပန်းအလှပြင် (အခြေခံ၊အဆင့်မြင့်)ဘာသာရပ်များကို သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။ **(ကိုမိုး)**

◆ ရှေ့ဖုံးမှ

ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှု (၁၁)ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

၄။ ကေအိုင်အို/ကေအိုင်အေတပ်ဖွဲ့များအား တပ်မတော်မှ ထိုးစစ်များ ရပ်ဆိုင်းရန် ညွှန်ကြားထားပြီးဖြစ်သော်လည်း ၎င်းတို့ဘက်မှ ရထားလမ်း၊ ကားလမ်းများ၊ တံတားများအား အကြောင်းမဲ့ မိုင်းခွဲဖျက်ဆီးခြင်း၊ စီးပွားရေးလုပ်ငန်းများအား ဟန့်တားနှောင့်ယှက်ခြင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေးလိုင်းများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား မကြာခဏ မိုင်းထောင်ခြင်း၊ ချုံခိုပစ်ခတ်တိုက်ခိုက်ခြင်း စသောလုပ်ရပ်များ အဆက်မပြတ်ပြုလုပ်လာသည့်အတွက် တပ်မတော်အနေဖြင့် အများပြည်သူ၏ အသက်အိုးအိမ် လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေး၊ နယ်မြေဒေသအေးချမ်းတည်ငြိမ်ရေးအတွက် မိမိကိုယ်ကို ခုခံကာကွယ်ခြင်းနှင့်စစ်ရေးအရ ပြန်လည်တုံ့ပြန်မှုများကို မလွှဲမရှောင်သာ ပြုလုပ်ခဲ့ရသည်။ ထိုသို့ ပြုလုပ်ရသော်လည်း တပ်မတော် တပ်ဖွဲ့များသည် အင်အားကို အစွမ်းကုန်ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်။

၅။ မြန်မာ့တပ်မတော်က တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် နေရာများမှာ ရွာသူရွာသားများ နေထိုင်ခြင်းမရှိသည့် မြစ်ကြီးနား-ဗန်းမော် ပြည်ထောင်စုကားလမ်းအား ကေအိုင်အေအဖွဲ့က ပိတ်ဆို့ဖြတ်တောက်နိုင်ရန် အခိုင်အမာစခန်းပြုလုပ်ထားသည့် နေရာဖြစ်ကြောင်း သိရှိရသည်။

၆။ ကေအိုင်အို/ကေအိုင်အေအဖွဲ့နှင့် တပ်မတော်ကြား နှစ်ဖက်တိုက်ခိုက်မှုများ စတင်ဖြစ်ပွားခဲ့သည့် တစ်နှစ်တာကာလအတွင်းတွင် တိုက်ခိုက်မှုများကြောင့် နေရပ်မှ ရွှေ့ပြောင်းတိမ်းရှောင်ရသည့် မိသားစုများအား နိုင်ငံတော်မှ ယာယီစခန်းများ ဖွင့်လှစ်၍ နေရာချထားပေးပြီး ၎င်းတို့၏ စားဝတ်နေရေးနှင့် ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီများကိုလည်း ရယူ၍ ပံ့ပိုးဆောင်ရွက်ခဲ့သည်။ နေရပ်မှ ရွှေ့ပြောင်းတိမ်းရှောင်လာသူအများစုမှာ ၎င်းတို့၏ ကျေးရွာများတွင် အေးချမ်းစွာနေထိုင်နိုင်ခြင်းမရှိစေရန် ကေအိုင်အေအဖွဲ့၏ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းတို့ကြောင့် တရားဥပဒေစိုးမိုးမှုရှိသည့် ဘေးကင်းရာနေရာများသို့ လာရောက်ခိုလှုံရခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

၇။ နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ကေအိုင်အို/ကေအိုင်အေနှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တိုင်းရင်းသားပြည်သူလူထုအားလုံးနှင့်အတူ လက်တွဲဆောင်ရွက်သွားရန် အစဉ်လက်ကမ်းကြိုဆိုလျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

KIA အဖွဲ့က ဒေသခံပြည်သူတို့၏ မော်တော်ယာဉ်များကို လုယက်မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၄

ဗန်းမော်-လွယ်ဂျယ် ကားလမ်းပေါ်တွင် ပြေးဆွဲနေသော ယာဉ်မောင်းဖိုးဇော်မောင်းနှင်သည့် ယာဉ်အမှတ် ၇၅/၇၅၁၂ လေးလုံးထိုးယာဉ်နှင့် ယာဉ်မောင်းစိုးနိုင်ဝင်းမောင်းနှင်သော ယာဉ်အမှတ် ၉၅/၂၆၄၈၉ တုန်ဖုန်း ယာဉ်တို့သည် လိမ္မော်သီး၊ ပန်းသီးနှင့် မုန့်သေတ္တာများတင်ဆောင်၍ လွယ်ဂျယ်မှ ဗန်းမော်သို့ ယမန်နေ့နံနက် ၇ နာရီခန့်က ထွက်ခွာခဲ့ရာ ယောယုံကျေးရွာနှင့် ဗျင်ဝိုင်းကျေးရွာအကြား ရောက်ရှိစဉ် နံနက် ၉ နာရီခွဲခန့်တွင် လက်နက်ငယ်ကိုယ်စီ ကိုင်ဆောင်ထားသော KIA အဖွဲ့မှ ၁၀ ဦးခန့်က ယာဉ်များကို ရပ်ခိုင်းပြီးယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား အောက်သို့ဆင်းခိုင်းကာ ယာဉ်မောင်းများ၏ လက်ကိုင်ဖုန်းများနှင့် မြန်မာငွေကျပ် တစ်သိန်းတို့ကို သိမ်းယူခဲ့သည်။

ရှင်းလင်းဆောင်ရွက်

ထို့နောက် ယင်း KIA အဖွဲ့က ယာဉ်များ၏ နောက်ပိုင်းအောက်ဘက်တို့တွင် မိုင်းနှစ်လုံးစီကပ်၍ ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် မော်တော်ယာဉ်များမှာ ပျက်စီးသွားခဲ့ကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာ အနီးတစ်ဝိုက်အား နယ်မြေခံလုံခြုံရေးတပ်ဖွဲ့က ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာပြည်နယ်မှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းပညာရေးစုံညီပွဲတော်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ကျောင်းသား၊ ဆရာနှင့်မိဘ သုံးလွန်းတင်ထားသော မြဲမြံခိုင်မာလှသည့်ပညာရေးကြိုးကို ပညာရေးစုံညီပွဲတော်၌တွေ့မြင်ရ၍ များစွာနှစ်ထောင်းအားရဖြစ်မိကြောင်း၊ မျက်မှောက်ကာလပညာရေး အတွေးအခေါ်များတွင် စွန့်ဦးတီထွင်နိုင်မှု၊ တီထွင်ဖန်တီးတတ်မှု၊ တီထွင်ဆန်းသစ်ခြင်းတို့ကို မျှော်မှန်းဆောင်ရွက်ထားပြီး နှုတ်တိုက်ရွရွရွတ်ဆိုတတ်ရုံ၊ အောင်လက်မှတ်ရရုံ ဆောင်ရွက်နေခြင်း မဟုတ်ကြောင်း၊ ကျောင်းသားလူငယ်တိုင်းတွင်ရှိပြီးဖြစ်သော ငုပ်လျှိုးစွမ်းရည်များကို လေ့လာဖော်ထုတ်ပြီး ထူးချွန်ထင်ရှားသူများ ဖြစ်အောင် မျိုးစေ့ချ ပျိုးထောင်လေ့ကျင့်ပေးကြရန်လိုအပ်ကြောင်းဖြင့် ဇန်နဝါရီ ၃ရက်က ကျင်းပသော ဖွံ့ဖြိုးရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ပညာရေးစုံညီပွဲတော် အခမ်းအနား၌ ပါမောက္ခချုပ် ဦးစိုးတင့်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ၂၃-၁၂-၂၀၁၂ ရက်မှ ၃-၁-၂၀၁၃ရက်အထိ အားကစား၊ ပြေးခုန်ပစ်၊ ဉာဏ ပြိုင်ပွဲများနှင့် ကျန်းမာရေးဟောပြောပွဲများကျင်းပခဲ့ပြီး ယနေ့ကျင်းပသည့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆုတံဆိပ်ပေါင်း ၁၇၄ ခုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ရွေးစင်ဘောလုံးသမားဟောင်းများ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကျင်းပ

စစ်ကိုင်း ဇန်နဝါရီ ၄

(၆၅) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသက် ၄၀ နှစ်အထက် လက်ရွေးစင် ဘောလုံးသမားဟောင်းများ၏ ချစ်ကြည်ရေး ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းက စစ်ကိုင်းခရိုင်အားကစားကွင်းတွင် အထက်မြန်မာပြည်လက်ရွေးစင် ဘောလုံးသမားဟောင်းများ ကိုယ်စားပြုမန္တလေးအသင်းနှင့် စစ်ကိုင်း (က)အသင်းတို့ ယှဉ်ပြိုင်ကြရာ မန္တလေးအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ အဆိုပါ ဘောလုံးပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသော လက်ရွေးစင်ဘောလုံးသမားဟောင်းများအား စစ်ကိုင်းခရိုင် ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်း (သမာဓိ)က အမှတ်တရဂုဏ်ပြုပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး ဆုဖလားနှင့်ဆုတံဆိပ်အလှူရှင် ဦးမျိုးသန်းဦး (အားသစ်ဒိုင်း ဆုတံဆိပ်လုပ်ငန်း) က ဒုတိယဆုရ စစ်ကိုင်း (က) အသင်းအား တစ်ဦးချင်းဒုတိယဆုတံဆိပ်များကိုလည်းကောင်း၊ ဦးမင်းဟန် (အား/ကာ အရာရှိငြိမ်း)က ပထမဆုရ မန္တလေးအသင်းမှ အားကစားသမားများအား တစ်ဦးချင်းပထမဆုတံဆိပ်များကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ပထမဆုရ မန္တလေးအသင်းအား ပထမ တံခွန်စိုက်ဆုဖလားနှင့် ဒုတိယဆုရ စစ်ကိုင်း(က) အသင်းအား ဒုတိယဆုဖလားတို့ကို သီရိပျံချီ ဦးခင်မောင်မြင့် ပြည်ထောင်စုဝန်ကြီး (ငြိမ်း)ဆောက်လုပ်ရေးဝန်ကြီးဌာန ပြိုင်ပွဲတာဝန်ခံမှ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မြန်မာ့ရုပ်မြင်သံကြားနေပြည်တော် (တပ်ကုန်း) သို့ သတင်းများပေးပို့နိုင်

နေပြည်တော် ဇန်နဝါရီ ၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များကို (ပြန်ကြားအသိပေးရန်၊ ပညာပေးရန်၊ လှုံ့ဆော်ရန်နှင့် ဖျော်ဖြေပေးရန်) ဟူသည့် ရည်ရွယ်ချက် (၃)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်း ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ရုပ်မြင်သံကြားသတင်းဌာန၏ လုပ်ငန်းမှာ နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် အကောင်အထည်ဖော်လျက်ရှိသော လုပ်ငန်းများ၊ တိုင်းပြည်အတွင်း ဖြစ်ပျက်နေသော အကြောင်းအရာများနှင့် ပြည်သူလူထုသိသင့် သိထိုက်သည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် ကြိုးပမ်းထုတ်လွှင့်ပေးလျက်ရှိသည်။

ယခင်က သတင်းထုတ်လွှင့်မှုကို တစ်နေ့လျှင်သုံးကြိမ် နံနက် ၇ နာရီခွဲ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် ထုတ်လွှင့်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး ည ၁၀ နာရီတွင် တစ်ကြိမ် ထပ်မံတိုးချဲ့ ထုတ်လွှင့်နေသည့်အတွက် တစ်နေ့လျှင် သတင်းလေးကြိမ် ထုတ်လွှင့်နေပြီဖြစ်သည်။

တစ်နေ့တာ ထုတ်လွှင့်ခဲ့သည့် သတင်းများထဲမှ သတင်းအကျဉ်းများကို နောက်တစ်နေ့ နံနက် ၇ နာရီခွဲတွင် ပြန်လည်ထုတ်လွှင့်ပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးအစရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ပေးပို့လာသော သတင်းများပြုလုပ်မည့် အခမ်းအနားကြိုတင်အသိပေးသတင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးလျက်ရှိသည်။

ပေးပို့နိုင်

ထို့ကြောင့် သတင်းများပေးပို့ထုတ်ပြန်လိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော် (တပ်ကုန်း) ဖက်စ်-၀၆၇-၇၉၃၁၁သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

▲ ကျောဖုံးမှ

ထို့နောက် အခမ်းအနားကျင်းပရာသို့ ၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၃ ခုနှစ်(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကျင်းပရာနေရာမှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အခမ်းအနားတက်ရောက်သူများသည် မြို့တော်ခန်းမရှေ့ ရင်ပြင်မှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုညဖြစ်သည့် ယမန်နေ့ညနှင့် ယနေ့ညတို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ကံ့ကော်ပန်းအဝိုင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ မဏိရတနာ ကျောက်စိမ်းခန်းမ၊ ကျောက်စိမ်းဥယျာဉ်၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေးနှင့် လူနေအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာ ထွန်းညှိ၍ ၂၀၁၃ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြသည်ကို တွေ့ရသည်။ **(သတင်းစဉ်)**

&i;&i;E;E; Ewqu

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

o0Pvm zwlum;

နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ၊ အဂ္ဂမဟာသီရိ သုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၃ ခုနှစ် (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဖတ်ကြားစဉ်။

(သတင်းစဉ်)

(၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းရင်းသားများအား တွေ့မြင်ရစဉ်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နေပြည်တော်မြို့တော်ခန်းမ၌ ရောင်စုံမီးအလှများ ထွန်းညှိထားသည်ကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

t*vybmompum;jzi usye;pum;ajymlyKiyqcs;jri

ရန်ကုန် ဇန်နဝါရီ ၄

အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်)၏ အင်္ဂလိပ်ဘာသာစကားဖြင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန၌ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်က အမှာစကားပြောကြားကာ ဘွဲ့ကြိုတန်းအဆင့်နှင့် ဘွဲ့လွန်တန်းအဆင့်တို့တွင် ဆုရသူများအား ပါမောက္ခချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဆုချီးမြှင့်ကြသည်။

အင်္ဂလိပ်စာမြှင့်တင်ရေးအစီအစဉ်အရ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာဘာသာစကား အပြောစွမ်းရည် တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။ တက္ကသိုလ်အဆင့် အင်္ဂလိပ်ဘာသာစကား ကျပန်းစကားပြောပြိုင်ပွဲများမှ ရွေးချယ်ခြင်းခံရသူများသည် ဇန်နဝါရီ ၂ ရက်နှင့် ၃ ရက်များတွင် ဦးစီးဌာနအဆင့်ပြိုင်ပွဲများကို အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနနှင့် မန္တလေးတက္ကသိုလ်တို့တွင် ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဦးစီးဌာနအဆင့်ပြိုင်ပွဲတွင် အမှတ်အများဆုံးရရှိသူ ၃၀ သည် ဇန်နဝါရီ ၂၁ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် နိုင်ငံခြားသားပညာရှင်များက ဒိုင်အဖြစ်ဆောင်ရွက်မည့် ပညာရေးဝန်ကြီးဌာနဗဟိုအဆင့် အင်္ဂလိပ်ဘာသာစကားဖြင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(65)Epajrmu vwvyaa&;ae txr;trw 0eBu;Xmeaygi;p tm;upm;lyKiyEi qay;yusi;y

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဖူဆယ်(အမျိုးသား) ဘောလုံး၊ လွန်ဆွဲ(အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် Training Center (၁) ရှိ အမှတ်(၂) ဘောလုံးကွင်း၌ ကျင်းပကာ ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားအားကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲနှင့် ဖူဆယ် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရ ဝန်ကြီးဌာနအသင်းများအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမျိုးသားလွန်ဆွဲပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရ ဝန်ကြီးဌာနအသင်းများအား လည်းကောင်း၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမျိုးသမီးလွန်ဆွဲပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရ ဝန်ကြီးဌာနအသင်းများအား လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများချီးမြှင့်ကြသည်။ ပထမဆုရ အသင်းအား ငွေကျပ် ၃၀၀၀၀၀၊ ဒုတိယဆုရအသင်းအား ငွေကျပ် ၂၀၀၀၀၀ နှင့် တတိယဆုရ အသင်းအား ငွေကျပ် ၁၀၀၀၀၀ ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ဥမ္မာသန်းနှင့် အမှုဆောင် ဦးလှမိုးတို့က လွန်ဆွဲ(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရ ဝန်ကြီးဌာနကိုယ်စားပြုအသင်းများအား မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ချီးမြှင့်ငွေ ပထမဆု ငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆုငွေကျပ် ၁၀၀၀၀၀၊ တတိယဆု ငွေကျပ် ၅၀၀၀၀ တို့ကို ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိသည့် နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျောင်းသား ကျောင်းသူများအား ကစားနည်းအလိုက် ပြိုင်ပွဲများယှဉ်ပြိုင်နေမှုကို သွားရောက်ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Edkif iH 0ef opfawmpGJzifpdkf v efap&r nf

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဉာဏ်ကောင်းဆေးလေး လှူကြမယ်

မောင်အောင်(မွေး/က)

ဉာဏ်ကောင်းဆေး
နို့လေးဆိမ့်ဆိမ့် နို့ဖြူဖြူ
ဘယ်သူ ဘယ်သူ
သောက်ပါ့မယ်....
သန့်ရှင်းရဲ့လား စစ်ရဲ့လား
ဆရာမက သင်ထားတယ်
ကိုယ့်ခြံ ကိုယ့်နွား
ကိုယ့်လုပ်အား
ကျောင်းလုံးကြားအောင်
ပြောလိုက်ကွယ်...
သူငယ်ချင်းရေ...
လာဟော့ပြေးစို့
ဉာဏ်ကောင်းဆေးလေး
သောက်ကြမယ်
ကောင်းတယ်
ကြိုက်တယ်။ ။

ကိုလေး(အင်းဝဂုဏ်ရည်)

ကဗျာဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်)၏ **"ဉာဏ်ကောင်းဆေး"** ကဗျာလေးကို နေပြည်တော် ပေါင်းလောင်းရပ်ရှိ ကဖေးဆိုင်တစ်ဆိုင်၏ နံရံပိုစတာ၌ ရေးကပ်ထားသည်ကိုဖတ်ရင်း ကျွန်တော့်ရင်တွင်း၌ ကြည်နူးပီတိဖြစ်နေမိသည်။ ကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်း အကောင်အထည်ဖော်ရန်အတွက် ညနေတုန်းက ဗောဓိကုန်းကျေးရွာသို့ ရောက်ရှိခဲ့မှုကို ပြန်၍အမှတ်ရလာသည်။

"သားတို့ သမီးတို့ ရုပ်ရှင်မင်းသားနေတိုးလို ရုပ်မချောချင်ဘူးလား?"

"ချောချင်ပါတယ်"

"ဟောဒီက ဘဘကြီးလို ထွားထွားကျိုင်းကျိုင်း မဖြစ်ချင်ဘူးလား"

"ဖြစ်ချင်ပါတယ်"

"သားတို့ သမီးတို့ကြီးလာရင် စစ်ဗိုလ်ကြီး၊ ဆရာဝန်မကြီး၊ ကျောင်းဆရာမကြီး မဖြစ်ချင်ဘူးလား?"

"ဖြစ်ချင်ပါတယ်"

"ဖြစ်ချင်ရင် နွားနို့သောက်ဖို့လိုတယ်"

နို့တိုက်ကျွေးရေးစီမံကိန်းတာဝန်ခံအရာရှိကြီးနှင့်ဗောဓိကုန်းကျေးရွာမှ မူလတန်းကျောင်းသား ကျောင်းသူကလေးများ၏ အမေးအဖြေက မြင်ရသူအပေါင်းအား ရွှင်မြူးဝမ်းမြောက်စေပါသည်။ စီမံကိန်းတာဝန်ခံအရာရှိကြီး တက်ကြွနေသလို ကလေးများ၏ အသံကရွှင်မြူးလှသည်။

"သားတို့ နွားနို့သောက်ချင်တယ် ဘဘ။ နွားနို့ကဘယ်ကရမှာလဲ။"

ကျောင်းစိမ်းဘောင်းဘီတိုဖြင့် ဒုတိယတန်းကျောင်းသားကလေး၏ အမေးက အတန်းဖော်များနှင့် ကျွန်တော်တို့အဖွဲ့ကို ကျေနပ်နှစ်သိမ့်စေပါသည်။

"နွားနို့ကို ဘဘကြီးတို့ပေးမှာပေါ့သားရဲ့။ ဘဘကြီးတို့ နွားနို့ကို ဘူးလှလှလေးတွေနဲ့ သားတို့ သမီးတို့ကို လာပြီးတိုက်မယ်။ သားတို့ ကျောင်းတက်တဲ့ရက်တိုင်း နေ့တိုင်းသောက်ရမယ်။ အဲဒါဆို ကျောင်းမှန်မှန်တက်ကြမလား။"

"တက်ပါမယ်"

ကလေးများက စီမံကိန်းတာဝန်ခံကြီး၏ အမေးကို ဝိုင်း၍ဖြေလိုက်ကြသည်။

"ကဲ နွားနို့သောက်ချင်တဲ့သူ လက်ညှိုးထောင်။"

ကလေးအားလုံးက လက်ညှိုးထောင်ကြသည်။

"အေး သားတို့အားလုံးလိမ္မာကြတယ်။ သားတို့ကို ဘဘကြီးတို့ နောက်လထဲမှာ နွားနို့လာပြီးတိုက်မယ်။ သားတို့ သမီးတို့ နွားနို့သောက်ရင် ရုပ်လည်းချောမယ်၊ ဉာဏ်လည်းကောင်းမယ်၊ အရပ်တွေလည်းရှည်လာမယ်၊ ဗလလည်းကောင်းလာမယ်။ ကဲ ဘဘတို့ကို ခွင့်ပြုဦး။ နောက် ကျောင်းတစ်ကျောင်းသွားလိုက်ဦးမယ်။"

စီမံကိန်းတာဝန်ခံက ကလေးများကို နှုတ်ဆက်လိုက်သည်။

"ဘဘကြီး နို့တကယ်လာပြီးတိုက်နော်၊ သားတို့က စောင့်နေမှာ။"

ကလေးငယ်၏ အော်၍ပြောလိုက်သံက ကျွန်တော်တို့တစ်ဖွဲ့လုံး၏ ဟဒယနှလုံးကို ရွှင်ပြုံးစေပါသည်။

ကျွန်တော်တို့၊ ကျွန်တော်တို့၏ မျိုးဆက်သစ်ကျောင်းသား ကလေးငယ်များအတွက် နို့တိုက်ကျွေးရေးစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ရပါတော့မည်။

ပြီးခဲ့သည့် စက်တင်ဘာလ ၂၆ရက်နေ့က "ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့" အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ကိုးရွာ သပြေကုန်း မူလတန်းကျောင်းတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းကျင်းပခဲ့ပါသည်။ အခမ်းအနားသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့ပြီး အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

နွားနို့သည် အာဟာရပြည့်ဝသည်။ ဆိုဒီယမ်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်နှင့် ဖော့စဖိုရပ်အပါအဝင် သတ္တုဓာတ်များကြွယ်ဝသည်။ နို့တွင် ပါဝင်သည့်အသားဓာတ်တွင် အမိုင်နိုအက်စစ်အမျိုး ၂၀ ပါဝင်သည်။ ၎င်းအမိုင်နိုအက်စစ်များတွင် ရှစ်မျိုးသည် အရွယ်ရောက်ပြီးသူများအတွက် အရေးကြီးပြီး ကျန်ကိုးမျိုးမှာ အရွယ်မရောက်သေးသော ကလေးငယ်များ၏ ကျန်းမာရေးအတွက် အရေးပါသည်။ သို့ဖြစ်၍ နွားနို့မှာ အသက်အရွယ်မရွေး လူတိုင်း၏ ကျန်းမာရေးအတွက် အရေးကြီးသည်။ မရှိမဖြစ်လိုအပ်သည်။ ၎င်းပြင် နွားနို့တွင် ဗီတာမင်ဓာတ်များပါဝင်သည်။ အထူးသဖြင့် ဗီတာမင်အေ၊ ဒီ၊ အီးနှင့်ကေတို့ပါဝင်သည်။ အဆီအပြည့်ပါဝင်သည့် နွားနို့တစ်ဖန်ခွက် သောက်ပါက အရွယ်ရောက်ပြီးသူများ တစ်နေ့ ဗီတာမင်လိုအပ်ချက်၏ ရှစ်ရာခိုင်နှုန်းနှင့်ကလေးများ၏ ၁၀ ရာခိုင်နှုန်း ဖြည့်စွမ်းပေးနိုင်သည်။ သို့ဖြစ်၍ ကျွန်တော်တို့ပြည်သူများ ကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ်ရည်တိုးတက်မြင့်မားရေးအတွက် နွားနို့သည် မရှိမဖြစ်အရေးပါသည်။ သောက်ရန်လိုအပ်သည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ တစ်နေ့တည်းတွင် နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်း ၈၁ ကျောင်းရှိ မူလတန်းကျောင်းသား ကျောင်းသူ ၃၂၀၀၀ကို နို့တိုက်ကျွေးခဲ့သည်။ ကျောင်းသားကျောင်းသူတစ်ဦးလျှင် ၂၀၀ စီစီခန့် နို့ပုလင်းများဖြင့် တိုက်ကျွေးခဲ့ခြင်းဖြစ်သည်။ ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့်တွက်ပါက ငွေကျပ် ၆၄ သိန်းဖိုး တိုက်ကျွေးနိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်၍ ပညာရည်တိုးတက်မြင့်မားရေးနှင့် နွားနို့ပိုမိုသောက်သုံးခြင်းဖြင့် အနာဂတ်သားကောင်း လူငယ်များ ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးပြီး ဉာဏ်ရည်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားလေ့ရှိသည်။ သို့ဖြစ်၍လည်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ ကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်းကို Tetra Pak Asia and South Asia ကုမ္ပဏီနှင့်ပူးပေါင်း၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

ဤ "ကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်း"တွင် မူလတန်းကျောင်းသားကျောင်းသူ ၄၅၀၀၀ ကို ကျောင်းဖွင့်ရက်များတွင် နေ့စဉ် နို့တိုက်ကျွေးမည်ဖြစ်ပြီး သုံးနှစ်ဆက်တိုက် တိုက်ကျွေးမည်ဖြစ်သည်။ စီမံကိန်းတစ်ခုလုံးကို အမေရိကန်ဒေါ်လာ ရှစ်သန်း အကုန်အကျခံ၍ နို့တိုက်ကျွေးသွားမည်ဖြစ်သည်။

ဤကျောင်းများတွင် နို့တိုက်ကျွေးရေး သုံးနှစ်စီမံကိန်းကြီး၏ ရှေ့ပြေးစီမံကိန်းကို နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်း ၂၈ ကျောင်းရှိ မူလတန်းကျောင်းသားကျောင်းသူ ၁၀၀၀၀ ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စတင်တိုက်ကျွေးမည်ဖြစ်သည်။ ဤစီမံကိန်းကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် Tetra Pak Asia and South Asia ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ခံ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

ဤစီမံကိန်းတွင် ကလေးများအား နွားနို့မတိုက်ကျွေးမီ ကျန်းမာရေးစစ်ဆေးခြင်း၊ အရပ်တိုင်းခြင်း၊ ခန္ဓာကိုယ်အလေးချိန် ချိန်တွယ်ခြင်း၊ ကျောင်းတက်မှန်ကန်မှုတို့ မှတ်တမ်းထားရှိ ဆောင်ရွက်မည်ဖြစ်သည်။ ရှေ့ပြေးစီမံကိန်းကို နေပြည်တော်ကောင်စီနယ်မြေတွင် စတင်ခြင်းဖြစ်သည်။ ဤရှေ့ပြေးစီမံကိန်းမှ တွေ့ရှိရသည့် ရလဒ်အပေါ်မူတည်၍ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် နေပြည်တော်ကောင်စီနယ်မြေ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ ကျောင်းများတွင် နေ့စဉ်မူလတန်းကျောင်းသား ကျောင်းသူ ၄၅၀၀၀ ကို သုံးနှစ်ဆက်တိုက် နွားနို့တိုက်ကျွေးပြီး ကျောင်းသား ကျောင်းသူများ၏ ကာယ ဉာဏဖွံ့ဖြိုးတိုးတက်မှုကို ဆန်းစစ်မှတ်တမ်းတင်သွားမည်ဖြစ်ပါသည်။

နွားနို့သည် ဗီတာမင်ဓာတ်များ အပါအဝင် အာဟာရဓာတ်များပြည့်စုံကြွယ်ဝစွာ ပါဝင်သည်။ နွားနို့သောက်သုံးခြင်းဖြင့် ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးစေသည့်အပြင် အရိုးပွခြင်း၊ ကြွပ်ဆတ်မာကျောခြင်းမှ ကာကွယ်နိုင်သည်။ သို့ဖြစ်၍ ဖြူစင်သော အရောင်အဆင်းရှိသည့် နွားနို့ကို ဖြူစင်သော စိတ်နှလုံးသားအရင်းခံဖြင့် လှူဒါန်းခြင်းသည် အတိုင်းအဆမရှိသော ကုသိုလ်များရရှိနိုင်သည်။ ထို့အပြင် အနာဂတ် မျိုးဆက်သစ်များ ကြံ့ခိုင်ဖွံ့ဖြိုးဉာဏ်ရည်တိုးစေသဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် များစွာအရေးပါသည့် အမျိုးသားရေးတာဝန်အတွက် အရေးပါသည့် လှူဒါန်းမှုတစ်ရပ်ဖြစ်သည်။

သို့ဖြစ်၍ ဉာဏ်ကောင်းဆေးဖြစ်သည့် နွားနို့ကို **"ကျောင်းများရှိ မူလတန်းကလေးငယ်များ နို့တိုက်ကျွေးရေးစီမံကိန်း"** တွင်ပါဝင်လှူဒါန်းပါက အနာဂတ်မျိုးဆက်သစ်လူငယ်များ **"ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုး"** စေသဖြင့် ဤအလှူဒါနကို အမျိုးသားရေးအလှူအဖြစ် ပါဝင်လှူဒါန်းကြရေး အသိပေးတိုက်တွန်းရေးသားအပ်ပါသည်။ ။

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာအား ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မြဝတီမြို့နယ် သောင်ရင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ ဖတ်ကြားစဉ်။ နဒီမြင့်မိုရ်(မြဝတီ)

ဘဝအမောပြေ

အပျော်ဆုံးပါ

မူလတန်းကျောင်းတစ်ကျောင်း၌ ဆရာမက တပည့်များအား သင်ခန်းစာများ သင်ကြားပေးပြီးနောက် မေးခွန်း မေးလေသည်။

ဆရာမ ။ ဒီနေ့ သင်တာတွေအားလုံး နားလည်လား။
တပည့်များ ။ နားလည်ပါတယ်။
ဆရာမ ။ အိမ်မှာ စာတွေမှန်မှန် ကျက်ခဲ့ရမယ်နော်။
တပည့်များ ။ ဟုတ်ကဲ့ပါ။
ဆရာမ ။ ကျောင်းကိုလည်း မှန်မှန်တက်ရမယ်။
တပည့်များ ။ ဟုတ်ကဲ့ပါ။
ဆရာမ ။ ကျောင်းတက်လည်း မပျင်းရဘူးနော်။
တပည့်များ ။ ဟုတ်ကဲ့ပါ။
ဆရာမ ။ ကျောင်းတက်ရတာ ပျော်လား။
တပည့်များ ။ ပျော်ပါတယ်။
ဆရာမ ။ ဘယ်အချိန်အပျော်ဆုံးလဲ။
တပည့်များ ။ ဆရာမ မရှိတဲ့အချိန်ပါ။
ဆရာမ ။ "ဘာ"

ဝေယံဦး - ရေးသည်

ကမ်းနားလမ်းသစ်ကြီးပေါ် ဖြတ်သန်းခကောက်ခံတော့မည်

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးဟောင်းမှ ဗိုလ်တထောင် သန်လျက်စွန်းအထိ ဖောက်လုပ်ထားသော ၅ ဒသမ ၀၆၉ မိုင် ရှည်လျားသည့် ကမ်းနားလမ်းသစ်ကို ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းက စတင်ဖောက်လုပ်ခဲ့သည်။ လမ်းအကျယ် ၄၈ ပေရှိ ကွန်ကရစ်လမ်းအမျိုးအစားဖြစ်သည်။ အဆိုပါလမ်းသစ်ကို အေးရှားဝေါလ်ကုမ္ပဏီက တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ယာဉ်နှင့် ကုန်အလေးချိန် စုစုပေါင်းတန် ၁၀၀ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကမ်းနားလမ်းသစ်ပေါ်တွင် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းခကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကောက်ခံမည်ဖြစ်ပြီး ယခုဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အထိကို အခမဲ့ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြေညာချက်အရသိရသည်။ ဖြတ်သန်းခအဖြစ် အလျား ၁၄ ပေအောက်ယာဉ်များ တစ်စီးလျှင် ငွေကျပ် ၁၅၀၀ နှင့် တန် ၂၀ နှင့်အထက် ယာဉ်တစ်စီးလျှင် ငွေကျပ် ၄၀၀၀ ကောက်ခံသွားမည်ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

ကမ်းနားလမ်းဟောင်းကိုမူ ယာဉ်ငယ်များနှင့် ခရီးသည်တင်ယာဉ်များသာ သွားလာခွင့်ပြုမည်ဖြစ်ပြီး ကုန်တင်ယာဉ်ကြီးများအား သွားလာခွင့်ပြုတော့မည် မဟုတ်ကြောင်း၊ ကမ်းနားလမ်းသစ်ကို ကုန်သေတ္တာယာဉ်ကြီးများ၊ သစ်လုံးတင်ယာဉ်များ၊ ကွန်တိန်နာယာဉ်ကြီးများနှင့် ဆိပ်ကမ်းသို့ ကုန်တင်ကုန်ချပြုလုပ်မည့် ယာဉ်များအတွက် ဖောက်လုပ်ထားခြင်းဖြစ်ပြီး လမ်းသစ်၏ဘေးတွင် ကွန်တိန်နာယာဉ်များ သီးသန့်ရပ်နားနိုင်သည့် ယာဉ်ရပ်နားစခန်းကိုလည်း ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

(ဆွေဆွေနိုင်-သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ခုနှစ်
နတ်တော်လပြည့်ကျော် ၈ရက် (ဥပုသ်နေ့)
၅-၁-၂၀၁၃ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၈း၄၀ International News
၈း၄၅ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

နေ့လယ်ပိုင်း

၁၁း၀၀ စစ်သည်တေး
၁၁း၅၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၄း၀၀ **မေတ္တာအတိမ်အနက်ကို ချိန်စက်၍ ကြည့်သောအခါ**
၁၄း၅၅ International News

ညပိုင်း

၄း၅၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(စီးပွားရေးပညာ အထူးပြု) (စီးပွားရေးပညာ)
၅း၁၀ နှစ်မြွာနတ်မိမယ်
၅း၄၅ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဆီသို့(အပိုင်း-၂)
၆း၀၀ ညနေခင်းသတင်း
၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ မြန်မာ့ရုပ်ရှင် **ဆောင်း (အပိုင်း-၁)** ထွန်းဝေ၊ ညွန့်ဝင်း၊ စံရှားတင်၊ နှင်းဆီ၊ စမ်းစမ်းဝင်း (ဒါရိုက်တာ-အောဝမ်းမောင်လှမျိုး)

ကျေးဇူးတင်လွှာ

M.C.C ခန်းမ၊ မင်းဓမ္မလမ်း၊ ရန်ကုန်မြို့၌ ၂၂-၁၂-၂၀၁၂ရက် မှ ၂၅-၁၂-၂၀၁၂ရက်အထိ ကျင်းပပြီးစီးခဲ့သော INTERNATIONAL EXPO & CAR SHOW ပြပွဲ၌ ကျွန်တော်များ SUMMIT GOAL CO., LTD. မှ Hard Wares ပစ္စည်းများကို ဝယ်ယူအားပေးခဲ့ပါသော GREAT FATHER LAND CONSTRUCTION & DECORATION CO., LTD. မှ ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်ဇနီး အပါအဝင် ကုမ္ပဏီဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

SUMMIT GOAL CO., LTD
show room-အဆောင်(၄၇)၊ အခန်း(၉၊၁၀၊၁၁)ဘုရင့်နောင်ယာဉ်အပိုပစ္စည်းနှင့် စက်ကိရိယာရောင်းဝယ်ရေးဝင်း၊ ဘုရင့်နောင်ဈေး၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၈၀၈၉၀၊ ၀၁-၆၈၂၄၈၅၊ FAX Ph-01-680890

ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် အထက(၁) သီရိပညာခန်းမ၌ ကျင်းပ

ပဲခူး ဇန်နဝါရီ ၄

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိပညာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညဏ်ဝင်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးစောစံယဉ်က ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးကော်မတီနာယကနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကတို့က အလှူငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့် ထူးချွန်ဆုရရှိသူများကို ဆုများအသီးသီးချီးမြှင့်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက အဆိုများ၊ အကများ၊ အတီးအမှုတ်များဖြင့် သီဆိုဖျော်ဖြေကြပြီးနောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် ဧည့်သည်တော်များသည် အထိမ်းအမှတ်ပြခန်း၊ စာအုပ်ဈေးပွဲတော်ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သန့်စင်)**

လွတ်လပ်ရေးနေ့ဂုဏ်ပြု ရေစကြို၌ ကတ္တရာလမ်းသစ်ဖွင့်

ရေစကြို ဇန်နဝါရီ ၄

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေစကြိုမြို့ အမှတ်(၈)ရပ်ကွက် စံပယ်လမ်း ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီခွဲက လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အဆိုပါကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၁၀၀ နှင့် အကျယ် ၁၂ ပေ ရှိပြီး စုစုပေါင်း ငွေကျပ် ၈၃၈၀၀၀၀ ဖြင့် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အတွင်း ဒီဇင်ဘာ ၁၄ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၆ ရက်တွင် ပြီးစီးခဲ့သည်ဟု သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

ဇန်နဝါရီ ၃ ရက် ည ၁၂ နာရီ ၁၅ မိနစ်က မြဝတီမြို့ အမှတ် (၁) ရပ်ကွက် စိန်ပန်းလမ်းနှင့် နှင်းဆီလမ်းထောင့်ရှိ နေအိမ်၌ ဖယောင်းတိုင်မီးမှတစ်ဆင့် စတင် မီးလောင်ကျွမ်းခဲ့ရာ အုတ်ညှပ်နှစ်ထပ်တိုက် တစ်လုံး၊ ပျဉ်ထောင်တစ်ထပ်အိမ်တစ်လုံး၊ အုတ်ညှပ် နှစ်ထပ်အိမ်တစ်လုံးတို့ကို မီးကူးစက်လောင်ကျွမ်းစဉ်။
နဒီမြင့်မိုရ်(မြဝတီ)

မီးဖိုမီး အခြားမီး
သုံးပြီးသတိ အမြဲရှိ

နာရေးကူညီမှုအသင်း (ရန်ကုန်) ၁၂နှစ်ပြည့် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

နာရေးကူညီမှုအသင်း (ရန်ကုန်) တည်ထောင်ခြင်း ၁၂ နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားကို ဇန်နဝါရီ ၁ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်း အမှတ် ၄၂ ရပ်ကွက် ဗိုလ်ဗထူးလမ်းရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)၌ ကျင်းပခဲ့သည်။

အခမ်းအနားများကို အစီအစဉ်နှစ်ပိုင်းခွဲ၍ ကျင်းပခဲ့သည်။ ရှေးဦးစွာ နံနက် ၉ နာရီတွင် မျက်စိခွဲစိတ်ခန်းကို ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် နာရေး(ဈာပန) ကူညီမှုပြခန်းများ၊ သုခကုသိုလ်ဖြစ်ဆေးခန်းများ၏ ပေးဆပ်မှုပြခန်းများ၊ အနိစ္စတရားသို့ အလည်အပတ် သွားရောက်မှုပြခန်းများ၊ သုခအလင်း စာကြည့်တိုက်နှင့် ပညာရေး လှုပ်ရှားမှုပြခန်းများအပြင် အမှတ်တရပစ္စည်း အရောင်းဆိုင်များနှင့် စားသောက်ဖွယ်ရာများကိုပါ ရောင်းချပေးခဲ့သည်။

မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ ၁ နာရီတွင် စတင်ကျင်းပရာ ၂၀၁၂ ခုနှစ်အတွင်း ထူးချွန်စွာ လုပ်အားပေးခဲ့သော အသင်းသားများအား အသင်းဥက္ကဋ္ဌ ဦးကျော်သူနှင့် တာဝန်ရှိသူတစ်ဦးက ဆုများချီးမြှင့်ခဲ့သည်။ ဆက်လက်၍ လူမှုရေးတေးဂီတဖျော်ဖြေမှုများ၊ လူမှုရေးအော်စကာဆုချီးမြှင့်ခြင်း၊ လူမှုရေးသမားများ၏ လူမှုသံချပ်ဖျော်ဖြေခြင်း အစရှိသည့် ပျော်ရွှင်ဖွယ်ရာ ဗဟုသုတရစေမည့် အစီအစဉ်များဖြင့် တက်ရောက်လာသော ပြည်သူများအား ဖျော်ဖြေခဲ့သည်။ **(၁၆၃)**

ပြည်တွင်းသတင်း

ကသာ ဇန်နဝါရီ ၄

မီးရထားလမ်း ခုံးကျော်တွင် ကားများနှင့် ဆိုင်ကယ်များ သတိထားပြီးမောင်းရန်လိုအပ်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာ-အင်းတော်သွားသည့် ကသာ မြောက်ဘူတာသွား မီးရထားလမ်း ခုံးကျော်တွင် ကားကြီးများ၊ သုံးဘီးဆိုင်ကယ်များနှင့် ဆိုင်ကယ်များသည် သတိထား မောင်းနှင်သွားလာရန် လိုအပ်ကြောင်း သိရသည်။

"ကသာမြို့မှာရှိတဲ့ သုံးဘီးဆိုင်ကယ်တွေဟာ မြောက်ဘူတာဘက်ကို သွားတဲ့ ကားလမ်းသံလမ်းခုံးကျော် ရောက်ရင် အရှိန်လျှော့ မောင်းဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ ယာဉ်ကြီး ဖြစ်တဲ့ ကားကြီးတွေဟာ သံလမ်းခုံးကျော် ရောက်ရင် ဖြည်းဖြည်းထိန်းပြီး မောင်းနှင်နေကြတယ်။ ဒါပေမယ့် သံလမ်းခုံးကျော်မှာ တချို့သုံးဘီးတွေနဲ့ တချို့ ဆိုင်ကယ်တွေဟာ အရှိန်မလျှော့ဘဲ မောင်းနှင်သွားလာနေကြတယ်။ သုံးဘီးတိုင်းတော့ မဟုတ်ပါဘူး။ မောင်းတဲ့အခါမှာ အရှိန်မလျှော့တဲ့ ဆိုင်ကယ်တွေ၊ သုံးဘီးတွေကို ပြောတာပါ" ဟု ကသာမြို့ခံတစ်ဦးက ပြောဆိုခဲ့သည်။ ကသာမြို့အဝင် ကားလမ်းရှိ သံလမ်းခုံးကျော်တွင် မြင်ကွင်းများ သာယာလှပမှုရှိသော်လည်း အချို့သော သုံးဘီးများနှင့် ဆိုင်ကယ်များသည် သံလမ်းခုံးကျော်တွင်အရှိန်မလျှော့ဘဲ မောင်းနှင်သွားလာမှုများ ရှိနေကြကြောင်း သိရသည်။ "အခု မြင်တွေ့နေရတဲ့ သံလမ်း ခုံးကျော် ကားလမ်းမှာရှိတဲ့ ကြော်ငြာ ဆိုင်းဘုတ်ကြီးဟာ မြို့ရဲ့ ကျက်သရေကို ဆောင်ပြီး လှပနေပါတယ်။ ဒါပေမယ့် နည်းနည်းလေးတော့ ကားလမ်းနဲ့လည်း နီးနေတယ်။ ကားလမ်းနဲ့ နီးသလို ရထားလမ်းနဲ့လည်း နီးနေတယ်။ ရထားတွေ၊ ကားတွေသွားလာတဲ့အခါမှာ ရထားပေါ်၊ ကားပေါ်မှာပါတဲ့ခရီးသည်တွေ ကြော်ငြာဆိုင်းဘုတ်ကို မြင်တွေ့ရတာတော့ ကောင်းပါတယ်။ ဒါကြောင့် အဲဒီနေရာမှာ ဆိုင်ကယ်သမားတွေ သတိထားပြီး မောင်းဖို့လိုပါတယ်" ဟု ၎င်းဒေသခံက ရှင်းပြသည်။ **လေပွေနီ(အင်းတော်)**

ရှင်းပါတယ်

ဘဝတစ်ကွေ့ အတွေ့အကြုံ

ဥစားကြက်မွေးမြူရေးလုပ်ငန်းကို မြန်မာနိုင်ငံမှာ အခုအခါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာကြပါတယ်။ အစာကုန်ကြမ်းဈေးကွက် တရိပ်ရိပ်တက်လာတဲ့အတွက် ဥစားကြက် မွေးမြူရေးခြံတွေ တော်တော်များများ ဖျက်သိမ်းကြတာ ကြားနေရပါတယ်။ ဒါကြောင့် ဥစားကြက်မွေးမြူရေးခြံတစ်ခြံရဲ့ အကြမ်းအမြတ်ခန့်မှန်းပုံလေးကို ဖြန့်ဝေချင်ပါတယ်။

ဥစားကြက်ခြံတစ်ခြံ၏ အသုံးစရိတ်ခေါင်းစဉ်များ

(၁)	ကြက်ပေါက်ဝယ်ယူခြင်း စရိတ်	
(၂)	ကြက်စာစရိတ်	၈၀%
(၃)	ကြက်ဆေးစရိတ်	၂၀%
(၄)	အလုပ်သမားစရိတ်	
(၅)	ရေ/မီးစရိတ်	
(၆)	သယ်ယူပို့ဆောင်စရိတ်	
(၇)	ခြံပြုပြင်ထိန်းသိမ်းစရိတ်	
(၈)	ခြံယိုယွင်းစရိတ်	
(၉)	အခြားစရိတ်	

အထက်က ဖော်ပြထားတဲ့ အသုံးစရိတ်အနက် အစာစရိတ်က ၈၀ ရာခိုင်နှုန်း၊ ကုန်ကျစရိတ်ထဲမှာ (ကြက်ပေါက်ဖိုးမပါ) ၂၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒါကြောင့် ခြံတစ်ခြံရောက်ရင် လတ်တလောအခြေအနေကို အမြန်ဆုံးသိချင်ရင် အောက်ပါမေးခွန်းကို မေးပြီးရင် အကောင် ၁၀၀ စာအတွက် ချတွက်ကြည့်ပါ-

(၁) ဥကြက်စာ တစ်ပိဿာ ဘယ်ဈေးလဲ
၆၅၀ ကျပ်
(၂) ကြက်ဥတစ်လုံးရောင်းရဈေး ဘယ်လောက်လဲ
၆၅ ကျပ်
(၃) တစ်ရက်ကြက်ဥ ဘယ်လောက် % ဥသလဲ ?
၇၅%

အဖြေရလျှင် အောက်ပါအတိုင်း တွက်ချက်ကြည့်ပါ-

ဥကြက်မ အကောင်(၁၀၀) × အစာစားနှုန်း × ဥကြက်မစာ

(ဥကြက်တစ်ကောင် တစ်ရက်လျှင် ၀. ၀၆၅ ကျပ်သားစားပါသည်။ ၎င်းအချက်မှာ ပုံသေဖြစ်၍ အမြဲမှတ်ထားပါ)။

$$= ၁၀၀ \times ၀.၀၆၅ \times ၆၅၀$$
$$= ၄၂၂၅ \text{ ကျပ်}$$

ကြက်စာသည် အသုံးစရိတ်၏ ၈၀ % ဖြစ်၍ ကျန်စရိတ်များကို အသေးစိတ်မေးရန်မလိုဘဲ အောက်ပါအတိုင်း ၁၀၀ % အသုံးစရိတ်ကို တွက်ရပါမည်-

၈၀ % အသုံးစရိတ် = ၄၂၂၅
၁၀၀ % အသုံးစရိတ် = ?

$$\frac{၄၂၂၅ \times ၁၀၀}{၈၀}$$
$$= ၅၂၈၁.၂၅$$

ကြက်ဥတစ်လုံးရောင်းဈေးမှာ ပျမ်းမျှ ၆၅ ကျပ်ဖြစ်၍ အသုံးစရိတ် ၁၀၀ % အရင်းငွေပြန်လည်ရရှိရန် ကြက်ဥ ရရှိရမည့် % ကို တွက်ရပါမည်။

၆၅ ကျပ် = ကြက်ဥ တစ်လုံး
၅၂၈၁ ကျပ် = ?

$$\frac{၅၂၈၁ \times ၁}{၆၅}$$
$$= ၈၁.၂၄$$

ဒါဆိုရင် ခင်ဗျားခြံ ရှုံးနေပြီ !
ဘာဖြစ်လို့လဲဆိုရင်တော့ ရှင်းနေပြီလေ။ ဒီကြက်စာဈေးနဲ့ ၈၁. ၂၄ % ဥမှ အရင်းရမှာ၊ ခင်ဗျားခြံက ၇၅ % ဥတော့ ရှုံးနေပြီပေါ့ဗျာ။ **(ပြုံးချို)**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)တွင် မြေထိန်းနံရံဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)တွင် အရှည် ၃၁၁ပေ× အမြင့် ၉ပေ၊ အထူ ၉လက်မရှိ ၉လက်မ×၉လက်မ သံကူကွန်ကရစ်တိုင်ပါ အုတ်စီမြေထိန်းနံရံဆောက်လုပ်ခြင်းနှင့်အရှည် ပေ၁၂၇၀ရှိ လက်ရှိအုတ်ခြံစည်းရိုးပေါ်တွင် ၃ပေအမြင့် ၉လက်မထု နံရံမြှင့်တင်ခြင်းလုပ်ငန်းတို့ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများ၊ ဗီသုကာပုံစံများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် လိုအပ်သည့် အချက်အလက်များကို ၇-၁-၂၀၁၃ရက်မှ ၁၁-၁-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန် ဖြစ်ပါသည်။ **သတ်မှတ်ရက်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

၄။ အဆိုပါလုပ်ငန်းများအတွက် တည်ဆောက်ရမည့် မြေပြင်အခြေအနေကို ကြည့်ရှုလိုသူများ နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး) သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၀၂-၆၂၉၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊	**အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း**
ပြန်ကြားရေးဝန်ကြီးဌာန	**ငှားရမ်းခြင်းလုပ်ငန်းကော်မတီ**
ရုံးအမှတ် (၇)၊ နေပြည်တော်	**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၄၁၂၂၀၅	**ရုံးအမှတ် (၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၂၇**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လူနေရပ်ကွက် သုဝဏ္ဏ (တန်ဖိုးနည်း)၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၈၇၊ ဧရိယာ ၀ ဒသမ ၀၅၉ ဧက၊ ၂၅၉၂ စတုရန်းပေရှိ ဦးကျော်သာ အမည်ပေါက် မြေငှားဂရန်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်မြစိန် ၁၂/ ဥကတ(နိုင်)၀၂၄၇၃၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သရဖီတင်ညွှန့် (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ
တိုက်-၁၀/၁၂၊ အခန်း ၁၀၄/F ၊
ပထမထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၁၇၄၂၃

ကန့်ကွက်ရန်ကြော်ငြာ

ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်(၂)၊ အခန်း ၂၀၃၏ မူလအမည်ပေါက် ဦးစိုးတင့် ၇/ပတတ(နိုင်)၀၂၂၆၆၂ ထံမှ ဒေါ်မြင့်ကြည် (ခ) ဒေါ်တင်အုံး ၁၂/မဂဒ(နိုင်)၀၀၇၈၇၄ က အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက် ၁၄ ရက်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ကုန္တီတံ-ဝေဇယန္တာအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် ၁၈၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ ဧရိယာအားဖြင့် ၀ဒသမ၀၈၄ဧက၊ စတုရန်းပေ ၃၆၅၀ နှစ် ၆၀ မြေငှားဂရန်မြေကွက်ဖြစ်ပြီး၊ ယင်းမြေကွက်ပေါ်တွင် တိုက်အမှတ်(၆၄/အေ)ဟု ခေါ်တွင်သော နှစ်ထပ်အာရ်စီတိုက် (စွဲကပ်ပစ္စည်းအပါအဝင်)၊ ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ရေအပြည့်အစုံ၊ အော်တိုတယ်လီဖုန်းအမှတ်(၀၁-၅၇၀၀၀၄)တစ်လုံး စသည်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးထွန်းလင်း-ဒေါ်ခင်နွယ်ထွေးတို့ထံမှ ဒေါ်သီဂီဝင်း(ခ) ခိုင်ဇင်မွန်က ဝယ်ယူအမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး အရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်သည်ဟု ဝန်ခံပြောဆို၍အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ကျွန်တော်၊ကျွန်မတို့ကလည်း ဝယ်ယူရန်သဘောတူပါသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေ၊ အိမ်နှင့်ပတ်သက်သော ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်တော်ကျွန်မတို့ထံ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကုန်ဆုံးသည့်အခါကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

(၁) ဦးအာကာဦး ၁၂/ ဗဟန(နိုင်)၀၈၃၉၄၉ (၂)ဒေါ်သင်းမွန်မွန်ဦး ၁၂/ဗဟန(နိုင်)၀၉၀၆၉၃
အမှတ် ၁၅၅၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၆၂၃၄၀၊ ၀၉-၅၄၁၁၆၇၈

ပြည်တွင်းနှင့်အားကစားသတင်း

စပါးလှိုင်လှိုင်ပေါ်ချိန် ဈေးနှုန်းကျ

သတင်းနှင့်ဓာတ်ပုံ-ပိန်းဇလုပ်သိန်းညွန့်

ညောင်လေးပင် ဇန်နဝါရီ ၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင် စပါးလှိုင်လှိုင်ပေါ်ချိန် ယခုရက်ပိုင်းအတွင်း စပါးဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေကြောင်း ဒေသခံတောင်သူများကပြောသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလကစပြီး စပါးဈေးနှုန်းဟာ အကျဘက်သို့ဦးတည်ခဲ့ပြီး အခုဒီဇင်ဘာလကုန်မှာ အစောပိုင်း ဈေးကွက်ဖွင့်စပါးဈေးထက် တင်းတစ်ရာကို အနည်းဆုံး ငွေကျပ် ၆၀၀၀၀အထိ ဈေးပြုတ်ကျသွားတယ်။ ဈေးကွက်ဖွင့်စပါးတင်းတစ်ရာကို ငွေကျပ် ၃၆၀၀၀၀ ရောင်းချလာခဲ့ရာကနေ အခု တဖြည်းဖြည်းနဲ့ ဆက်တိုက်ကျလာလိုက်တာ ဒီဇင်ဘာလကုန်မှာဆိုရင် မနောသုခတင်းတစ်ရာ ငွေကျပ်သုံးသိန်းဈေးနဲ့ပဲ ရောင်းခဲ့ရတယ်။ စပါးလည်းသန့်လို့ပေးတာလို့လည်းပြောတယ်။ နောက်ထပ်တော့ရောင်းစရာ မရှိတော့ပါဘူး။ ဒါအကုန်ပါပဲ"ဟု ဒီဇင်ဘာ ၃၁ ရက်က မနောသုခစပါးတင်း ၁၀၀ သွားရောက်ရောင်းချခဲ့သော လယ် ၁၀ ဧက စိုက်ပျိုးခဲ့သည့် ပိန်းဇလုပ်ကျေးရွာ အုပ်စု ကင်မွန်းခြံရွာနေ လယ်သမား ဦးကျော်ငြိမ်းက ပြောကြားသည်။

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအုပ်စု ရတနာတံခွန်ဆန်စက်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမြင့်လွင်ကလည်း "ဆန်အရည်အသွေးကောင်းမွန်အောင် တရုတ်နိုင်ငံထုတ်ဆန်စက်တွေနဲ့ တည်ဆောက်လည်ပတ်လုပ်ကိုင်နေပါတယ်။ ကျွန်တော်နဲ့အပြိုင် သမ္မစိတ္တဆန်စက်ပွဲရုံ၊ ဦးကျင်ကျင်ဝင်း ဆန်စက်ပွဲရုံ၊ ဦးထိန်လင်းဆန်စက်ပွဲရုံတွေကလည်း ဒေသထွက်စပါးတွေကို ဝယ်ယူနေကြပါတယ်။ ကျွန်တော်က ဆန်စက်လုပ်ငန်းအပြင် မိုးစပါး ဧက ၄၀ စိုက်ပျိုးတဲ့ တောင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော်စိုက်ပျိုးတဲ့ လယ်ယာမြေမှာ ယခုနှစ်မိုးစပါးအထွက် တစ်ဧကပျမ်းမျှတင်း ၉၀ နှုန်း ထွက်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ စပါးဈေးနှုန်းကတော့ ပြီးခဲ့တဲ့ ဒီဇင်ဘာလကုန်မှာ ပိုပြီးကျလာတယ်။ စပါးသန့်ရင်တော့ စပါးတင်း ၁၀၀ ကို ငွေကျပ်သုံးသိန်းနှုန်းပေးရဲတယ်။ တချို့ကလည်း စပါးမှာ အဖျင်းပါတာတွေ၊ မသန့်တာတွေရှိတော့ ဆန်မလှတဲ့အတွက် သိပ်မပေးရဲဘူး" ဟု စပါးဈေးကွက်အခြေအနေကို ရှင်းပြသည်။

ကျောက်တံခါးမြို့နယ်တွင်လည်း စပါးဈေးနှုန်းသည် အကျဘက်တွင်ရှိနေကြောင်း ကျောက်တံခါးမြို့နယ်မှ တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ဘက်မှာလည်း စပါးဈေးကျတယ်။ ပေါ်စက စပါးတင်း ၁၀၀ကို ငွေကျပ် ၃၆၀၀၀၀ လောက်ရှိတယ်။ အခု ငွေကျပ် ၃၀၀၀၀၀ လောက်ပဲ ရှိတော့တယ်" ဟု ဆေးရိုးခင်ကျေးရွာမှ လယ်သမားတစ်ဦးက ဆိုသည်။ အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့မှုကြောင့်လည်း တောင်သူအများစု စပါးရိတ်သိမ်းချိန် နောက်ကျခဲ့ရသကဲ့သို့ မိုးကြောင့်လည်း ဆန်အရည်အသွေး မကောင်းသည့်အတွက် ပွဲစားများက ဈေးနှိမ်ဝယ်ယူကြကြောင်းလည်း ၎င်းက ပြောပြသည်။

ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်များတွင် မနောသုခ၊ ဆင်းသုခ၊ ရွှေဝါထွန်း၊ ပုလဲသွယ်၊ ရာကျော်၊ ပေါ်ဆန်းမွှေးစပါးများကို စိုက်ပျိုးကြပြီး အဆိုပါမြို့နယ်များရှိ လက်ရှိစပါးပေါက်ဈေးမှာ ဧည့်မထအုပ်စု တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၊ ငစိန်အုပ်စု ရာကျော်တစ်တင်းလျှင် ငွေကျပ် ၂၉၀၀ ရှိပြီး ဧည့်မထအုပ်စု ဆန်ကြမ်းတစ်အိတ်လျှင် ငွေကျပ် ၁၁၈၀၀ ဈေးရှိကြောင်း သိရှိရသည်။

ကျိုင်းတုံမြို့၌ ယာဉ်လိုင်းသစ်ဖွင့်

ကျိုင်းတုံ ဇန်နဝါရီ ၄

"ရွှေထီး"တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး ခရီးသည်ပို့ဆောင်ရေး အဆင့်မြင့်အမြန်ယာဉ်ငယ်လိုင်းအသစ်ဖွင့်ပွဲနှင့် ခရီးသည်စတင်ပို့ဆောင်ပြေးဆွဲခြင်းအခမ်းအနားကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီခွဲက ရှမ်းပြည်နယ် ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက် အဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအတွင်းရှိ အဆိုပါယာဉ်လိုင်းသစ်ဂိတ်ရှေ့၌ ကျင်းပခဲ့သည်။

ပေးအပ်ခဲ့

အခမ်းအနားတွင် ကျိုင်းတုံခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက ယာဉ်လိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကျိုင်းတုံမြို့မှ တာချီလိတ်မြို့သို့ စတင်ပို့ဆောင်ပြေးဆွဲမည့် ယာဉ်ငါးစီးကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကာ တာချီလိတ်မြို့သို့ လိုက်ပါမည့် ခရီးသည်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် "ရွှေထီး" ခရီးသည်ပို့ဆောင်ရေးအဆင့်မြင့်အမြန်ယာဉ်ငယ်ငါးစီးသည် တာချီလိတ်မြို့သို့ ထွက်ခွာခဲ့ကြသည်။ "ရွှေထီး"တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး ခရီးသည်ပို့ဆောင်ရေးအဆင့်မြင့်အမြန်ယာဉ်ငယ်လိုင်းသစ်သည် ခရီးသွားများ သက်သောင့်သက်သာဖြင့် ခရီးသွားလာနိုင်ကြစေရန်အတွက် HIACE၊ LIACE နှင့် COBRA 415 အံ့စာတုံးပုံစံအဆင့်မြင့် အမြန်ယာဉ်ငယ်စီးရေ ၂၀ ဖြင့် တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး ခရီးစဉ်များကို တစ်ညအိပ်ခရီးဖြင့် အိမ်တိုင်ရာရောက် ကြိုပို့စနစ်ဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(နိုင်နိုင်အောင်ဝေ)**

ရှမ်းနှစ်သစ်ကူးပွဲတော်ဗန်းမော်မြို့၌ ကျင်းပ

ဗန်းမော် ဇန်နဝါရီ ၄

ရှမ်းတိုင်းရင်းသားများ စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့က ကြီးမှူးကျင်းပသည့် ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၁၈ ရက်က ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့ရှိ သုံးမိုင်ရွှေပြည်သာရပ်ကွက်၊ ဝေဠုဝန် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပရာ ဗန်းမော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ရှမ်းတိုင်းရင်းသားများ စာပေနှင့်ရိုးရာယဉ်ကျေးမှု ဗန်းမော်ခရိုင်ဥက္ကဋ္ဌ ဦးစိုင်းသာအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)** ပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ စည်ကားစွာကျင်းပကြောင်း သိရသည်။ (၀၇၃)

ဘရစ္စဘိန်းတင်းနစ်ပြိုင်ပွဲ ဆီရီနာ အကြိုဗိုလ်လုပွဲတက်

အမေရိကန် နာမည်ကြီးတင်းနစ်မယ် ဆီရီနာဝီလျံသည် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင် ယှဉ်ပြိုင်ကစားလျက်ရှိသော ဘရစ္စဘိန်းအင်တာနေရှင်နယ်တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်ဆယ်ကျော်သက် စလုံးစတီဗင်ကို အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဝင်ဘယ်ဒန်၊ အိုလံပစ်နှင့် ယူအက်စ်အိုးပင်းချန်ပီယံ ဆီရီနာဝီလျံ **(အောက်ပုံ)** သည် အသက် ၁၉ နှစ်ရှိ စလုံးစတီဗင် အား ၆-၄၊ ၆-၃ ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ သူမသည် အကြိုဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်တစ် အဇာရင်ကာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘီလာရုစ်တင်းနစ်မယ် အဇာရင်ကာသည် ယခုလကုန်ပိုင်းတွင် ဩစတြေးလျအိုးပင်းဖလားကို ကာကွယ်နိုင်ဖွယ်ရှိသည်။

တိုက်စစ်မှူး ချာမက် ဝက်စ်ဟမ်းသို့ ပြောင်းမည်

အာဆင်နယ်တိုက်စစ်မှူး ချာမက်သည် ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရန် စတင်ဆွေးနွေးနေပြီဖြစ်သည်။ အသက် ၂၈ နှစ်ရှိ မော်ရိုကို တိုက်စစ်မှူး ချာမက်သည် ၂၀၁၀ ခုနှစ်က ဘော်ဒိုးအသင်းမှ ရောက်ရှိလာပြီး ပုံမှန်နေရာမရ ဖြစ်နေသည်။ ချာမက်သည် ဘော်ဒိုးတွင် ၂၉၃ ပွဲ ကစားခဲ့ပြီး ၇၉ ဂိုးသွင်းယူခဲ့သူဖြစ်သည်။

နောက်တန်းလူ ဂျက်ဂျီကာ အဲဗာတန်နှင့် ထပ်မံစာချုပ်

အဲဗာတန်နောက်တန်းကစားသမား ဖီးလ်ဂျက်ဂျီကာသည် ၎င်းကလပ်နှင့် ၂၀၁၇ ခုနှစ်အထိ စာချုပ်သစ်ချုပ်ဆိုလိုက်သည်။ အသက် ၃၀ ရှိ အင်္ဂလန်လက်ရွေးစင် ဂျက်ဂျီကာသည် လက်ရှိစာချုပ်မှ နှစ်နှစ်ထပ်မံစာချုပ်လိုက်ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၇ ခုနှစ်က ရှက်ဖီးယူနိုက်တက်မှ ပေါင်လေးသန်းဖြင့် အဲဗာတန်က ခေါ်ယူခဲ့သည်။ ၎င်းသည် ၂၀၀၈ ခုနှစ်က အင်္ဂလန်အသင်းတွင် စတင်ကစားခဲ့သည်။ လာမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲလေးပွဲကစားရာတွင် သုံးပွဲပါဝင်ကစားပေးခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်



အများသိစေရန်

အမှတ်(၉/အေ)၊ တောင်သူကုန်းရပ်ကွက်၊ ၂၈/၁^၁၊၂၈/၁^၂ ဦးစံလုံးလမ်း၊ အင်းစိန်(လ/န)၃၉ရပြီး မြေပိုင်မြေမှာ ဦးစောမျိုးသန်း အမည်ပေါက်ဖြစ်၍ အမည်ပေါက်မူရင်းစာအမှတ်မှာ ၀၀၉၃၉၁ ဖြစ်ပါသည်။ အဆိုပါစာရွက်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ မိတ္တူမှန်ကို ဦးစောမျိုးသန်း၏ အထူးကိုယ်စားလှယ်စာရသူ နော်ဖောလာထူး ၁၄/ညတန(နိုင်)၀၁၀၅၂၁က မိတ္တူမှန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အက်စတာမြတ်ထွေး
LL.B, C.B.L, D.B.L, F.B.S,D.B.SP, Applied Political Science
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၇၁)
၅၅၊ပထမထပ်၊မဟာဗန္ဓုလလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၈၂၁၈၇

မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
သစ်အခြေခံစက်မှုလုပ်ငန်းဌာနတို့မှ
အငြိမ်းစားသက်ကြီးဆရာများကန်တော့ပွဲ
အဋ္ဌမအကြိမ် ကို

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက် (စနေနေ့) နံနက် ၉း၀၀နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၊ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ တပည့်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကန်တော့ပွဲကျင်းပရေးအဖွဲ့

အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့
APOLLO GLENEAGLES HOSPITAL KOLKATA
ဆေးရုံကြီးမှ ဆရာဝန်ကြီးများဖြစ်ကြသော

၁။ **အစာအိမ်နှင့်အူလမ်းကြောင်းခွဲစိတ်ဆရာဝန်ကြီး**
Dr.SUDDASATTA SEN[DNB,MS,MRCS(UK).MNAMS.FMAS, FHPB&LIVER TRANSPLANT]
၂။ **ဦးနှောက်နှင့်အာရုံကြောဆရာဝန်ကြီး**
Dr.ANIRBAN DEEP BANERJEE [MBBS, MCh.(NEUROSURGERY)]
၃။ **ဓာတ်ရောင်ခြည်ကုထုံးဆရာဝန်ကြီး**
Dr.AKHTER JAWADE [MD (radiotherapy)]

တို့မှ လူနာဟောင်း၊ လူနာသစ်များကို အခမဲ့စမ်းသပ်ကြည့်ရှုပေးမည်ဖြစ်ပါသည်။

၁။ **တွေ့ဆုံဟောပြောပွဲ** ၂ နာရီမှ ၃ နာရီအထိ
၂။ **လူနာဟောင်း၊ လူနာသစ်များကို** ၃ နာရီမှ ၆ နာရီအထိ
အခမဲ့စမ်းသပ်ကုသပေးခြင်း
နေ့ရက်- ၉-၁-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)
နေရာ - TRADERS HOTEL (အင်း၀၊တောင်ငူခန်းမ)

ဆက်သွယ်ရန်
သီတာအေးမြဝန်ဆောင်မှုကုမ္ပဏီလီမိတက်
မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့
အမှတ် ၄၄၈-ဘီ၊ ပထမထပ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၉၆၄၄၆၊ ၀၁-၃၉၄၈၈၉၊ ၀၉-၅၀၁၃၅၂၂၊ ၀၉-၅၀၆၅၈၇၁၊ ၀၉-၇၃၀၄၅၅၀၀

နိုင်ငံတကာအားကစားသတင်း

အားပြိုင်မှုတွေပြင်းထန်မယ့် အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်

အက်ဖ်အေဖလား တတိယအဆင့် ပွဲစဉ်တွေကို ဇန်နဝါရီ ၅ ရက်၊ ၆ ရက်နဲ့ ၇ ရက်တွေမှာ ဆင်နွှဲကြမှာဖြစ်ပါတယ်။ အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ် ခြောက်ပွဲကို ပထမပိုင်းအဖြစ် သုံးသပ်ရေးသားခဲ့ပြီးဖြစ်တာမို့ ကျန်ပွဲစဉ်တွေကို ဆက်လက်ဖော်ပြသွားမှာ ဖြစ်ပါတယ်။ အင်္ဂလန်နိုင်ငံရဲ့ သက်တမ်းအရှည်ကြာဆုံး ဘောလုံးပြိုင်ပွဲဖြစ်တဲ့အပြင် ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးတွေကလည်း အလေးထားရယူပိုင်ဆိုင်လိုတဲ့ ဖလားလည်းဖြစ်တာမို့ ပရိသတ်တွေရဲ့အားပေးမှုတွေဟာ မြိုင်မြိုင်ဆိုင်ဆိုင် ရှိနေဦးမှာဖြစ်ပါတယ်။

ဘော်လ်တန်နှင့် ဆန်းဒါးလန်း

အက်ဖ်အေဖလားပြိုင်ပွဲတွေမှာ ဒီနှစ်သင်းဆုံတွေ့မှုရဲ့ ရှစ်ကြိမ်မှာ ဘော်လ်တန်တို့တစ်ပွဲသာ အနိုင်ရထားပြီး ဆန်းဒါးလန်းတို့က ငါးကြိမ်အနိုင်ယူထားသလို သရေနှစ်ပွဲကျထားပါတယ်။ အိမ်ရှင် ဘော်လ်တန်အသင်းမှာ လီချန်ယောင်၊ အီးလ်ဂဲလ်နှင့်ဇက်နိုက်တို့ ပါဝင်မှာမို့ ကစားအားကောင်းပါလိမ့်မယ်။ ဆန်းဒါးလန်းတို့ကတော့ မန်စီးတီးလိုအသင်းကိုတောင် အနိုင်ကစားထားနိုင်တဲ့ ခြေစွမ်းရှိတာမို့ ဘော်လ်တန်တို့ သတိထားရမှာဖြစ်ပါတယ်။ ဘော်လ်တန်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲရလဒ်တွေက အားရစရာမရှိတာမို့ အိမ်ကွင်းဆိုပေမယ့် ခက်ခဲမှုတွေနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ ဆန်းဒါးလန်းတို့ ပုံမှန်ခြေစွမ်းရရင်တော့ ဒီပွဲမှာ ဆန်းဒါးလန်းဘက်ကပဲ အားပေးရမှာပါ။

ဘရိုက်တန်နှင့် နယူးကာဆယ်

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုသုံးပွဲမှာ နယူးကာဆယ်တို့ နိုင်ပွဲတစ်ပွဲမှမရခဲ့ပါဘူး။ ပြီးခဲ့တဲ့နှစ် အက်ဖ်အေဖလားပွဲမှာလည်း ဘရိုက်တန်တို့ကအနိုင်ယူခဲ့တာမို့ ဒီပွဲမှာလည်း ဘရိုက်တန်တို့ စိတ်ဓာတ်အသာစီးရနေမှာတော့ အမှန်ပါပဲ။ ပရီမီယာလိဂ်မှာ အခြေမလှဖြစ်နေတဲ့ နယူးကာဆယ်ဟာ ဒီပွဲမှာ ဘရိုက်တန်ကိုတော့ အနိုင်ကစားဖို့ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့်ဘရိုက်တန်တို့က ပုံမှန်ခြေစွမ်းပြန်ရနေတာမို့ နယူးကာဆယ်တို့ အမြင့်ဆုံးမျှော်လင့်ချက်က သရေဖြစ်ပြီး အနိုင်ဆိုရင် အိမ်ရှင်ပရိသတ်တွေအတွက်ပဲဖြစ်ဖို့ များနေပါတယ်။

ဖူလ်ဟမ်နှင့် ဘလက်ပူးလ်

အိမ်ရှင်ဖူလ်ဟမ်တို့ ဘလက်ပူးလ်နဲ့ဆုံတိုင်း အနိုင်ရအောင်ကစားနိုင်ပါတယ်။ ဖူလ်ဟမ်ရဲ့လက်ရှိခြေစွမ်းက တည်ငြိမ်မှုမရှိပေမယ့် တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်က ထက်မြက်နေတာမို့ ဒီပွဲမှာ ဘလက်ပူးလ်တို့ အနိုင်ရလဒ်ကို ကျောခိုင်းသွားရမယ့် အနေအထားပါပဲ။ ဖူလ်ဟမ်ကအိမ်ကွင်းမှာ ကစားပုံမမှန်တာမို့ ဘလက်ပူးလ် ပရိသတ်တွေရင်ပူရမယ့်ပွဲဖြစ်ပြီး အမြင့်ဆုံးမျှော်လင့်ချက်က သရေဆိုတာထက်တော့မပိုနိုင်ပါဘူး။

ဘလက်ဘန်းနှင့် ဘရစ္စတိုး

ဘလက်ဘန်းဟာ ဘရစ္စတိုးနဲ့ဆုံတိုင်း ရလဒ်ကောင်းအောင် ကစားနိုင်ပါတယ်။ ဘလက်ဘန်းရဲ့ ခြေစွမ်းဟာ လက်ရှိမှာတော့ ဘရစ္စတိုးနဲ့ ကွာဟမှုမရှိတာမို့ ဒီပွဲမှာတော့ အကြိတ်အနယ်နွှဲရမယ့် အနေအထားဖြစ်ပါတယ်။ ဒါပေမယ့် ဘလက်ဘန်းဟာ အိမ်ကွင်းမှာဆိုရင် ကစားပုံကောင်းမွန်တဲ့အပြင် ကွင်းလယ်ကစားအားလည်း အားသာမှုရှိတာမို့ ဘရစ္စတိုးတို့အတွက် လွယ်ကူမယ့်ပွဲတော့မဟုတ်ပါဘူး။ ဒါကြောင့် အောင်မြင်မှုအပြီးဟာ အိမ်ရှင်ပရိသတ်တွေမှာပဲ မြင်တွေ့ရနိုင်ပါလိမ့်မယ်။

ဝီဂန်နှင့် ဘိုနီမောက်

ဝီဂန်နဲ့ဆုံတိုင်း ဘိုနီမောက်တို့က အားထည့်ကစားတတ်တာမို့ အိမ်ရှင်တို့ ဒီပွဲကို ပေါ့ဆလို့တော့ မရပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုသုံးပွဲရလဒ်ကိုကြည့်ရင် ဘယ်အသင်းက အသာစီးရခဲ့တာမဟုတ်လို့ အကြိတ်အနယ်ရှိမယ့် ပွဲဖြစ်ပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်မှာ တန်းဆင်းဇုန်ထဲကျရောက်နေတဲ့ ဝီဂန်ဟာ ဒီပွဲမှာတော့ အနိုင်ရအောင်ကြိုးစားပြီး နိုင်ပွဲစိတ်ဓာတ်ကို ရယူမြှင့်တင်ပါလိမ့်မယ်။ ဘိုနီမောက်တို့က တိုက်စစ်အားကောင်းတာမှန်ပေမယ့် အောင်ပွဲရယူလိုမှု မြင့်မားနေတဲ့ အိမ်ရှင်ကို ကျော်ဖြတ်မှု သိပ်တော့မလွယ်ပါဘူး။ ဝီဂန်ကို အားပေးရမှာဖြစ်ပေမယ့် ဘိုနီမောက်ကို လျစ်လျူပြုလို့လည်း မရတဲ့ပွဲပါပဲ။

ဗီလာနှင့် အစ်ဆွစ်

အိမ်ရှင်ဗီလာဟာ အစ်ဆွစ်ကို ဒီပွဲမှာ အမာခံကစားသမားတွေနဲ့ ဧည့်ခံမှာဖြစ်ပါတယ်။ တိုက်စစ်စွမ်းရည်ကျဆင်းနေသလို နောက်တန်းအားနည်းချက်တွေရှိနေတဲ့ ဗီလာကိုအစ်ဆွစ်တို့ သေသေချာချာပြင်ဆင်ကစားရင် အခြေအနေကောင်းနိုင်ပါတယ်။ ဗီလာနဲ့အစ်ဆွစ်တို့ နောက်ဆုံး ဆုံတွေ့ခဲ့တဲ့ သုံးပွဲမှတ်တမ်းကတော့ ဗီလာတို့ အနိုင်ယူထားမှုများတာမို့ အဲဒီအစဉ်အလာကို ချေဖျက်နိုင်မလားဆိုတာ ဒီပွဲမှာ အစ်ဆွစ်ရဲ့ ခြေစွမ်းကို ကြည့်ရမှာပါ။ ဒါပေမယ့် ဗီလာဟာ ပရီမီယာလိဂ်မှာလည်း နိုင်ပွဲတွေပျောက်ဆုံးနေတာမို့ ဒီပွဲမှာတော့ ခြေကုန်ထုတ်မှာပါ။ ဒါကြောင့်မို့ ဗီလာကိုပဲ ထွေးပွေ့အားပေးရမှာဖြစ်ပါတယ်။

ခရော်လေနှင့် ရက်ဒင်း

ပြိုင်ဘက် မျက်နှာသစ်တွေရဲ့ ပထမဆုံးတွေ့ဆုံ အားစမ်းမယ့်ပွဲပါပဲ။ ခရော်လေဟာ ရက်ဒင်းလိုအသင်းကို ခြေရည်တူကစားနိုင်တဲ့ အင်အားတွေ စုဖွဲ့ထားပါတယ်။ ပရီမီယာလိဂ် တန်းဆင်းဇုန်ထဲမှာ ရုန်းကန်နေရတဲ့ ရက်ဒင်းဟာ အနိုင်ရလဒ်ဆိုတဲ့ ချိုမြိန်တဲ့အရသာကို ဒီပွဲမှာ သူ့ပရိသတ်တွေကို မျှဝေပေးနိုင်ဖို့ အစွမ်းကုန်ကြိုးစားပါလိမ့်မယ်။

မောင်မောင်မြင့်ဆွေ
ရေးသားသည်

အားကစားသတင်း အတိုအထွာ

- လိုင်ယွန်အသင်းနောက်ခံလူ ရီဗီလီရီအား ကျူပီအာအသင်းသို့ ခေါ်ယူစာချုပ်ရန် နည်းပြ ဟယ်ရီရက်နက်က ကြိုးစားလျက်ရှိသည်။
- အက်သလက်တီကိုမက်ဒရစ်အသင်းမှ အသက် ၂၂ နှစ်အရွယ် ဂိုးသမား ဂျိုးလ်အား ဝီဂန်အသင်းက ခေါ်ယူစာချုပ်မည်ဖြစ်သည်။
- ရှော်လ်ကေးကွင်းလယ်ကစားသမား ဟိုလ်ဘီအား စပါးအသင်းက စာချုပ်ချုပ်ဆိုရန် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။
- နာပိုလီအသင်းမှ အသက် ၂၅ နှစ်အရွယ် တိုက်စစ်မှူး ကာဗာနီအား ခေါ်ယူစာချုပ်ရန် ဆွေးနွေးလျက်ရှိသည်။
- ရီးရဲမက်ဒရစ်အသင်းမှ အသက် ၂၅ နှစ်အရွယ် အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင်အား ချယ်လ်ဆီးက ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။
- လိုင်ယွန်အသင်းနှင့် လာမည့်ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဂါနာနောက်ခံလူ ဂွန်မင်ဆက်အား ပြင်သစ်ကလပ် စတိတ်ရင်းနက်စ်က ခေါ်ယူမည်ဖြစ်သည်။
- အင်တာမီလန်အသင်းသည် အသက် ၂၈ နှစ်အရွယ် ကစားသမား ရှနိုက်ဒါအား ပွဲထွက်ကစားသမားစာရင်းတွင် ပါဝင်ထည့်သွင်းခြင်း မရှိသည့်အတွက် အသင်းမှ ထွက်ခွာလိုသောဆန္ဒပြင်းပြလျက်ရှိသည်ဟု ရှနိုက်ဒါက ပြောကြားသည်။
- အင်္ဂလန်ပရီမီယာလိဂ်မှ ဘောလုံးသမားများသည် ပွဲစဉ်များအလိုက် စိတ်ဖိစီးမှု အများဆုံးခံစားနေရသည့် ဘောလုံးသမားများဖြစ်ကြောင်း သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။
- ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရိုနယ်ဒိုအား အသင်းဟောင်းမန်ယူကသူ့အား စာချုပ်ချုပ်ဆို ပြန်လည်ခေါ်ယူလိုသောဆန္ဒရှိနေကြောင်း၊ မန်ယူကိုချစ်မြတ်နိုးဆဲဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- ဗီလာအသင်းသည် မန်စီးတီးနောက်ခံလူ အသက် ၃၀ အရွယ်ရှိ လက်စကော့အား ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။
- မန်ယူအသင်းက ခရစ္စတယ်ပဲလေ့စ်တိုက်စစ်မှူး ဇာဟာအားခေါ်ယူစာချုပ်ရန် ကြိုးစားလျက်ရှိပြီး လာမည့်နွေရာသီ၌ ခေါ်ယူနိုင်ရန် ဆွေးနွေးလျက်ရှိသည်။
- ရီးရဲမက်ဒရစ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ အသက် ၂၆ နှစ်အရွယ် တိုက်စစ်မှူး ဖယ်လ်ကာအိုအား ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။
- စပါးအသင်းသည် ကွင်းလယ်ကစားသမား လီကာမိုးအား ကျူပီအာနှင့် ဖူလ်ဟမ်အသင်းတို့မှ အပြိုင်ဈေးပေးမှုအပေါ် မူတည်၍ ရောင်းချမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- မန်စီးတီး၏ လေ့ကျင့်ရေးကွင်း၌ နည်းပြ မန်စီနီနှင့် တိုက်စစ်မှူး ဘာလော့တယ်လီတို့ ကိုယ်ထိလက်ရောက်ပြဿနာဖြစ်ခဲ့ကြောင်း မီဒီယာများက ဖော်ပြသည်။

မောင်ချစ်ကြည် - စုစည်းသည်

(၂)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

၅-၁-၂၀၁၃ရက်တွင် ကျရောက်သော သားလေး မောင်လင်းဝေယံမြင့်(ခ)မြူးမြူး၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အမျိုးဘာသာ၊ သာသနာအကျိုး သယ်ပိုးနိုင်သော သားကောင်းရတနာလေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဘိုးဘိုး ဦးမြင့်စိန်-ဘွားဘွား ဒေါ်မခွျလတ်
ဘိုးဘိုး ဗိုလ်မှူးကြီးစိုးမြင့်-ဘွားဘွား ဒေါ်စီစီဝင်း
ဖေဖေ ဦးစည်သူမြင့်-မေမေ ဒေါ်နှင်းလဲ့စိုး



တိုက်ခန်းရောင်းမည်

စမ်းချောင်း၊ ဗဟိုလမ်းမပေါ် လမ်းထောင့်၊ ပေ(၂၆×၆၀)၊ တတိယထပ်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ညှိနှိုင်း။ **ဖုန်း-၀၉-၅၁၅၂၉၁၅**

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ပုဇွန်တောင်မြို့နယ်၊(၁)ရပ်ကွက်၊အနော်ရထာလမ်း(၄၉ လမ်းထိပ်) တိုက်အမှတ်-၁၁၅/၁၂၁၊သုံးထပ်(ဒုတိယအလွှာ)၊ အခန်းအမှတ်(၂၉)ဟုခေါ်တွင်သော တိုက်ခန်းကို ကွယ်လွန်သူ ဦးမြင့်ရွှေမှ ဦးအောင်မင်း၊ ဒေါ်ခင်မေရီတို့နှင့် နှစ်ဦးသဘောတူ တိုက်ခန်းအလဲအလှယ် ကတိစာချုပ်အရ စာချုပ်ချုပ်ဆို၍ တိုက်ခန်းလဲလှယ်ခဲ့ကြရန်အတွက် နှစ်ဦးနှစ်ဖက်သဘောတူညီခဲ့ကြကြောင်း ဦးမြင့်ရွှေသည် (၂၈-၁၂-၂၀၁၁)ရက်တွင် ကွယ်လွန်ခဲ့ကြောင်း၊ ကွယ်လွန်ချိန်တွင် တစ်ဦးတည်းသောအမွေဆက်ခံခွင့်ရှိသူ ညီမအရင်း ဒေါ်ခင်ခင်ရွှေမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် တရားဝင်လွှတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းစသည်ဖြင့် ဖွင့်ဟဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့မှ ဝယ်ယူရန်အတွက် သဘောတူညီခဲ့ပြီး အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေအနက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များအားယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဦးအောင်မင်း ၁၂/ကတတ(နိုင်)၀၁၇၇၄၀၊ ဒေါ်ခင်မေရီ ၁၂/ကတတ(နိုင်)၀၁၇၇၃၅
တိုက်အမှတ် ၁၂၅၊ ပထမထပ်၊ အခန်းအမှတ် ၇၊ လမ်း ၅၀၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၀၂၁၀၄၉၊ ၀၁-၉၀၀၀၉၅၁

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မသန်သော်လည်းစွမ်းသည့် လောကကို အရှုံးမပေးသူ

လူလောက၌ မိခင်ဝမ်းဗိုက်မှ မွေးဖွားချိန်တွင် ကိုယ်လက်အင်္ဂါ ပြည့်စုံစွာ မွေးဖွားလာကြသူများရှိသကဲ့သို့ ဘဝပေးကုသိုလ်မကောင်း၍ ကိုယ်လက်အင်္ဂါ ပြည့်စုံမှုမရှိဘဲ ချို့ယွင်းမှုများဖြင့် မွေးဖွားလာကြသည်ကိုလည်း ကြုံတွေ့ကြရသည်။

မိခင်မှ မွေးဖွားစဉ် ကိုယ်လက်အင်္ဂါ ပြည့်စုံစွာပါရှိသော်လည်း လူ့လောကရောက်ပြီးမှ အကြောင်းအမျိုးမျိုးကြောင့် ခြေလက်ချို့ယွင်းမှုများဖြစ်ပေါ်၍ အတိဒုက္ခရောက်ရှိကာ ဒုက္ခိတဘဝဖြင့် အများ ဆုံးရှုံးခံရသော အတိဒုက္ခရောက်နေသူတစ်ဦးသည် အများပြည်သူထံတွင် လက်ဖြန့်မခံဘဲ ကောင်းမွန်သောလက်နှစ်ဖက်ကို အသုံးပြု၍ လက်လှည့်သုံးဘီးတပ် Wheel Chair ကို အသုံးပြုပြီး နယ်တကာလှည့်ပတ်၍ အောင်ဘာလေထီရောင်းချနေသော ကိုထိန်လင်းနှင့်တွေ့ဆုံ မေးမြန်းပြီး ဘဝတူများ ဖတ်ရှုလေ့လာ အတုယူနိုင်ရန်သာမက အများပြည်သူများ ချီးကျူးဂုဏ်ပြုနိုင်စေရန် သတင်းဆောင်းပါး ရေးသားခွင့်ရခဲ့သည်။

မင်းမင်းလတ်
(မန်းတက္ကသိုလ်)

လမ်းတစ်လျှောက် ဖြတ်သန်း၍ လူစည်ကားရာဈေးများ၊ ကားဂိတ်များ၊ အစိုးရဝန်ထမ်းအိမ်ရာများ၊ လက်ဖက်ရည်ဆိုင်များတွင် သုံးဘီးတပ် Wheel Chair ပေါ်တွင် Sound Box နှစ်လုံး၊ VCD စက်၊ ဘက်ထရီဖြင့် Wheel Chair ၏ နောက်ဘက်တွင် ထီလက်မှတ်များကို စီတန်းချိတ်ဆွဲကာ လှည့်လည်ရောင်းချနေသည်ကိုတွေ့မြင်ရ၍ သတင်းသမားတစ်ဦးအနေဖြင့် သတင်းရှုထောင့်မှ မေးမြန်းကြည့်ရာ "ဇာတိမြေကတော့ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အရှေ့တောင်ဘက်မှာရှိတဲ့ ခင်လူးကျေးရွာကဖြစ်ပါတယ်။ အဘဦးအေးကျော်-အမိဒေါ်စန်းအေးတို့ကမွေးဖွားပြီး မွေးချင်းကိုးဦးအနက် အကြီးဆုံးဖြစ်ပါတယ်။ ကျွန်တော့်ကို ၁၉၈၂ ခုနှစ် မေ ၁ ရက်မှာ ဖွားမြင်ပါတယ်။ အခု အသက် ၃၀ ပြည့်ပါပြီ။ ကျွန်တော် ခြောက်နှစ်သားအရွယ်တုန်းက ရမည်းသင်းဘူတာကနေ ရထားစီးလာတုန်း ရမည်းသင်းမြို့မြောက်ဘက်အထွက်မှာ ရထားပေါ်ကပြုတ်ကျပြီး ခြေနှစ်ဖက်စလုံး ပြတ်သွားပါတယ်။ ဆေးရုံမှာ ခုနစ်လခန့် တက်ရောက်ကုသပြီး ခြေနှစ်ဖက်မရှိ ဒုက္ခိတဘဝရောက်သွားလို့ မိခင် ဖခင်ရဲ့ လက်ငုတ်စီးပွားရေးဖြစ်တဲ့ တောင်သူလုပ်ငန်းကို မကူနိုင်ဘူးပေါ့။ အိမ်ခြံထဲက စိုက်ပျိုးရေးလုပ်ငန်းလေးနဲ့ အိမ်ရဲ့အလုပ်မှန်သမျှကို တတ်နိုင်သလောက်ကူညီပါတယ်။ ဒီလိုနဲ့ အသက် ၂၄ နှစ်ပြည့်တဲ့ အခါမှာ သုံးဘီးတပ် Wheel Chair လေး တစ်စီး စီစဉ်ပြီးတော့ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မော်လမြိုင်၊ မြဝတီနယ်စပ်တွေအထိ လှည့်လည်ပြီးတော့ ထီရောင်းတဲ့အလုပ်ကို လုပ်ပြီး မိဘတွေထံကိုလည်း ငွေပို့ပြီး လုပ်ကျွေးပြုစုပါတယ်။ ယခု နေပြည်တော်ကို ရောက်တာ တစ်နှစ်ပြည့်ပါပြီ။ နေ့အခါမှာ ဒီလိုပဲ Wheel Chair လေးနဲ့ လှည့်ပတ် ထီရောင်းပြီး ညအခါမှာ ကားဂိတ်တွေမှာ အကူအညီတောင်းခံပြီး အိပ်စက်အနားယူပါတယ်။ ကျွန်တော်ကတော့ ဘယ်မြို့ကိုရောက်ရောက် ပျော်အောင်နေထိုင်ပါတယ်။ ဘဝပေးကုသိုလ်အကျိုးပေးမကောင်းလို့ ခြေနှစ်ဖက်ဆုံးရှုံးခဲ့ပေမယ့် အမေမွေးပေးခဲ့တဲ့ လက်နှစ်ဖက်က အကောင်းကြီးရှိပါသေးတယ်။ ယောကျ်ားတစ်ယောက်ဖြစ်တဲ့အတွက် လောကဓံကို ကြံ့ကြံ့ခံပြီး အညံ့မခံအရှုံးမပေးဘဲ သမာအာဇီဝကျကျ နေထိုင်လုပ်ကိုင်စားသောက်ရတဲ့အတွက် ကျေနပ်ပါတယ်"ဟု ကိုထိန်လင်းက မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

ကိုထိန်လင်းသည် ရရှိသော ထီရောင်းရငွေ အမြတ်အစွန်းထဲမှ တစ်ဝက်ကို ဘုရားသို့လှူဒါန်းပြီး ခြောက်လလျှင် တစ်ကြိမ် မိဘရပ်ထံ ဇာတိမြေသို့ပြန်၍ ထောက်ပံ့ကြောင်းနှင့် မသန်သော်လည်း စွမ်းသည့် ကိုထိန်လင်း၏ စိတ်ဓာတ်ကို အတုယူဖွယ်အဖြစ် ရေးသားလိုက်ရပါသည်။ ။

ပြည်သူများထံမှ အကူအညီတောင်းခံ၍ သမုဒ္ဒရာဝမ်းတစ်ထွာ ကိုယ့်ဝမ်းကိုယ်ကျောင်းရသူများလည်း မရေတွက်နိုင်ပေ။ ထိုသို့သောသူများထဲတွင် ခြေနှစ်ဖက်

စာရေးသူတို့နေထိုင်ရာ နေပြည်တော် ပျဉ်းမနားမြို့နှင့် နေပြည်တော် အဝန်းအဝိုင်းဒေသတွင် ကိုထိန်လင်းသည် နေ့စဉ်နှင့်အမျှ ကတ္တရာလမ်းနှင့်ကွန်ကရစ်

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲ

တိုက်ကြီး ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကလေးပြိုင်ပွဲအခမ်းအနားတွင် ဆုရရှိသော ကလေးများအား အသင်းဥက္ကဋ္ဌက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရှိရသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါ်နုနုဝေက အထူးဆုရရှိသော သုံးမွှာပူးမိခင် ဒေါ်ခင်သန်းနွယ်နှင့် ကလေးငယ်များအား ငွေသား၊ စောင်နှင့် အာဟာရမှုန့်များ ပေးအပ်ချီးမြှင့်ကြောင်းနှင့် ပြိုင်ပွဲသို့ သုံးမွှာပူးကလေးတစ်စုံ၊ နှစ်မွှာပူးကလေးခြောက်စုံနှင့် စုစုပေါင်းကလေးငယ် ၅၉ဦးတို့ ပြိုင်ပွဲဝင်ကြကြောင်း သိရသည်။

(သာညွန့်)

လွတ်လပ်ရေးနေ့ဂုဏ်ပြု စာကြည့်တိုက် မှော်ဘီမြို့နယ်၌ဖွင့်

မှော်ဘီ ဇန်နဝါရီ ၄

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အင်းလျှက်ကျေးရွာအုပ်စု အနောက်သရက်ကုန်းကျေးရွာ ပညာ့အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိနှင့် မြို့နယ်စာရေးဆရာများအသင်းမှ သုတ၊ ရသစာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးဇော်မင်းထွန်းက လက်ခံရယူသည်။

ထို့နောက် စာကြည့်တိုက်မြေအလှူရှင် ဦးသောင်းတင်နှင့် ဦးလှဦးတို့အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအေးသိန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းဆောင်သစ် ရေစက်ချအလှူ ကျင်းပ

နတ်မောက် ဇန်နဝါရီ ၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် တမလန်းပင်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျောင်းဆောင်သစ် ရေစက်ချအလှူနှင့် ကျောင်းအောင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပသည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ အလှူရှင် ဦးခင်မောင်သန်း-ဒေါ်ခင်ယုမေ ၅/၄ ရပ်ကွက် ရွှေပြည်သာ ရန်ကုန်မြို့မှဖြစ်ပြီး နှစ်ထပ်တိုက်ကျောင်းဆောင် အမြင့် ၂၅ ပေ၊ အလျား ၇၃ပေ၊ အနံပေ ၄၀ ဘုရားခန်းအပါ အခန်းပေါင်း ၂၆ ခန်း ကာလတန်ဖိုးငွေကျပ်သိန်း ၁၀၀၀ခန့် လှူဒါန်းခဲ့ပြီး ဆက်လက်၍ ၂၄ နာရီ မီးရရှိရေးအတွက် ဆိုလာဘက်ထရီတစ်စုံ ကာလတန်ဖိုးငွေကျပ် ၈၆၀၀၀၀ ကုန်ကျခံလှူဒါန်း၍ ရေလှောင်အုတ်ကန်များ တည်ဆောက်ပြီး လိုအပ်သောသောက်သုံးရေ၊ ရေတွင်းအတွက် ငွေကျပ်သိန်း၃၀ အကုန်ကျခံ၍ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း အလှူရှင် ဦးခင်မောင်သန်း-ဒေါ်ခင်ယုမေမိသားစုထံမှ သိရသည်။

(ဦးဇော်ဝင်း)

လေးလက်မ စက်ရေတွင်းဖွင့်

မြို့သစ် ဇန်နဝါရီ ၄

မြို့သစ်မြို့နယ် မြို့လုလင်ကျေးရွာ မြို့လုလင် (အထက ကျောင်းခွဲ) အတွင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ထောက်ပံ့ငွေဖြင့် လေးလက်မ စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ကျင်းပကြသည်။ **(ပညာရေး)**

စာပြန်အောင်ပွဲနှင့်ဆုပေးပွဲ ရွှေပြည်သာ၌ ကျင်းပမည်

ရွှေပြည်သာ ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၂၀) သံဒင်းရပ်ကွက် မကွေးလမ်းရှိ ရွှေရတနာပရိယတ္တိသီလရှင်စာသင်တိုက်တွင် အမျိုးသမီးပရိယတ္တိ သာသနာ့နဂ္ဂဟအသင်း၏ အမျိုးသမီးပရိယတ္တိအာဂုံစာပြန်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် မွန်းတည့် ၁၂ နာရီတွင်ကျင်းပပြီး ဇန်နဝါရီ ၁၆ ရက်အထိ စာပြန်ကြမည်ဖြစ်ပြီး ဇန်နဝါရီ ၂၀ရက် မွန်းလွဲ ၁ နာရီတွင် စာပြန်အောင်ပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၆)**

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၄

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် မိုးကုတ်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

တစ်ဦးတည်း ဖြစ်ကြောင်း

ပင်လောင်းမြို့နယ်၊ ထီပေါင်းကျေးရွာနေ မောင်သိန်းစိုး ၁၃/ပလန(နိုင်)၀၈၉၉၇၈၏ ဖခင်မှာ ခွန်မောင်မတ် (ခ) ဦးမောင်မှတ် ၁၃/ပလန(နိုင်)၀၂၅၁၆၂ တစ်ဦးတည်း ဖြစ်ပါသည်။

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

(မြေသီးသန့်) ၈၇×၆၅
ကုက္ကိုင်းရိပ်သာလမ်း
ရွှေတောင်ကြား(၂)၊ ဗဟန်းမြို့နယ်
ဖုန်း-၀၉-၅၁၉၆၉၃၇

GL

ကျိုက်ထီးရိုး/ပြည်/နေပြည်တော်	Jan12,25
	Jan25,Feb 8
	Jan25,Feb 8
	Feb 8
	Feb 8
	Feb 8
	Feb 13
	Feb 18

0973040050, 0973040051, 0973040052, 095136466
098636466

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးထွန်းထွန်းပိုင် (MD, Arts Home Decoration Centre)၏ ၅-၁-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝကို ပိုင်ဆိုင်နိုင်ပါစေ။ **Arts Home Decoration Centre ဝန်ထမ်းများ**

ချစ်သက်တမ်း(၁)နှစ်ပြည့်ဆုမွန်လွှာ

နားလည်ခြင်း၊ ခွင့်လွှတ်ခြင်း၊ သိတတ်ခြင်း တို့အား
အမြဲပြုလျက် ဘဝခရီးကို
ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်
လျှောက်လှမ်းနိုင်ရန်ကြိုးစားနေသော
ချစ်ကိုကိုနှင့်ဆောင်းတို့၏ ၅-၁-၂၀၁၃ ရက်
တွင်ကျရောက်သော
ချစ်သက်တမ်း(၁)နှစ်ပြည့်မှသည်
သက်ဆုံးတိုင်မကုန်နိုင်သော
မေတ္တာ၊ သစ္စာ၊ အကြင်နာတို့ဖြင့်
အေးချမ်းသာယာသော မိသားစုဘဝလေးကို
ပိုင်ဆိုင်နိုင်ပြီး အမျိုးဘာသာ၊သာသနာအကျိုးကို
ဆတက်တိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---။

ချစ်ရတဲ့
ဆောင်းလေး

ဆောင်းပါးနှင့် နယ်သတင်း

သဇင်ပွင့်ပေါ် လနတ်တော်

နတ်တော်လသည် မြန်မာ့ပြက္ခဒိန်၏ နဝမမြောက်လဖြစ်သည်။ ဆောင်းရာသီဝင်ရောက်စဖြစ်၍ နံနက်ခင်းတွင် ဆီးနှင်းများဖြင့် ရီဝေလျက်ရှိသည်။ မိုးရာသီကုန်ဆုံးသည်မှာ လဝက်ခန့်ကြာပြီဖြစ်၍ မိုးမရွာတော့ပါ။ သို့သော်လည်း မိုး၏ အရှိန်အဝါများကား ကျန်ရှိနေပေသေးသည်။ ထို့ကြောင့် ရှေးတောင်သူဦးကြီးများက"နတ်တော်ရောက်ပြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်" ဟုမိုးလက္ခဏာဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။

ပုဂံခေတ်ကျောက်စာများတွင် နတ်တော်လကို "နတ္တာဝ်၊ နတ်ထာဝ်၊ နတ္ထဝ်၊ နတ်တဝ်" ဟု အမျိုးမျိုးရေးထိုးကြသည်။ ဗေဒင်အခေါ်အားဖြင့်ဓနုရာသီဟုခေါ်သည်။ ရာသီရုပ်မှာ လေးဆွဲသော ယောကျ်ားသဏ္ဌာန်ဖြစ်၏။ လေးဆွဲသော ယောကျ်ားတို့ ကြိုက်နှစ်သက်သော ရာသီဟု ဆိုလိုသည်။ ဂမုန်းပန်းနှင့် သဇင်ပန်းတို့သည် ထိုလ၏ ရာသီပန်းများဖြစ်၏။ သဇင်ပန်းများသည် သစ်ပင်များပေါ်၌သာ ပေါက်လေ့ရှိသောကြောင့် "နတ်ပန်း" ဟုမြန်မာတို့ကအယူရှိကြသည်။ထိုပန်းသည် တောတွင်း၌ပွင့်သော တော်ဝင်ပန်းလည်းဖြစ်သည်။

ရှေးပဝေသဏီက လူများသည် နတ်များကိုပူဇော်ပသလေ့ရှိသောကြောင့် ဤလကို "နတ်တော်လ" ဟု ခေါ်ဝေါ်ဟန်ရှိသည်။ နတ်ဟူသော ဝေါဟာရသည် ပါဠိဘာသာ "နာထ " မှဆင်းသက်လာသော ပါဠိသက်ဝေါဟာရဖြစ်ပြီး "ကိုးကွယ်ရာ" ဟု အဓိပ္ပာယ်ရသည်။ "တော်" ဟူသော ပေါရာဏသည် "အရှင်၊ သခင်၊ ကြီးကဲသူ၊ မြင့်မြတ်သူ" ဟု အဓိပ္ပာယ်ရသည်။

"သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ရွှေညဲကြည်ငင်. ." ဟူသော ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီ လူးတားကို ထောက်ဆ၍ ကမ္ဘာဦးက နတ်တော်လတွင် မဟာပိန္နဲနတ်မင်းကို ပူဇော်လေ့ရှိသည်ဟု ဖွင့်ဆိုနိုင်ပါသည်။

ထို့ပြင် တလုတ်မြို့စား သံခ်ယာကလည်း မဟာဥပရာဇ် ချော်တွင် "ဒွါဒသရ၊ ဆယ့်နှစ်လဝယ်၊ ဒေဝနတ်များ၊ ပျော်ပါးကဲဆ၊ လွန်ရွှင်ပြ၍၊ နတ်လတွင်ရှင့်" ဟုစပ်ဆိုထားပါသည်။ နတ်များပျော်ပါးမြူးထူးကြသည့်လဟု ဖွင့်ဆိုနိုင်ပါသည်။

ရှေးမြန်မာဘုရင်များလက်ထက်က နတ်တော်လတွင် နတ်ပူဇော်ပွဲကိုသာမက ဆင်ဖမ်းပွဲနှင့် ဘွဲ့ထူး၊ ဂုဏ်ထူးများပေးအပ်ချီးမြှင့်သည့် ဘွဲ့နှင်းသဘင်ပွဲတို့ကိုလည်း ခမ်းခမ်းနားနား ကျင်းပလေ့ရှိသည်။ တောင်ငူခေတ်စာဆိုတော်မင်းဇေယျရန္တမိတ်ကစုလစ်ရွှေစင်ချီရတုတွင် "နတ်လသဘင်၊ ဖျင်လည်းရုံထပ်၊ ဘွဲ့တပ်မည်ပေး၊ ဘုန်းရေးတိုက်ဖက်၊ စွယ်ယှက်ခေါင်ခေါင်၊ ဆင်ပြောင်ရည်ရှူ၊ နန်းရတုကို" ဟု ဆိုခဲ့သည်ကို ထောက်သော် ထိုပွဲများသည် တောင်ငူခေတ်ကပင်ရှိခဲ့ကြောင်း ထင်ရှားသည်။

ဆင်ဖမ်းပွဲအကြောင်းကို ရှေးပညာရှိကြီးများ၏ ပျို့၊ ကဗျာ၊ လင်္ကာတို့၌ မတွေ့ရှိရသဖြင့် ထိုပွဲမှာပြည်သူလူထုစိတ်ဝင်စားသော ပွဲမျိုးဟုတ်ဟန်မတူဟု ယူဆရပါသည်။ ထိုပွဲအကြောင်းကို "ဝရသေတဂီရိဆင်တော်မော်ကွန်း"နှင့် "ရွှေစာတိုင်မော်ကွန်း"တို့၌ ကျယ်ကျယ်ဝန်းဝန်းပါရှိပါသည်။

မြန်မာဘုရင်တို့သည် နိုင်ငံတော်တွင်စစ်ဘက်၊ စာပေဘက်တို့၌ ထူးချွန်သည့် ပညာရှင်များနှင့် မင်းညီမင်းသား၊ မှူးမတ်များအား ဘွဲ့ထူး၊ ဂုဏ်ထူးများကို အခမ်းအနားဖြင့် ပေးအပ်ချီးမြှင့်လေ့ရှိကြသည်မှာ ယခုအချိန်ထိဖြစ်သည်။ ယင်းဘွဲ့နှင်းသဘင်ပွဲမျိုးကား နိုင်ငံတော်တွင် စစ်သူရဲကောင်း၊ စာပေသူရဲကောင်း စသည်ဖြင့် လူရည်ချွန်၊ လူရည်မွန်များ အဘက်ဘက်က ထွက်ပေါ်လာအောင် ဖန်တီးပေးသဖြင့် တိုင်းပြည်အတွက် အလွန်ကျေးဇူးများသော ပွဲတော်မျိုးဖြစ်သည်။

ယခုခေတ်တွင် နတ်တော်လသည် စာပေပညာရှင်များ၊ စာဆိုတော်များ၊ စာရေးဆရာများနှင့် ပို၍သက်ဆိုင်လာသည်။ စာဆိုတော်နေ့မပေါ်ပေါက်မီ "ဦးပုည" နေ့စတင်ပေါ်ပေါက်ခဲ့ပါသည်။ ကုန်းဘောင်ခေတ် နှောင်းပိုင်းတွင် အလွန်ထင်ရှားသည့် စာဆိုတော်ကြီး "ဦးပုည" ကို ချီးကျူးဂုဏ်ပြုသည့် "ဦးပုည"နေ့ကို ၁၃၀၆ ခု၊ ကဆုန် လဆန်း ၁၃ ရက်နေ့တွင် ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာကျင်းပခဲ့ကြသည်။

တစ်ဖန်ဦးပုညနေ့အစား မြန်မာ့စာဆိုတော်နေ့တစ်နေ့ရွေးချယ်သတ်မှတ်ရန် ပညာရှင်ကြီးများ စဉ်းစားဆွေးနွေးကြပါသည်။

ဆရာကြီးဦးလင်းက အသွားအလာခက်သည့် မိုးရာသီတွင် မပြုလုပ်ရန် အကြံပြုသည်။ ဂျာနယ်ကျော်ဦးချစ်မောင်က ရှေးအစဉ်အလာရှိသည့် အတိုင်း နတ်တော်လ၏ နေ့တစ်နေ့အား စာဆိုတော်နေ့အဖြစ်ရွေးချယ်သင့်သည်ဟု အဆိုပြုသည်။ ထိုစဉ်က စာရေးဆရာအသင်းဥက္ကဋ္ဌ သူရိယဦးသိမ်းမောင်က ထောက်ခံ၍ နတ်တော်လဆန်း ၁ ရက်နေ့ကို မြန်မာ့စာဆိုတော်နေ့အဖြစ် သတ်မှတ်ရန် ပညာရှင်များက တညီတညွတ်တည်း အတည်ပြုကြသည်။ သို့နှင့်စာဆိုတော်နေ့ အခမ်းအနားကို ၁၃၀၆ ခု နတ်တော်လဆန်း ၁ ရက်နေ့၊ (၁၉၄၄ ခု၊ နိုဝင်ဘာလ) ညနေပိုင်းတွင် ကန်တော်ကြီးစောင်းရှိ မြိုင်ပြဇာတ်ရုံ၌ ပထမအကြိမ်စာဆိုတော်နေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

ယနေ့အချိန်အခါတွင် နတ်တော်လဆန်း ၁ ရက်နေ့သာမကတော့ဘဲ တစ်လလုံး၊ နိုင်ငံအနှံ့၊ ကျေးရွာများအပါအဝင် စာပေဟောပြောပွဲများဖြင့် စည်ကားနေပေသည်။ စာပေဟောပြောပွဲများ ပေါ်လာခြင်းကြောင့် စာပေနှင့် ပတ်သက်သူများ၊ စာပေဝါသနာရှင်များသာမက ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာ၊ ဆရာမများ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ စာရေး၊ စာချီ၊ အမှုထမ်း၊ အရာထမ်းအားလုံး ဗဟုသုတ၊ အကြားအမြင်များ တိုးပွားလာကြသည်။ စာပေလေ့လာဖတ်ရှုမှုများ ကျယ်ပြန့်လာသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာနကလည်း တစ်နိုင်ငံလုံး ကျေးရွာများပါမကျန် စာကြည့်တိုက်များဖွင့်လှစ်၍ စာဖတ်ရှုံ့မြှင့်တင်ပေးနေပါသည်။ သဇင်ပွင့်ပေါ် လနတ်တော်တွင် စာဆိုတော်ပွဲ ကျင်းပခြင်းသည် ပို၍အနှစ်သာရ ရှိသွားပါသည်။ စာဆိုတော်၊ စာရေးဆရာများအားလည်း အောက်ပါကဗျာလေးဖြင့် ချီးကျူးဂုဏ်ပြုလိုက်ပါသည်။

စာဆိုတော်ဦးညွှတ်ခ၊
နတ်တော်လချိန်ခါကြုံ၊
စာပေကိုချစ်သည့်စိတ်၊
ထိပ်ထက်လက်မှို
လူ့လောကတွေ့အကြုံ၊
ခေတ်ကြေးမုံစာပေများ။
အသိဉာဏ်ထိန်ဝင်း၊ လင်းစေဖို့
စာဆိုသူအမှောင်ခွင်းကာပ၊
ပြည်တွင်းမှာစာပေဖြန့်၊
အံ့ချီးဖွယ်တကား။

Dr.အောင်သန်းဝင်း
(အရှေ့တိုင်းပညာ)

ကျိုက်ထီးရိုးဘုရားဖူးခရီးသည်များ နှစ်ဆန်း ၁ ရက်တွင် စံချိန်တင်များပြား

ရန်ကုန် ဇန်နဝါရီ ၄

နှစ်ကူးအချိန်ကာလနှင့် ကျိုက်ထီးရိုးဘုရား၏ အစည်ကားဆုံး အချိန်ဖြစ်သည့် ဘုရားဖူးရာသီဖြစ်ခြင်းကြောင့် ယခုနှစ် နှစ်သစ်ကူးညအား ကျိုက်ထီးရိုးဘုရားရင်ပြင်ပေါ်တွင် ဆုတောင်းမှုများ၊ ဆီမီးထွန်းပွဲတော်များ ကျင်းပရန်အတွက် သွားရောက်ခြင်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်သစ်ကူးချိန်မှာ တောင်ပေါ်မှာ ဘုရားဖူးကြတယ်။ ဆီမီးပူဇော်ပွဲ လုပ်ကြတာပါ။ စတုဒိသာကျွေးကြတယ်။ ဒီလိုနှစ်တစ်နှစ်ရဲ့အစမှာ ကုသိုလ်ကောင်းမှု လုပ်ကြတာပါ။ အများစုကတော့ စုပေါင်းပြီးလာကြတယ်။ ငါးဦးကနေ အဖွဲ့တွေစုပြီးတော့ပေါ့။ တစ်ဦးချင်း၊ နှစ်ဦးချင်းသွားသူတွေလည်း ဒီနှစ်မှာတော်တော်များတယ်။ ကျိုက်ထီးရိုးဘုရားသွားတဲ့ ကာလတွေထဲမှာ ဒီအချိန်ဆိုရင် နှစ်တိုင်း လူစည်ကားခဲ့ပေမယ့် ဒီနှစ်ကတော့ ကောလာဟလတွေများတော့ အရင်လောက် သွားကြမယ် မထင်ထားဘူး။ ဒါပေမယ့် ခရီးသွားတွေ များလွန်းလို့ ရင်ပြင်တော်ပေါ်မှာပဲတစ်ညလုံး ဘုရားရှိခိုးလိုက်၊ သူငယ်ချင်းတွေနဲ့ စကားထိုင်ပြောလိုက်၊ ဈေးတန်းတွေဘက်သွားလိုက်နဲ့ပဲ အချိန်ကုန်ခဲ့ရတယ်"ဟု နှစ်သစ်ကူးညအား ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ပေါ်တွင် ဖြတ်သန်းကျော်ဖြတ်ခဲ့သည့် ဖြိုးဖြိုးက ပြောပြသည်။

ရွှေကြေးစည်ဘုရားဖူးပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးကမူ "ဒီနှစ် ကျိုက်ထီးရိုးသွားသူများတာပေါ့။ ဒါပေမယ့် ခရီးသွားလုပ်ငန်းတွေက အလွန်များပြားလာတဲ့အပြင် ဈေးတွေကလည်း လူရအောင် အပြိုင်အဆိုင် လျှော့ချကြတဲ့အတွက် ခရီးသည်မျှသွားတာပေါ့။ ခရီးသွားလုပ်ငန်းတွေအများစုကတော့ လူတစ်ဦးကို အသွားအပြန်ကားခ ငွေကျပ် ၇၀၀၀ ကနေ ငွေကျပ် ၁၅၀၀၀ အထိ ဝန်ဆောင်မှုအလိုက် ဈေးနှုန်းတွေ သတ်မှတ်ကြတယ်။ အများစုကတော့ ငွေကျပ် ၁၀၀၀၀ အောက် ခရီးသွားလုပ်ငန်းတွေနဲ့ သွားတာများပါတယ်။ ရန်ကုန်ကနေ ညနေထွက်တာများတယ်။ တောင်ခြေကို ညဘက်ဝင်သွားပြီး တောင်ပေါ်ဆက်တက်ကြတာပေါ့။ လူကြီးပိုင်းတွေကတော့ ခရီးစဉ်ကို ညမိုးချုပ်ထွက်တဲ့ ကားတွေစီးကြတယ်။ မနက်စောစော တောင်ခြေရောက် တောင်ပေါ်တက် တစ်နေကုန်ဘုရားဖူး ညနေဘက်ကျတော့ တောင်အောင်ဆင်းဆိုပြီး တစ်ညအိပ်ခရီးစဉ်တွေကို အများစုစိတ်ဝင်စားကြတယ်"ဟု ပြောပြသည်။

"ခရီးသွားများတယ်။ နယူးရီးယားနိုက်မှာ သွားတဲ့သူတွေ အများဆုံးပဲ။ ကားလက်မှတ်တွေကတော့ ကားဂိတ်တွေ သိပ်မကွာပေမယ့် တည်းခိုစရိတ်တွေကတော့ ကြောက်ခမန်းလိလိပဲ။ သုံးသောင်းတန် အခန်းက အမှန်ဆိုရင် လူငါးယောက်တောင် နေလို့မကောင်းဘူး။ လူများတဲ့အတွက် ဒီလိုပြဿနာတွေတော့ ရှိတာပေါ့။ ဒါပေမယ့် အရင်နှစ်တွေကထက်နှိုင်းယှဉ်ရင် ကျိုက်ထီးရိုးဘုရားဖူး ခရီးစဉ်တစ်ခုလုံး အဆင်ပိုပြေလာတယ်"ဟု သွားရောက်ခဲ့သူတစ်ဦးက ပြောကြားသည်။ မြန်မာတို့၏ တန်ခိုးကြီးဘုရားများအနက် ကျိုက်ထီးရိုးဘုရားသည် ထင်ရှားသည့် ဘုရားတစ်ဆူဖြစ်ပြီး မွန်ပြည်နယ် ကျိုက်ထိုမြို့အနီးတွင် တည်ရှိကာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ဘုရားဖူးခရီးသည်များနှင့် စည်ကားလေ့ရှိပြီး ဘုရားဖူးအများစုမှာ ဆောင်းရာသီကာလများအတွင်း အများဆုံး သွားရောက်ဖူးမြော်လေ့ရှိကြသည်။ **(အောက်ပုံ)** ခင်ရတနာ

စာအုပ်စာပေ လူ့မိတ်ဆွေ

စာဆိုတော်နေ့အထိမ်းအမှတ် ပန်းတောင်းမြို့နယ် စာပေဟောပြောပွဲကျင်းပ

ပန်းတောင်း ဇန်နဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကြိုးကြာအုပ်စု ကြာအင်းကျေးရွာရှိ ဘဝအလင်းရောင် ကျေးလက်စာကြည့်တိုက်အသင်းမှ ဦးစီး၍ (၁၁) ကြိမ်မြောက် စာဆိုတော်ပွဲကို ဒီဇင်ဘာ ၃၀ ရက်နေ့ ညနေ ၆ နာရီက ကြာအင်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးဆောင်ကျင်းပ

ရှေးဦးစွာကြာအင်းကျေးရွာအတွင်းရှိ ကျောင်းသားလူငယ်များ၏ ပျော်ရွှင်စရာ၊ ဗဟုသုတရစရာ ဉာဏ်စမ်းပဟေဠိဖြေဆိုပြိုင်ပွဲကို စာရေးဆရာ မောင်သာချို က ဦးဆောင်ကျင်းပခဲ့သည်။

ဟောပြော

ဆက်လက်၍ စာပေဟောပြောပွဲ ဆက်လက်ကျင်းပရာ ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းမှ ကဗျာဆရာ ခွန်နေဒူး (သနီမြေ)၊ ဆရာမ-မဆွေ(ပညာရေး) နှင့် စာရေးဆရာ မောင်တည်ခိုင် (ပန်းတောင်း) တို့က စာပေရေးရာများကို ဟောပြောကြကြောင်းသိရသည်။

(၁၇၀)

သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပ

ကလေး ဇန်နဝါရီ ၄

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ လှုပ်ရှားမှုအဖြစ် ကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်တွင် ကလေးမြို့ အောင်မြေမာန်ရပ်ရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အသက် သုံးလမှ ခြောက်လကို (က)အုပ်စု၊ ခြောက်လမှ တစ်နှစ်ကို (ခ)အုပ်စု၊ တစ်နှစ်မှ တစ်နှစ်ခွဲကို (ဂ) အုပ်စုဟူ၍ ယှဉ်ပြိုင်ခဲ့ပြီး အမြွာအထူးအစီအစဉ်ပြိုင်ပွဲပါ ထည့်သွင်းကျင်းပခဲ့သည်။ သားကောင်းမိခင်ပြိုင်ပွဲကို မိခင်၏ ကျန်းမာရေးဗဟုသုတ အသိပညာ၊ ကလေးပြုစုစောင့်ရှောက်ခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို အဓိကထည့်သွင်းယှဉ်ပြိုင်စေခဲ့ပြီး ကလေးပြိုင်ပွဲကို ကလေး၏ ကျန်းမာရေး၊ သန့်ရှင်းရေး၊ ကာကွယ်ဆေးထိုး မှတ်တမ်း၊ အသက်အရွယ်အလိုက် ကြီးထွားမှုနှုန်း၊ ကိုယ်အလေးချိန် သတ်မှတ်စံနှုန်းပြည့်မီမှုများကို အဓိကယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲသို့ ကလေး ၃၅ ဦး၊ မိခင် ၁၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ (က)အုပ်စုတွင် ခြောက်ဦး၊ (ခ)အုပ်စုတွင် လေးဦး၊ (ဂ)အုပ်စုတွင် ငါးဦး၊ သားကောင်းမိခင်တစ်ဦးနှင့် အမြွာလေးတွဲတို့အား ဆုရွေးချယ်ခဲ့ကြောင်းနှင့် လွတ်လပ်ရေးနေ့ ဇန်နဝါရီ ၄ ရက်တွင် ဆုပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(ဇော်ဇော်မင်း)**

အမည်မှန်

ဦးအောင်ထွန်းမြတ်၏သမီး ဖန်းမော်မြို့၊ အထက(၂) သတ္တမတန်း(A)မှ မမြတ်စုဝေ၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မမြတ်ဆုဝေဖြစ်ပါသည်။

မမြတ်ဆုဝေ

တစ်ဦးတည်းဖြစ်ကြောင်း

ဟိုပန် အထက၊ အဋ္ဌမတန်း(က)တွင် ပညာသင်ကြားနေသော (ဘ)ဦးနိုင်ဝင်း၊ စိန်၏သား မောင်စိုင်းဟိန်းထက်နိုင်(ခ) မောင်စိုင်းဟိဏ်းထက်နိုင် ၁၃/ဟပတ(နိုင်)၀၂၂၂၇၇ ကိုင်ဆောင်သူမှာ တစ်ဦးတည်းဖြစ်ပါသည်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
Used Digital Minilab
ဓာတ်ပုံကူးစက်ရောင်းမည်။
Noritsu QSS 3501
Fuji Frontier 355
ဆက်သွယ်ရန် - 09-7302-4546

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက် အမှတ် ၉၇၈၊ မြေကွက်တည်နေရာ အမှတ် ၉၇၈၊ ၃၅ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးစောလှခိုင် ISN-၄၁၈၈၇၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစောလှခိုင်ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ် ၁၃၃၃/၀၄ / ၇-၅-၀၄ နှင့် အရောင်းအဝယ်စာချုပ် ၁၉၂၁/၀၄ / ၂၈-၆-၀၄ တို့ဖြင့် (၁)ဦးကျော်ဆန်းနိုင် ၁၂/ဥကတ (နိုင်)၀၂၉၈၈၀၊ (၂)ဒေါ်စန်းစန်းခိုင် ၇/သဝတ(နိုင်)၀၀၃၄၆၄တို့က ဝယ်ယူ၍ ၂၀၀၈ခုနှစ်အရောင်းအဝယ်မြေပုံမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ပါရမီထူးခြားဂယာဘုရားဖူးသွားလျှင်. . . လိုအင်နှိုက်ဖွာန် ပြည့်စုံစေရန်ပါရမီဖြည့်မည် စိတ်ရည်သန်လျက်ရင်မှာကြည်နူး မဟာဗောဓိထူး"

မဟာဗောဓိထူး အပြည်ပြည်ဆိုင်ရာအိန္ဒိယဘုရားဖူးအဖွဲ့.

မြတ်ဗုဒ္ဓ၏ဖွားပွင့်၊ဟောစံ(၇)ညအိပ်-(၈)ရက်ခရီး (၇)သိန်း(စရိတ်ငြိမ်း)။(၁၁)ညအိပ်-(၁၂)ရက်ခရီး (၈)သိန်း (စရိတ်ငြိမ်း)။ ဖွားပွင့်၊ဟောစံ၊အာဂရာ၊တာဂ်မဟာ၊နယူးဒေလီ(၁၄)ညအိပ်-(၁၅)ရက်ခရီး (၉)သိန်း(စရိတ်ငြိမ်း)။ပတ်(စ်)ပို့သက်တမ်း(၆)လ အထက်ရှိသူများ(၅)သောင်းကျပ်လျှော့ပေးပါမည်။ ၂၀၁၃ မေလအထိခရီးစဉ်များစီစဉ်ထားပါသည်။မိသားစုလိုက်၊အုပ်စုလိုက် သွားလိုပါက စီစဉ်ပေးပါသည်။ဝန်ဆောင်မှုများအတွက်စိတ်ပူစရာမရှိစေရန်နှင့်စိတ်လက်ကြည်နူးစွာဘုရားဖူးနိုင်ရန်စီစဉ်ထားပါသည်။ ရယ်ဝေးရပ်နီးမှလိုက်ပါမည့်မိတ်ပြည်သူများ(၂)လကြိုတင်စာရင်းပေးသွင်းရပါမည်။အထက်မြန်မာပြည်မှဘုရားဖူးများမန္တလေးမြို့ ရုံးခွဲတွင်စာရင်းပေးသွင်း၍ဗုဒ္ဓဂယာသို့တိုက်ရိုက်သွားရောက်နိုင်ရန်စီစဉ်ထားပါသည်။ သာသနာ့ဝန်ထမ်းများအား ဝသိန်းကျပ်လျှော့ပေးပြီး ကုသိုလ်ဖြစ်ပို့ဆောင်ပေးလျက်ရှိပါသည်။ ရုံးချုပ်-အမှတ်(၂၆၄)ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၇၈၀၄၊ ၀၁-၃၇၈၄၆၅၊ ၀၉-၇၃၀၉၄၂၃၃။

မန္တလေး-အမှတ်(၁၃၅)၊၈၅လမ်း၊၃၃×၃၄လမ်းကြား၊မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၁၁၅၅၉၈၊ မိုးကုတ်မြို့၊ ဖုန်း-၀၉-၄၀၂၅၀၅၅၇၃၊ မော်လမြိုင်မြို့ ၊ ဖုန်း-၀၉-၇၃၇၆၀၉၁၁၊ လားရှိုးမြို့ ၊ ဖုန်း-၀၉-၄၇၃၀၃၀၀၅၊ တာချီလိတ်မြို့၊ ဖုန်း-၀၉-၅၂၄၀၈၄၆၊ ဘားအံမြို့၊ ဖုန်း-၀၉-၄၉၃၄၈၀၈၆၊ ၀၉-၇၃၇၆၀၈၂၉၊ လိုင်းကော်မြို့ ၊ ဖုန်း-၀၉-၅၆၆၀၃၀၄၊ ၀၅၈-၄၅၃၄၅။

ရုံးဝန်ထမ်းများအတွက်သင်္ကြန်တွင်း(၇)ညအိပ်(၈)ရက်ခရီးစဉ်များစီစဉ်ထားပါသည်။
ဖေဖော်ဝါရီလအတွက် လက်မှတ်စောင်ရေအနည်းငယ်သာကျန်ပါတော့သည်။

Business Capacity Building (BCB) Centre မှ
၂၀၁၃ ဇန်နဝါရီလတွင် ဖွင့်လှစ်မည့် သင်တန်းများ
Business လုပ်ငန်းများတွင် စီမံခန့်ခွဲမှုစွမ်းရည်များ တိုးမြှင့်စွမ်းဆောင်နိုင်ရန်အတွက်
Business Management Course Part (1)
Business Management Course Part (2)
နေ့လယ်ပိုင်း ၂၀၀ နာရီ မှ ၅၀၀ နာရီ (စနေ၊ တနင်္ဂနွေ)
ညနေပိုင်း ၅၃၀ နာရီ မှ ၇၃၀ နာရီ (သောကြာ၊ စနေ၊ တနင်္ဂနွေ)
Ph: 01 538531, 01 505972, E-mail: bcbcentre009@gmail.com

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးလှမြင့် ၁၂/သလက(နိုင်)၁၄၉၆၄၀ နှင့် ကျွန်မ မသဇင်တို့သည် ၂၄-၁၂-၂၀၁၂ ရက်တွင် ကွာရှင်းပြီးပါကြောင်း။

ဦးလှမြင့် ၁၂/သလက(နိုင်)၁၄၉၆၄၀

ကြော်ငြာ

ချစ်ခင်ပွန်း ဦးခွန်နောင်မြင့်ဝေ အတွက် မွေးနေ့ဆုတောင်း

၅-၁-၂၀၁၃ရက်တွင် ကျရောက်သော မောင့်မွေးနေ့ မင်္ဂလာရက်မြတ်မှသည် အသက်ရာကျော်တိုင် ချစ်ဇနီး၊ ချစ်သားကြီး၊ ချစ်သားလေးတို့နှင့်အတူ ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်မှုများစွာဖြင့် ဘဝခရီးမှာ အောင်မြင်မှုများစွာနှင့် လျှောက်လှမ်းနိုင်ပါစေ-

ချစ်ဇနီး - **ဒေါ်အထွာဝါလင်းဦး**
ချစ်သားကြီး - **ထိပ်ခွန်နောင်မြင့်ဝေ**
ချစ်သားလေး - **လွင်နောင်မြင့်ဝေ**

ဖြူးမဟာစည်ရိပ်သာ (ရန်ကုန်) ဆောင်းရာသီ တရားစခန်းဖွင့်မည်

ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး တည်ထောင်သာသနာပြု သီတင်းသုံးတော်မူခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ်ဘူတာအနီး၊ လှိုင်မြို့နယ်၊ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ဆရာတော်စံလွန်တော်မမူခင် ထားရှိတော်မူခဲ့သော သာသနာပြုဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်ကာ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၄)ကြိမ်မြောက် ဆောင်းရာသီမဟာစည် သတိပဋ္ဌာန်ဝိပဿနာ (၁၅)ရက်တရားစခန်းပွဲကို ၁၃၇၄ ခုနှစ် ပြာသိုလဆန်း ၃ ရက်မှ ပြာသိုလပြည့်ကျော် ၂ ရက်အထိ (၁၄-၁-၂၀၁၃ရက်မှ ၂၈-၁-၂၀၁၃ရက်အထိ) ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ M.A (INDIA) ဦးဆောင်၍ ဖြူးဆရာတော်၏တပည့် ဓမ္မကထိက သံဃာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရုဏ်ဆွမ်း၊နေ့ဆွမ်း၊ ဖျော်ရည်၊ ဓမ္မပူဇာအလှူ၊ ဆွမ်းပဒေသာပင်အလှူ၊ မီး၊ ရေ၊ ဝေယျာဝစ္စအလှူ၊ လှူဒါန်းလိုသူများသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၁-၅၃၀၀၆၈၊၅၃၀၁၁၃၊ ၀၉-၅၀၁၇၅၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

စက်မှုလက်မှုအထက်တန်းကျောင်း၊ အမှတ်(၂) ရန်ကုန် (ဘောင်အိုး)

၂၀၁၃ ခုနှစ် အငြိမ်းစားဆရာများ၊ ကျောင်းသားဟောင်းများ တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

(ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်)

ကန်တော့ပွဲအခမ်းအနား အစီအစဉ်

နေ့ရက်	-	၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၃၀
နေရာ	-	Venus Garden Restaurant
ဆက်သွယ်ရန်	-	(၁) (E-74) 09-5126665
		(၂) (R-73) 09-73131957
		(၃) (BC-94) 09-73079625

ဦးဇော်လင်း

(B.A) Korean (YUFL)၏
Ph : 09 400475420, 09 47113848

အမည်ပြောင်း

ဦးအောင်ကျော်မင်း ၁၁/ကတန(နိုင်)၀၆၂၅၀၉၏သမီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၅) သူငယ်တန်း(ဂ)မှ မရွှန်းယမုံအောင်အား မငြိမ်းသီတာကျော်ဟု ပြောင်းလဲခေါ်ပါရန်။

အမြန်ပြန်လည်ကျန်းမာရွှင်လန်းစေကြောင်း ဆုမွန်ကောင်းတောင်းခြင်း

၂၅-၁၂-၂၀၁၂ရက် Air Bagan လေယာဉ်မတော်တဆဖြစ်မှုတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သော ဧည့်လမ်းညွှန် မတိုးတိုးခင်၏ ထိခိုက်ဒဏ်ရာရမှုနှင့် ထိတ်လန့်ခဲ့ရမှုတို့အပေါ် Journeys မိသားစုမှ မတိုးတိုးခင်မိသားစုနှင့် ထပ်တူဝမ်းနည်းခံစားရပါသည်။ ၎င်းမတော်တဆမှုဖြစ်စဉ်တွင် Journeys မိသားစုမှ မတိုးတိုးခင်မိသားစုနှင့် ပုံမှန်အဆက်အသွယ်ရှိသော်လည်း လူကိုယ်တိုင်အချိန်မီ အရေးတယူလာရောက်ကြည့်ရှုခြင်း၊ ဂရုစိုက်ခြင်းများ ပေါ့လျော့ခဲ့မိသည့်အတွက် အနူးအညွတ်တောင်းပန်ပါသည်။ ယခုအခါ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စများကို မတိုးတိုးခင်မိသားစုနှင့်အတူ ဆောင်ရွက်နေပါကြောင်းနှင့် မတိုးတိုးခင် အမြန်ပြန်လည် ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **ဝိုင်း(ခ)ကိုဇင်ဖြိုးကျော်** ၇/ပခတ(နိုင်)၀၄၆၆၄၀နှင့် ကျွန်မ **မဖြိုးဖြိုးဝေ** ၁၂/ဗဟန(နိုင်)၀၈၆၀၁၈တို့သည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးတွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

ဝိုင်း(ခ)ကိုဇင်ဖြိုးကျော်-မဖြိုးဖြိုးဝေ

သီတဂူတက်တမ်း ဈေးဒါနဆေးရုံ (လှိုင်ကော်) အလင်းဒါန ပါဝင်လှူဒါန်းနိုင်

လှူဒါန်းရန်ဌာန အင်းဝဘဏ် (လှိုင်ကော်) Account No. 83-00441

GTC

First Year (EC)
Second Year (EC)
B.E (Electronics)
Sample Questions
DELTA Electronics
01-519496, 09-421135727

★New Star

2013 New Year
(18,25 Jan) (8,22 Feb)
09 5139002, 09-448021580, 09-450051256

ရီလုံရွှေဆိုင်ကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ရီလုံရွှေဆိုင် အမှတ် (၁)၊ (၂)၊ (၃)၊ ချန်းလုံရွှေဆိုင်နှင့် ချွန်းလုံရွှေဆိုင်မိသားစုရွှေဆိုင်များတွင် လက်လီလက်ကားဝယ်ယူအားပေးကြသော နယ်ကိုယ်စားလှယ်ကြီးများ၊ နယ်ရွှေဆိုင်ကြီးများနှင့် မိတ်ဟောင်းမိတ်သစ်များအား နှစ်သစ်မင်္ဂလာအပေါင်းနှင့် ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ရီလုံမိသားစု ရွှေဆိုင်များမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Ph - 09-4500-51313, 09-73156897, 01-200747 (Ext) 2008

ဦးလှဝေ+ဒေါ်ဝင်းမြင့်လွင်ရီလုံရွှေဆိုင်ကြီး(ယုဇနပလာဇာ၊ဗညားဒလလမ်း၊ရန်ကုန်မြို့)

စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

ကျွန်မ မခင်စန်းဝေနှင့် မောင်အောင်မြတ်ထွန်းတို့သည် ၁၄-၅-၂၀၁၂ရက်တွင် နှစ်ဖက်မိဘများနှင့် တကွ ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူစေ့စပ်ကြောင်းလမ်းခဲ့ပါသည်။ သို့ရာတွင် မောင်အောင်မြတ်ထွန်းသည် ခွင့်မလွှတ်နိုင်သော အပြစ်ကျူးလွန်ခဲ့ပါသဖြင့် ကျွန်မ မခင်စန်းဝေမှ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းကြောင်း အသိပေးအပ်ပါသည်။

မခင်စန်းဝေ ၁၂/ဒဂတ(နိုင်)၀၄၀၇၈၃

ဝန်ချတောင်းပန်ခြင်း

အထက်ပါ စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်းနှင့်ပတ်သက်ပြီး ကျွန်တော် မောင်အောင်မြတ်ထွန်းမှ ဝန်ခံသဘောတူပါသည်။ အပြစ်များအားလုံးအတွက် မခင်စန်းဝေနှင့်တကွမိဘ၊ ဂုဏ်သရေရှိလူကြီးမင်းများအား အနူးအညွတ်ဝန်ချတောင်းပန်အပ်ပါသည်။

မောင်အောင်မြတ်ထွန်း ၁၂/ဒဂတ(နိုင်)၀၆၇၀၀၈

စီးပွားရေးလုပ်ရန် မြေကွက်ကျယ်များ ရောင်းရန်ရှိသည်။

Show Room ၊ Private School ၊ Hospital
Ph: 09-5136134 , 09-49586696

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ တိုက်အမှတ် ၆၂၊ နှစ်ခန်းတွဲ ခြောက်ထပ်တိုက်အဆောက်အအုံ၏ ပဋ္ဌမထပ်(လက်ဝဲဘက်ခန်း)၊ အခန်းအမှတ် B-6 ဟုခေါ်တွင်သော အကျယ်အဝန်း (15'-0" x 55'-0")ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အခန်းပိုင်ဆိုင်ခွင့် ရေ၊ လျှပ်စစ်မီတာအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဦးမြို့အောင်(ခ)ဦးမြိုးအောင် ၉/မလန(နိုင်)၁၀၄၇၉၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ကန့်ကွက်လိုသူများသည် ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းအထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ဝင်း
B.A, H.G.P, R.L, D.B.L, D.I.L, D.M.L
M.P.A, M.A(BL), PGDIT(New Delhi), D.Jap(UFL)
အထက်တန်းရှေ့နေ
အမှတ် ၆၇၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃၊ ၃၇၆၄၉၂

သမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ခြင်း

မိဘကျေးဇူးကို လုံးဝထောက်ထားခြင်းမပြုဘဲ မိဘများကို ရိုင်းပျစွာစော်ကားသည့်စာအားဖြင့် ရေးသားတိုင်ကြားသည့်အပြင် မိဘခွင့်မလွှတ်နိုင်သော ငွေကြေးကိစ္စ ပမာဏများဖြင့် မိသားစုမောင်နှမများအပေါ် လူသားမဆန်သော အပြုအမူများကြောင့် စောဒိုစိုး၏ဇနီး နီလာစော TTN-၁၈၂၄၂၆ အား သမီးအဖြစ်မှ ရာသက်ပန်အပြီးအပိုင် စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်း။

ဖခင်- ဦးစောလွင်
၁၀/သထန(နိုင်)၀၈၈၅၈၅
မိခင်- ဒေါ်မြမြသန်း
၁၀/သထန(နိုင်)၀၁၃၄၀၆
သထုံ

ကြော်ငြာ

- နိုင်ငံတကာအသိအမှတ်ပြု GIA, HRD, IGI Certificate များပါရှိသော D-K Colour ရတီ ကိုက်ပြုသန့်များကပ်များကို ကမ္ဘာ့စိန်ပေါက်စျေးစာရင်း (Rapaport) အတိုင်းအနည်းဆုံး 5% မှ အများဆုံး 22%အထိ Discount ပေး၍ ရောင်းချပေးနေပါပြီ။
- ကျွန်ုပ်မှဝယ်သော စိန်ထည်များကို နားလည်တတ်ကျွမ်းသူမှကြည့်၍ စျေးမတန်ဟုဆိုက ဝယ်သည့်နေ့မှ (၃)ရက်အတွင်း ပြန်လာပေးနိုင်ပါသည်။ ဝယ်သည့်တန်ဖိုးအတိုင်းပြန်ပေးပါမည်။

Tah Lee Gold

စိန်ရွှေရတနာဆိုင်

ကျွန်ုပ်မှဝယ်သော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏၉၀%၊ လဲလျှင်ကာလတန်ဖိုး၏၉၅% ပြန်ပေးပါသည်။ (အလျော့တွက်မှုမရှိပါ)

စိန်ရောင်းချင်လို့ပါ

တန်ရာတန်ကြေးပေးဖို့ဝန်မလေးဘူး။ စိန်ပြုသန့်အမှန်အကန်ပဲလိုချင်တယ်။ ရွေးဖို့ရှာဖို့လဲ အချိန်မပေးနိုင်ဘူးဆိုသူများအတွက် ...

အောက်ပါအရည်အသွေးအတိုင်း တိတိကျကျရှိသောစိန်ပြုသန့်အကြီးအသေးဆိုဒ်စုံများကို အာမခံပြီး ရောင်းချပေးနေပါပြီ

- Same Cutting စိန်အပွင့်တိုင်း Standard Brilliant Cut (ဘယ်လဂျီယမ် Cutting) ဖြစ်ရမည်။ Cutting နိမ့်သွေးထားတာမပါစေရ။
- Same Colour စိန်အပွင့်တိုင်း အဖြူစစ်စစ်ရည် (D,E,F Colour) ဖြစ်ရမည်။ အရည်မဖြူတာ၊ မညီတာ၊ နဲနဲလေးဝါ၊ ညိုတာမပါစေရ။
- Same Purity အပွင့်တိုင်းသန့်စင်မှု မကွာစေရ။ (IF, VVS1, Quality ရှိရမည်။) VS Quality များဖြစ်သော အရုပ်သေး၊ Spotသေး၊ အပြစ်သေးများမပါစေရ။

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းစျေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၈၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

နိုင်ငံတော်အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီ
နိုင်ငံတော်အရန်ဆန်ဝယ်ယူရေး
စျေးနှုန်း အဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာခြင်း
တင်ဒါအမှတ်-၀၂ (အရဆ)/၂၀၁၂-၂၀၁၃

၁။ နိုင်ငံတော်အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီမှ နိုင်ငံတော်အရန်ဆန်များကို (ဒုတိယအကြိမ်)ထပ်မံဝယ်ယူမည်ဖြစ်ပါသဖြင့် ကော်မတီမှ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ကျပ်ငွေဖြင့် ရန်ကုန်မြို့ရှိ သိုလှောင်ရုံများအရောက် စျေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) **ဝယ်ယူမည့်အမျိုးအစား** - ဧည့်မထ ၂၅ % (ပြည်ပတင်ပို့အဆင့်မီ)

(ခ) **ဝယ်ယူမည့်အရေအတွက်** - ၃၀၀၀၀ တန်ချိန်

၂။ စျေးနှုန်းအဆိုပြုလွှာကို ၁၀-၁-၂၀၁၃ရက် မွန်းလွဲ ၁၃း၀၀နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(ရုံးချုပ်)သို့ပေးပို့ရန် ဖြစ်ပါသည်။ စျေးနှုန်းအဆိုပြုလွှာများကို ၁၀-၁-၂၀၁၃ရက် မွန်းလွဲ ၁၄း၀၀ နာရီတိတိတွင် တင်ဒါအဆိုပြုသူများ၏ ရှေ့မှောက်တွင် ဖွင့်ဖောက် ကြေညာမည်ဖြစ်ပါသည်။ တင်ဒါစည်းကမ်းချက်များကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ရုံးခန်းတွင်ဖြစ်စေ Facebook-Myanmar Rice Mrf တွင် ဖြစ်စေ ရယူနိုင်ပါသည်။

တောင်ပေါ်သား အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

ရန်ကုန် ↔ တောင်ကြီး ↔ မန္တလေး ↔ နေပြည်တော်

ခရီးသွားပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရန် တောင်ပေါ်သားအဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းမှ တောင်ကြီး ↔ ရန်ကုန် ↔ နေပြည်တော် ↔ မန္တလေးသို့ ပြေးဆွဲလျက်ရှိပြီး ၇-၁-၂၀၁၃ရက်တွင် နယူးတောင်ပေါ်သားအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးအမည်ဖြင့် ရန်ကုန် ↔ ကော့ကရိတ်ခရီးစဉ်များကို ထပ်မံ၍ တိုးချဲ့ ပြေးဆွဲသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

စတင်ပြေးဆွဲမည့်ရက်စွဲ

၇-၁-၂၀၁၃ ရက်တွင် စတင်ပြေးဆွဲပါမည်။

ထွက်ချိန်

ရန်ကုန် မှ ကော့ကရိတ် ညနေ ၄း၀၀ နာရီ
ကော့ကရိတ် မှ ရန်ကုန် ညနေ ၆း၀၀ နာရီ

ရန်ကုန် - ဏ/D၊ အခန်း၆၊ မြင်းခြံလမ်း၊ အောင်မင်္ဂလာအဝေးပြေးကွင်း၊
ဖုန်း-၀၁-၇၀၅၀၈၉၊ ၀၉-၇၃၂၄၄၅၅၄၊
- အဆောင် (ဂ)၊ အခန်း(၁)၊ ပ ဝန်း အောင်မင်္ဂလာအဝေးပြေးကွင်း၊
ဖုန်း-၀၉-၅၂၁၅၆၀၄၊ ၀၉-၄၂၀၀၃၀၀၆၉
- အောင်ဆန်းကွင်း (City Mart အရှေ့)၊
ဖုန်း-၀၉-၈၃၅၀၄၃၂
- ည/၁၀၊ အသောကလမ်း၊ ဘုရင့်နောင်ပွဲရုံ၊
ဖုန်း-၀၁-၆၈၁၉၇၈၊ ၀၁-၉၆၈၈၆၁၂၊ ၀၁-၉၆၈၈၆၁၃

ကော့ကရိတ် - အမှတ် ၁၃၁၊ အောင်မင်္ဂလာလမ်း၊ ရှမ်းကုန်းရပ်ကွက် (တောင်ပေါ်ကျောင်းရှေ့)၊
ကော့ကရိတ်မြို့၊ ဖုန်း-၀၅၈-၄၀၁၄၅၊ ၀၉-၄၂၅၀၀၂၆၆၅၊၀၉-၄၉၂၉၀၅၇၂

တောင်ပေါ်သား(ခ)နယူးတောင်ပေါ်သား မိသားစုမှ
အထူးကျေးဇူးတင်ပါသည်

စိန်မေရီကျောင်းသူဟောင်းများ (၄၁)ကြိမ်မြောက် အာစရိယနှင့် သက်ကြီးပူဇော်ပွဲဖိတ်ကြားလွှာ

၁၉၄၇-၁၉၆၅ ခုနှစ်အထိ စိန်မေရီ ဒိုင်အိုစီစင်မိန်းကလေးအထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့သော ကျောင်းသူဟောင်းများနှင့် စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများမှ ဆရာမကြီးများနှင့် အသက်(၇၅)နှစ်အထက် ကျောင်းသူဟောင်းကြီးများအား ပူဇော်ကန်တော့ရန် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၁၂-၁-၂၀၁၃ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - မွန်းတည့် ၁၂ နာရီ
ကျင်းပမည့်နေရာ - Holy-Trinity Parish Hall ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်

အပူဇော်ခံသက်ကြီး ကျောင်းသူဟောင်းကြီးများသည် ၇-၁-၂၀၁၃ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန်မေတ္တာရပ်ခံအပ်ပါသည်။

Teacher Barbara ဖုန်း-၀၉-၇၃၂၅၇၉၈၇၊ ဒေါ်ခင်ဖြူဝင်း ဖုန်း-၀၁-၆၆၆၈၇၁၊ ဒေါ်ရီစီတင်တင်လွှမ်း ဖုန်း-၀၁-၃၈၂၀၁၁၊ ဒေါက်တာသိန်းမြင့်အောင် ဖုန်း-၀၁-၆၆၀၂၇၃၊ ဒေါ်ဟယ်လင်အောင် ဖုန်း-၀၁-၆၆၄၅၆၆၊ ဒေါ်မာလာတင် ဖုန်း-၀၁-၃၇၉၇၃၅၊ ဒေါ်နွယ်နွယ်မိုး ဖုန်း-၀၉-၉၀၀၀၇၇၅၊ ဒေါ်နန်းအိအိဇာ ဖုန်း-၀၁-၃၈၃၀၂၅၊ ဒေါ်ချယ်ရတီမြစိန် ဖုန်း-၀၁-၅၀၃၂၂၈၊ ဒေါ်အယ်လစ်အုန်း ဖုန်း-၀၁-၃၈၃၈၉၁

ပြင်ဆင်ဖတ်ရှုပါရန်

၁-၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စာမျက်နှာ ၁၈ ရှိ အကြောင်းကြားစာ ကြော်ငြာတွင် ဦးအောင်သိန်း (တ/၂၃၆၈)တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ မရမ်းကုန်းမြို့နယ်တရားရုံး၊ ရန်ကုန်မြို့အစား (အောင်သိန်း၊ တွဲဖက်မြို့နယ်တရားသူကြီး-၂၊ မရမ်းကုန်းမြို့နယ်တရားရုံး)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

တစ်ဦးတည်းဖြစ်ကြောင်း

ဦးခင်မောင်နိုင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်း(A)မှမခင်အေးနွယ် ၅/တမန(နိုင်)၀၆၀၂၆၉နှင့်မခင်မြတ်သူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မခင်မြတ်သူ(ခ)မခင်အေးနွယ် ၅/တမန(နိုင်)၀၆၀၂၆၉

34000/-
24000/-

မြေအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နန်းတော်ရာရပ်ကွက်၊ နယ်မြေ (၄)၊ နှင်းဆီလမ်း၊ အိမ်အမှတ် (၄/၃၂)တွင် နေထိုင်သူ အဘွားဒေါ်သိန်းမြ ၉/အမရ(နိုင်) ၀၁၀၀၉၃၊ အေအီး-၂၃၉၇၅၁၏ မြေး မောင်ကျော်ဇင်မင်း ၉/အမရ(နိုင်)၁၂၅၄၁၅သည် အဘွား၊ ဦးလေး၊ အဒေါ်တို့၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှ ၁၉-၁၂-၂၀၁၂ရက်တွင် ဆင်းသွားပါသဖြင့် ထိုရက်မှစပြီး မြေးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်သိန်းမြ
၉/အမရ(နိုင်)၀၁၀၀၉၃

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးဝင်း ၁၃/ကလဘ(နိုင်)၀၃၀၁၂၉၏ ပတ်(စ်)ပို့ No.A - ၃၀၇၂၅၈သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၉၀၃၅၅**

သွေးသည်အသက်

FAME JavaHerb®
Anti-diabetic
သကြားမကိုင်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
1112 YR 008205

FAME Biogurt®
Probiotic supplement
ဗိုက်ချဉ်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011363 (06/15)

ကြော်ငြာ

ဦးကြည်လှိုင် (ရေနံချောင်း)

အမက(၄) ကျောင်းအုပ်ဆရာကြီး(ငြိမ်း)

အသက် (၇၈)နှစ်

ရေနံချောင်းမြို့၊ အိုးဘိုရပ်နေ ဒေါ်စောဝိန်၏ ခင်ပွန်း၊ မယုယုလှိုင်၊ ဦးကျော်ကျော်နိုင်- ဒေါ်မာလာဦး၊ ဦးနိုင်ဦးကျော်-ဒေါ်သန်းသန်းဆင့်၊ ဦးသက်နိုင်-ဒေါ်အေးမြင့်ထွန်းတို့၏ဖခင်၊ မြေးလေးယောက်၏ အဘိုးသည် ၂-၁-၂၀၁၃ရက် မွန်းလွဲ ၂း၃၀နာရီတွင် မကွေးမြို့၊ ကန်သာရပ်၊ သစ္စာလမ်း၊ အိမ်အမှတ် ၂၈၃၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၃ရက် ညနေ ၃နာရီတွင် နေအိမ်မှ သုသာန်သို့ ကားများဖြင့် ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

လူပျောက်ကြော်ငြာ (အမြန်ဆက်သွယ်ပါ)

သားဖြစ်သူ မောင်ညီမျိုးသူ ၆/မမန(နိုင်)၁၇၁၉၄၂သည် ၂၅-၁၂-၂၀၁၂ရက်တွင် နေအိမ်မှ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ သွေးဆောင်ဖြားယောင်းလက်ခံထားသူအား ဥပဒေနှင့်အညီ အရေးယူမည်။ သားညီညီ ဖေဖေကို အမြန်ဆက်သွယ်ပါ။ အားလုံးကို ခွင့်လွှတ်ပါသည်။

ဦးမြင့်ဦး

ဖုန်း-၀၉-၄၉၈၇၃၃၃၁၊ ၀၉-၄၃၀၈၃၃၇၉၊ ၀၉-၅၀၄၁၀၈၆၊ ၀၉-၄၂၂၂၂၀၀၁၄

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - 0711YR06093

အဓိက အမှတ်တံဆိပ်

လက်ပဝါးကွဲ၊ ခြေပဝါးကွဲ၊ ခြေဖနောင့်ကွဲ၊

အသားမာတက်နှင့် ငါးမျက်စိဖြစ်ခြင်းများ

အတွက်သုံးစွဲနိုင်ပါသည်။

အမှတ်(၂၃)၊ ဒေါ်သိန်းတင်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ Ph:01-379385

အကယ်ဒမီဂီတမှူး စန္ဒရားဦးလှထွတ်

(အမျိုးသားစာပေဆုရှင်)

(၁၃)နှစ်ပြည့်အလွမ်း

အစ်ကိုရေ ချီနှင့်တကွ မိသားစုဂီတရပ်ရှင်စာပေနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့ကို နှုတ်မဆက်ဘဲ ရုတ်တရက်ထွက်ခွာသွားခဲ့သည်မှာ ယနေ့ ၅-၁-၂၀၁၃ ရက်တွင် (၁၃)နှစ်ပြည့်၍သွားခဲ့ပါပြီ။ ချီ အနေနှင့် (၁၃) မိနစ်မျှ မေ့မရခဲ့ပါ။ အနေဝေးတာ တွေ့နိုင်သေးတယ်။ အခုတော့ အမြင်ဝေးတာ ဘယ်ခါမနီး။ သို့ပါ၍ အစ်ကို့အတွက် ကောင်းမှုကုသိုလ်များကို အမြဲ နေ့စဉ်မပြတ် ပြုလုပ်ဆဲပါ။

ကျောင်းဆရာတော်နှင့်တကွ သံဃာတော်များအား ဆွမ်း၊ ဆေးနှင့် လှူဖွယ်ပစ္စည်းအစုဖြစ်သော သင်္ကန်းပရိက္ခရာ၊ ဝတ္ထုစသည်ကို လှူဒါန်းရေစက်ချ အမျှပေးဝေလိုက်ပါတယ်။ ရောက်ရာဘုံဘဝမှနေ၍ သာဓုခေါ်နိုင်ပါစေ-

အစ်ကိုရေ အမျှ အမျှ အမျှ။

ချစ်ဇနီးခင်ချိုချို(ခ)ချိုဝေလွင်
နှင့်မိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ လူနေရပ်ကွက်-သမိုင်း၊ မြေကွက်အမှတ် ၂၀/ခ၁၊ L အငှားဂရန် ၃ (ခ)အိမ်ရာမြေအမျိုးအစား၊ ဧရိယာ ၀ ဒသမ ၈၅၈၈က အနက် မခွဲမစိတ်ရသေးသောမြေ၏ အနောက်တောင်ဘက်ခြမ်း၊ အကျယ် 44′/46′ × 62′/64′ မြေကွက်ပေါ်ရှိ အမှတ် ၁၅၊ ပြည်လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ တရားမကြီးမှုအမှတ် ၂၁၈/၂၀၁၁ (၄-၂-၂၀၁၁)နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ် ၁၅၁/၂၀၁၁ ရက်တွင် အနိုင်ဒီကရီရရှိသူ ဦးသန့်ဇင်ထွန်း ၁၂/ဗဟန(နိုင်)၀၇၈၁၀၅က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း — **အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇)**

ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁/၂၀၀၅)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြောက်၊ မြေကွက်အမှတ် ၄၄/က ဦးသန်းအောင်၊ ဒေါ်အေးအေးမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက်များကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာ၊ ဝန်ခံကတိများ တင်ပြလျက် ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဓ၊ မြေကွက်အမှတ် ၅၂၁၁၃၊ မြေကွက် တည်နေရာအမှတ် ၅၂၁၁၃၊ သုမင်္ဂလာလမ်းမကြီး၊ (ဓ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်တင်ဥ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်တင်ဥနှင့် ဖခင် ဦးသန်းညွှန့် ကွယ်လွန်သဖြင့် ဦးမောင်ထွန်း ၁၂/ဥကမ(နိုင်)၁၀၈၀၀၈၊ ဒေါ်ခင်ဝင်း ၁၂/ဥကမ(နိုင်)၀၃၀၄၂၆တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူးအထူးတင်ရှိခြင်း

၂၅-၁၂-၂၀၁၂ရက်တွင် ကွယ်လွန်သွားခဲ့သော ဗိုလ်မှူးတင်စောနိုင် (ငြိမ်း) ကြည်း-၁၈၆၆၈ ၏နာရေးကိစ္စတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော စစ်ဘက်၊ နယ်ဘက်မှအကြီးအကဲများ၊ လုပ်ဖော်ကိုင်ဖက်မိသားစုများ၊ အလုပ်သင်ဗိုလ်လောင်းအမှတ်စဉ် (၁၁)မှ သင်တန်းဆင်းသူငယ်ချင်း အရာရှိများနှင့်ဇနီးများ၊ သတင်းစာများတွင် ဝမ်းနည်းကြေကွဲကြောင်းကြော်ငြာများ အသီးသီးထည့်သွင်းပေးကြသော မိတ်သင်္ဂဟများ၊ တယ်လီဖုန်း၊ အီးမေးလ်များဖြင့်လည်းကောင်း၊ ကိုယ်တိုင်ဝမ်းနည်းစကား လာရောက်ပြောကြားသော မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်အမိန့်ခံယူခြင်း

ဟာဂျီမဒေါ်အာဇီယာ(ခ)ဒေါ်စန်းမြ

အသက်(၇၃)နှစ်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နေ [ဦးချစ်ဖေ(ခ)မိုဟမ္မက်အူမရ်]၏ဇနီး၊ ဆင်ပေါင်ဝဲမြို့နေ ဟာဂျီဦးမြင့်ဦး-ဒေါ်ခင်မာနီ၊ အထက်မင်းလှမြို့နေ ကိုမြဦး-မဝါဝါ၊ ဦးဖေမြင့်(ခ)ဦးချူး၊ ဟာဂျီမ ဒေါ်ခင်မာချို(ခ)မမလေး၊ ဟာဂျီဦးတရုတ်ကြီး(ခ)ဦးဇော်ခင် (ကမ္ဘောဇကား)၊ ဟာဂျီမ ဒေါ်တင်တင်ညို(ခ) မဘိုသူ၊ ကိုထွန်းကျော်အောင်(ခ)ကိုဘိုသား၊ ဟာဂျီယာကွက်(ခ)ကိုမိုးကျော်၊ မမိုးသီတာမိုး(ခ)မမိုးသီ၊ အောင်လံမြို့နေ ဦးဖေစန်းဦး(ခ)ကိုမာအင်-ဒေါ်ငွေငွေ၊ ဟာဂျီမ ဒေါ်ချိုတီမာ(ခ)မတရုတ်မ (ကမ္ဘောဇဆန်ပွဲရုံ)တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၃၀-၁၂-၂၀၁၂ ရက်(တနင်္ဂနွေနေ့) နံနက် ၃း၄၅နာရီတွင် အလ္လာဟ်သျှင်မိန့် ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀ နာရီတွင် အစာယ်ရ်နမားစ်အပြီး ရေဝေးစွန္နီကဘာရ် စတန်တွင် ဒါဖွာနာပြီးစီးကြောင်း ရပ်ဝေးရပ်နီးဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ ကမ္ဘောဇမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်မြကြည်(ခ)ဒေါ်ဆဘူဒါဘီ

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၇၉မြေညီထပ်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ် အမှတ် ၃/၄ရပ်ကွက်နေ (ဦးအောင်ကြိုင်)၏ဇနီး၊ ဦးမျိုးထွန်း (ကော့သောင်းမြို့နယ်အသင်းဝင်)၊ ဦးစိုးမိုး၊ ဦးစိုးမင်း၊ ဒေါ်ဥမ္မာ၊ ဦးပိုင်စိုးနိုင်တို့၏မိခင် ဒေါ်မြကြည်(ခ)ဒေါ်ဆဘူဒါဘီသည် ၂-၁-၂၀၁၃ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့် ခံယူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ကော့သောင်းမြို့နယ် အသင်းဝင်များအားလုံးမှထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့
ကော့သောင်းမြို့နယ်အသင်(ရန်ကုန်)

ကျေးဇူးအထူးတင်ရှိခြင်း

မအေးမိစံ

B.E (Mechatronic)

၂၈-၁၂-၂၀၁၂ ရက်တွင် ကွယ်လွန်ခဲ့သည့် ချစ်လှစွာသောသမီးကြီး မအေးမိစံ၏နာရေးကိစ္စအဝဝတွင် မေတ္တာစေတနာအပြည့်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပါသော Native Power Technology Co.,Ltd. မှ MD နှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသော Thet Paing Soe Co.,Ltd နှင့် Prince Yarma Creation တို့မှ ဝန်ထမ်းများနှင့် ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းနှင့်ဖြစ်စေ အားပေးနှစ်သိမ့်စကား ပြောကြားပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးဇေယျာဝင်း

အသက်(၃၉)နှစ်

ဦးဝင်းမြင့် (လ/ထညွှန်မှူး၊ ငြိမ်း၊ ဗဟိုကော်မရှင်ရုံး)-ဗိုလ်ကြီးဒေါ်ညွှန့်ကြည်(ငြိမ်း) အမှတ်(၂)တပ်မတော်ဆေးရုံတို့၏ သားကြီး ဦးဇေယျာဝင်းသည် ၃၁-၁၂-၂၀၁၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်သူနာပြုသင်တန်းအမှတ်စဉ်(၃)မှ
သူငယ်ချင်းအရာရှိများနှင့် မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဇေယျာဝင်း

အထက(၁) ဒဂုံ ကျောင်းသားဟောင်း

အသက်(၃၉)နှစ်

သူငယ်ချင်းဇေယျာဝင်း ၃၁-၁၂-၂၀၁၂ ရက်က တောင်ကိုရီးယားနိုင်ငံ Gyeongbuk မြို့မှာ မမျှော်လင့်ဘဲ ကွယ်လွန်သွားတဲ့အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါတယ်။ သူငယ်ချင်း ကောင်းရာမွန်ရာရောက်ပါစေ-

ဖိုးချို၊ ညီညီထွေး၊ ကျော်ဇော၊ ရဲသူရ၊ အောင်နန္ဒ၊ လဲ့လဲ့ထွေး၊ ဇာကြီး၊ သွယ်သွယ်တိုး၊ ခင်ခင်စု၊ သန္တာဖြိုးအောင်၊ နန္ဒာ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဖြူးမြို့၊ ရုံးရပ်ကွက်၊ ၃ လမ်း၊ အမှတ် ၃၅နေ ဦးစော ပီဝိုင်ယူ-၀၀၇၄၉၂၏သား မောင်ကိုကိုနိုင် ၇/ဖမန(နိုင်)၁၉၈၄၉၈သည် မိဘဆိုဆုံးမစကားကို မနာခံဘဲ အစ္စလာမ့်တရားတော်ဥပဒေအရ အတိအကျပြဋ္ဌာန်းသည့်တရားတော်ကို မလိုက်နာဘဲ ဖခင်ရင်းအား ကိုယ်ထိလက်ရောက်ထိခိုက်ပြောဆိုပြုမူခြင်းများဖြင့် စိတ်ဆင်းရဲအောင်အကြိမ်ကြိမ် အခါခါ ကျူးလွန်နေပါသဖြင့် ၂၂-၁၂-၂၀၁၂ ရက်မှစ၍ ၄င်းအားအမွေစားအမွေခံ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၄င်းနှင့်ပတ်သက်သည့် အကြောင်းအရာကိစ္စအဝဝကို လုံးဝ(လုံးဝဥဿုံ) တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးစော(ဘ)ဦးကာစင် ပီဝိုင်ယူ-၀၀၇၄၉၂
အမှတ် ၃၅၊ ၃ လမ်း၊ ရုံးရပ်ကွက်၊ ဖြူးမြို့

ဝမ်းနည်းကြေကွဲခြင်း

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှမင်း၏အဘိုး ဦးရမ်ချန်ဒါ အသက် (၉၉)နှစ် (ဇေယျာဝတီ)သည် ၃၀-၁၂-၂၀၁၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးစံဖဲ

သာစည်

အသက်(၈၆)နှစ်

သူငယ်ချင်း ဦးစိုးမြင့် (B.Ed. 1979)၏ဖခင် ဦးစံဖဲသည် ၁-၁-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲရပါသည်။

သူငယ်ချင်းများ-

ခွန်း၊ ယု၊ ရွှေ၊ နေ၊ မချို၊ ကျော်၊ ခင်၊ ကေသီ၊ ကြွယ်၊ နီ၊ ရီ၊ လွင်၊ စန်းကြီး၊ စန်းလေး၊ မြင့်၊ သီတာ၊ မူ၊ စင်၊ ကြည်၊ ချို

အထူးဝမ်းနည်းကြေကွဲခြင်း

အထွေထွေမန်နေဂျာ ဦးကျော်ကျော်နှင့်ဇနီး ဒေါ်ခင်ခင်ငွေးတို့၏မိခင် ဒေါ်ခင်ကြူကြူ(ပြင်ဦးလွင်) အသက်(၈၃)နှစ်သည် ၁-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)စီမံခန့်ခွဲရေးဌာနဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ကြူကြူ (ပြင်ဦးလွင်)

အသက်(၈၃)နှစ်

မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) စာရင်းဌာနမှ အထွေထွေမန်နေဂျာ ဦးကျော်ကျော်၏မိခင် ဒေါ်ခင်ကြူကြူ အသက်(၈၃)နှစ်သည် ၁-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ စာရင်းဌာနမှ
အရာထမ်း၊ အမှုထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကျော်စိုး(ငြိမ်း)

လက်ထောက်ညွှန်ကြားရေးမှူး(စီမံ)

နေပြည်တော်တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး

အသက်(၅၉)နှစ်

၃၁-၁၂-၂၀၁၂ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းလျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းမိသားစုများ
နေပြည်တော်တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး

ဒေါ်စန်းတင့်(ကြေး/မြေ) (ငြိမ်း)

အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၃/ခ ရပ်ကွက်၊ ကြာပဒုမ္မာလမ်း၊ အမှတ် ၅၁ နေ (ဦးချူးစိန်-ဒေါ်မြတင်)တို့၏သမီး၊ (ဦးစံမြိုင်-ဒေါ်ပြုံး)တို့၏ သမီးချွေးမ၊ (ဦးဘညွှန့်)၏ဇနီး၊ ဦးရဲထွဋ်(အောင်သံဆန်ခါထုတ်လုပ်ရေး)၊ ဦးအောင်ဖူး (Mikko Food Marketing Co.,Ltd.) ၊ဦးဝဏ္ဏကျော် (UNOG Trading Co.,Ltd.) -ဒေါ်မို့မို့လွင် (လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ESE ဘဏ္ဍာ)တို့၏မိခင်၊ မသက်ဖူးစံ၏ဘွားဘွားကြီးသည် ၂-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးထွန်းရွှေမောင်(စစ်တွေ)

ခိုင်ပြည်စိုးခရီးသွားလုပ်ငန်း

အာရကန်ဂျူဒို၊ အိုင်ကီဒို၊ ကရာတေးကလပ် (နည်းပြချုပ်)

ရခိုင်ပြည်နယ်၊ ယူနိုက်တက်ကရာတေးကလပ် (နည်းပြချုပ်)

လေးဝတီကရာတေးအသင်း (နည်းပြချုပ်)

ရခိုင်တိုင်းရင်းသားကိုယ်ခံပညာရှင်များ အင်အားစု(နာယက)

အသက်(၆၆)နှစ်

စစ်တွေမြို့နေ(ဒေါ်ဖြူဖြူ)၏ခင်ပွန်း၊ ဒေါ်စောသန္တာဦး-ဦးကျော်မြင့်သိန်း၊ ဦးစောမင်းထွန်း၊ ဒေါ်စောသီဂီထွန်း-ဦးအောင်ကျော်ဇံ၊ ဒေါ်စောမာလာထွန်း-ဦးမောင်မောင်မြတ်၊ ဒေါ်စောနန္ဒာထွန်း၊ ဒေါ်စောစန္ဒာထွန်း-ဦးဦးကျော်ငြိမ်း၊ မောင်ညီညီထွန်းတို့၏ဖခင်၊ Veronica Kyaw, Valdimar Kyaw၊ မောင်ထက်အောင်မြတ်၊ မောင်ဉာဏ်လင်းမြတ်၊ မောင်ခိုင်လင်းကျော်၊ မောင်သန်းထွန်းဟိန်း၊ မအေးချမ်းမွန်၊ မအေးမျိုးငြိမ်းတို့၏အဘိုးရှင်သည် ၂-၁-၂၀၁၃ရက် နံနက် ၂း၃၀နာရီတွင် ရန်ကုန်မြို့၊ ဗဟိုရဲစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ် (၇၈/၈၁)၊ အနော်ရထာလမ်း၊ အခန်းအမှတ် ၁၁၀၅၊ ၁၁လွှာ၊ စင်ထရယ်တာဝါ(၃၉လမ်းမှ ဝင်ရန်)နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းရွှေမောင်

အသက်(၆၆)နှစ်

၁၉၇၀ ခုနှစ်မှ ရာသက်ပန် ရခိုင်ပြည်နယ် ကရာတေးဖခင်ကြီး (AKC- Judo- Arkido-Laywade Karate-Do နာယက ဆရာကြီး) ဦးထွန်းရွှေမောင်သည် ၂-၁-၂၀၁၃ရက် နံနက် ၁း၃၃နာရီတွင် ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

AKC-Judo-Arkido - Laywade Karate-Do

အသင်းသားများ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့

ကြော်ငြာ

ဦးအောင်ဝင်း (စင်မကော်)

အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တံတားမြို့နယ်ခွဲ၊ စင်မကော်ကျေးရွာနေ(ဦးသောင်းညွန့်)-ဒေါ်ခင်သန်းတို့၏သား၊ (ဦးတင်ရွှေ-ဒေါ်ခင်စောသန်း)၊ (ဦးသိန်းလှိုင်)-ဒေါ်တင်တင်မြင့်၊ဦးခင်မောင်အေး-ဒေါ်တင်ဥ၊ ဦးအုန်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန)-ဒေါ်နုနုဆွေတို့၏ညီ၊မောင်၊ ဦးကြည်ဝင်း-(ဒေါ်စိန်ရီ)၊ ဦးအောင်လင်း-ဒေါ်ဇင်မာဦး၊ဦးဝင်းညွန့်-ဒေါ်ဝင်းရီ၊ ဦးယဉ်ထွေး-ဒေါ်ခင်မာထွေးတို့၏အစ်ကို၊ ဒေါ်စန်းစန်းယု၏ခင်ပွန်း၊ ကိုစိုးသူလှိုင်၊ မမီမီအောင်ဝင်း၊ ကိုသက်မှူးမောင်တို့၏ဖခင်၊ မဧကရီသူ၏အဘိုး ဦးအောင်ဝင်းသည် ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၁၁နာရီတွင် ကျောက်ဆည်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အင်ဒိုင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ဝင်း (စင်မကော်)

အသက်(၅၇)နှစ်

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေတို့၏ညီ၊မောင် ဦးအောင်ဝင်း အသက်(၅၇)နှစ်သည် ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်မောင်အေး-ဒေါ်ညွန့်တင်မိသားစု
ဒုတိယဝန်ကြီး
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြင့်ဆွေ (မုံရွာ)

Resident Representative
Petroleum Information & Equiqment Services Pte., Ltd.
Senior Consultant
Twrinza Oil (Asia) Ltd.
Managing Director Silverlink International Pte., Ltd.

အသက်(၆၉)နှစ်

မုံရွာမြို့နေ (ဦးအောင်ရှိန်-ဒေါ်လှရင်)တို့၏သား၊ (ဦးဘသော်-ဒေါ်နန်းတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် ၆၈(A-1)၊ အင်းလျားလမ်းနေ ဒေါ်ခင်ခင်စိန်၏ခင်ပွန်း၊ ဒေါ်ခင်စန်းမြင့်၊ (ဦးမြင့်မောင်)၊ ဦးမြင့်ကျော်-ဒေါ်ခင်စန်းနွဲ့တို့၏အစ်ကို၊ ဦးကျော်စိုးမိုး-ဒေါ်တင်တင်လင်း၊ ဦးနောင်နောင်လင်း-ဒေါ်သော်တာအေး၊ ဦးစည်သူရှိန်-ဒေါ်ကြူကြူမော်တို့၏ဘကြီး၊ ဖူးဖူးပြည့်ကျော်၊ လဝန်းပြည့်ပြည့်၊ ကဥ္စနာ၊ အမရာ၊ ကောင်းမြတ်သူတို့၏အဘိုးသည် ၄-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၅း၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်စောဦး

မြန်မာ့ရုပ်ရှင်လုပ်ငန်း(ငြိမ်း)

အသက်(၆၈)နှစ်

(ဦးဘသီ-ဒေါ်ကြွယ်)တို့၏သမီး၊ (ဦးတင့်ရှိန်-ဒေါ်အုန်းလှ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း ၁၄၀၊ အမှတ် ၄၁၊ ဒုတိယထပ်(ဝဲ)နေ ဦးမောင်မောင်မြင့်(Physiotherapist)၏ဇနီး၊ ဦးတင်အောင်(တင်အောင်လင်းစတီးဆိုင်၊ မင်္ဂလာဈေး)-ဒေါ်စိုးမိုးမိုးဦး (B.A, Hist.)၊ ခေတ္တ-စင်ကာပူနေ ဦးအောင်မင်းနိုင်ဦး (B.E, Electronics), YTU, M.Sc (CIM) NTU, Singapore - ဒေါ်မြတ်မဥ္ဇူစိုး M.E (Electrical), NUS, Singapore၊ ဦးထွန်းထွန်းဝင်း (B.A, Hist.) - ဒေါ်အိဖြူဝင်း (B.Sc, Zool.)၊ ဦးထွန်းလင်းအောင်(Graphic Designer,Diploma in Internet & Informatic, Singapore)တို့၏မိခင်၊ မောင်စည်သူအောင်၊ မဆောင်းနှင်းသာတို့၏အဘွားသည် ၃-၁-၂၀၁၃ရက် နံနက် ၄း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်စောဦး

မြန်မာ့ရုပ်ရှင်လုပ်ငန်း(ငြိမ်း)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ အမှတ် ၄၁၊ လမ်း ၁၄၀နေ ဦးမောင်မောင်မြင့်၏ဇနီး၊ ဦးတင်အောင်-ဒေါ်စိုးမိုးမိုးဦးတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်စောဦးသည် ၃-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ အန်တီဒေါ်ခင်စောဦး ကောင်းရာသုဂတိလားပါစေ။

ဦးအောင်မျိုးမင်း-ဒေါ်မာလာ မိသားစု
ဦးကိုကိုလှိုင်-ဒေါ်မြင့်မြင့်အေး မိသားစု
ဦးညိုထွန်း-ဒေါ်စိုးစိုးမာ မိသားစု

ဦးမြသန်း (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း)

မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ

အသက်(၆၄)နှစ်

မြန်အောင်မြို့နေ (ဦးကျော်အေး-ဒေါ်ကျင်လှိုင်)တို့၏သား၊ ဦးထွန်းလှိုင်-ဒေါ်ခင်ဟန်တို့၏သားသမက်၊ အမှတ် ၁၀၃၊ နဝရတ်လမ်း၊(၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်ဝင်းရီ၏ခင်ပွန်း၊ ဦးကျော်သီဟ(First Mate)-ဒေါ်နေခြည်သက်နိုင်၊ မောင်ဖြိုးသီဟ၊ မောင်စိုင်းသီဟ(မြန်မာ့ရုပ်ရှင်လုပ်ငန်း)၊မအေးမြတ်ခိုင်၊ မောင်ဝေယံကောင်းထက်တို့၏ဖခင်သည် ၄-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် အင်းစိန်အထွေထွေရောဂါကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသန်းတိုးဌေး(ခ)တိုးတိုး

(ဟံသာဝတီကားပွဲစားတန်း)

အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ၄လမ်း၊ အမှတ် ၂၈နေ (ဦးသန်းဌေး၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း-ဒေါ်ဌေးဌေး)တို့၏သား၊ ဦးဇော်မျိုးမင်း-ဒေါ်လှလှဝင်း၊ ဦးကျော်မိုး-[မစု(ခ)ဒေါ်စုစုမော်]တို့၏ညီ၊မောင်၊ ဦးစိုးမိုးဌေး-ဒေါ်ခင်ခင်ဌေးတို့၏အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၃-၁-၂၀၁၃ရက်(ကြာသပတေးနေ့)နံနက် ၉း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးစန်းမြင့်

ကျွမ်းကျင်သူ/ညွှန်ကြားရေးမှူး(ငြိမ်း)
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးအေး)-ဒေါ်လှမြင့်တို့၏သား၊ (ဦးခင်မောင်)-ဒေါ်အေးသန်းတို့၏သားသမက်၊ မမိုးမိုးကြည်၊ မောင်မျိုးသူတို့၏ဖခင်၊ နေပြည်တော်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ကံကော်အိမ်ရာ၊ ပိတောက်မြိုင်လမ်း၊ တိုက် ၂၅၀၊ အခန်း ၀၃နေ ဒေါ်ခင်သန်းဦး၏ခင်ပွန်းသည် ၄-၁-၂၀၁၃ရက် နံနက် ၈း၁၀နာရီတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။[နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးစန်းမြင့် [ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျွမ်းကျင်သူ]

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

အသက်(၆၂)နှစ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျွမ်းကျင်သူ ဦးစန်းမြင့် အသက်(၆၂)နှစ်သည် ၄-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဝမ်းနည်းကြေကွဲခြင်း

ဦးစန်းမြင့် [ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျွမ်းကျင်သူ]

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

အသက်(၆၂)နှစ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျွမ်းကျင်သူ ဦးစန်းမြင့် အသက်(၆၂)နှစ်သည် ၄-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ

ဝမ်းနည်းကြေကွဲခြင်း

ဦးစန်းမြင့် [ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျွမ်းကျင်သူ]

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

အသက်(၆၂)နှစ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျွမ်းကျင်သူ ဦးစန်းမြင့် အသက်(၆၂)နှစ်သည် ၄-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစုများ

ဦးဝင်းကြည်

ဒု-လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဗဟိုစာရင်းရုံး
မြို့နယ်ကောင်စီအတွင်းရေးမှူး(ငြိမ်း)၊ ဒေါပုံ

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ သမစိတ္တ ၂လမ်း၊ အမှတ် ၄၁၁/ကနေ (ဦးမြတ်ကျော်-ဒေါ်ထွန်း)တို့၏သားကြီး၊ ဒေါ်လှကြည်၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း(ငြိမ်း)-ဒေါ်လှလှ၊ ဦးစိန်ဝင်း(ဓာတ်ခွဲမှူး၊ ဆေးရုံကြီး၊ ငြိမ်း) - ဒေါ်အေးသိန်း၊ ဦးတင်ထွန်း - ဒေါ်စန္ဒာလှိုင်တို့၏အစ်ကိုကြီး၊ ဒုအရာခံဗိုလ်ကြွယ်စိုး(ဗထူး) - ဒေါ်မွေးမွေး၊ ဦးသိန်းတိုး - ဒေါ်တင်ဇာနွယ်၊ ဦးအောင်နိုင်-ဒေါ်ဖြူဖြူခိုင်၊ဦးသိန်းဌေး-ဒေါ်ဖြူဖြူသင်း၊ကိုအောင်လင်း-မနီလာခိုင်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၃ရက် (စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မောင်ကျော်သက်ထူး

အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၅၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးခင်မောင်မြ (ဆက်သွယ်ရေး၊ ငြိမ်း)-ဒေါ်ရီရီမြင့် (အထက-၂၊ ဗဟန်း၊ ငြိမ်း)တို့၏သားလတ်၊ ဦးလှမြင့်-ဒေါ်ဆာဖောတို့၏သားသမက်၊ မချောစုလှ၏ခင်ပွန်း၊ မောင်ဇော်ထက်ဦး၊ မောင်ကျော်ဝေလင်း(Air Bagan)တို့၏ညီ၊အစ်ကို၊ မြတ်ဖြူစင်၏ဖခင်သည် ၄-၁-၂၀၁၃ရက်(သောကြာနေ့) နံနက် ၆း၅၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြင့်ဆွေ (မုံရွာ)

Resident Representative
Petroleum Information & Equiqment Services Pte., Ltd.
Senior Consultant
Twinza Oil (Asia) Ltd.
Managing Director
Silverlink International Pte., Ltd.

အသက်(၆၉)နှစ်

မုံရွာမြို့နေ (ဦးအောင်ရှိန်-ဒေါ်လှရင်)တို့၏သား၊ (ဦးဘသော်-ဒေါ်နန်းတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊(၁၀)ရပ်ကွက်၊ အမှတ် ၆၈(A-1)၊ အင်းလျားလမ်းနေ ဒေါ်ခင်ခင်စိန်၏ခင်ပွန်း၊ ဦးညီညီထွန်း-ဒေါ်နိုင်နိုင်ဦးတို့၏ဖခင်၊ ခင်ဆုရွှန်းရတနာ (KAY) ၏အဘိုးသည် ၄-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၅း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာမ ဒေါ်လှရင်(ခ) ဒေါ်လီအိုနီ

အထက(၃)၊ အထက(၄)
သင်္ချာန်းကျွန်း (ငြိမ်း)

အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးဒေးဗစ်-ဒေါ်နီ)တို့၏သမီး၊ (ဦးဆာဘူး-ဒေါ်မမကြီး)တို့၏သမီးချွေးမ၊ (ဦး G.A ဆာဘူး)၏ဇနီး၊ ဦးကလင်တင်-ဒေါ်တင်တင်ဦး၊ ဦးသက်အောင်-ဒေါ်ခင်ခင်ဦး၊ ဦးတင်မောင်နီ-(ဒေါ်အေးအေးအောင်)၊(ဦးတင်သိန်း)-ဒေါ်မာမာဌေးတို့၏မိခင်၊ မောင်ကိုကိုထွန်း၊ မောင်ညီညီထွန်း၊ မဖြိုးမွန်မွန်ဦး၊ မချောမွန်မွန်ဦး၊ မောင်ကျော်ဇင်အောင်၊ မောင်ဖြိုးသူရိန်ဇော်၊ မစုလဲ့နွယ်နီနှင့်မြစ်တစ်ယောက်တို့၏အဘွားသည် ၄-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၅-၁-၂၀၁၃ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ဝတ်ပြုဆုတောင်းခြင်းပြုလုပ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးဟန်စိန်

(ရွှေပန်းထိမ်ဆရာကြီး)

အသက်(၈၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ဖြူးမြို့၊ထန်းကုန်းလမ်း၊ အမှတ် ၆နေ(ဦးဘိုးမြ-ဒေါ်ကျင်ရွှေ)တို့၏သား၊ (ဦးခင်ငွား-ဒေါ်ခင်)၊ (ဒေါ်ကျင်ယုံ)၏ခင်ပွန်း၊ ဦးလှစိုး-(ဒေါ်ကြီးရွှေ)၊ဦးမြင့်လူ-(ဒေါ်စမ်းစမ်း)၊ ဒေါ်လှလှမြင့်၊ ဦးမောင်မောင်ညွှန့် (လ/ထ ညွှန်မှူး၊ အား/ကာသိပ္ပံ၊ မန္တလေး)-ဒေါ်အေးအေး၊ ဒေါ်သီတာ၊ ဦးကျော်စိုးဝင်း-ဒေါ်ဝါဝါ၊ ဦးလှသန်း-ဒေါ်မြင့်မြင့်စိန်တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁နာရီတွင် ဖြူးမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၁-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဖြူးမြို့အရှေ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်စောဦး

မြန်မာ့ရုပ်ရှင်လုပ်ငန်း(ငြိမ်း)

အသက်(၆၈)နှစ်

(ဦးဘသီ - ဒေါ်ကြွယ်)တို့၏ သမီး၊ (ဦးတင့်ရှိန် - ဒေါ်အုန်းလှ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း ၁၄၀၊ အမှတ် ၄၁၊ ဒုတိယထပ်(ဝဲ)နေ ဦးမောင်မောင်မြင့် (Physiotherapist)၏ဇနီး၊ ကလောမြို့နေ ဗိုလ်မှူးမောင်ကျော် - ဒေါ်မြထိုက်တို့၏ညီမ၊ ရန်ကုန်မြို့၊ အမှတ် ၁၆၁၊ ဗညားဒလလမ်း၊ မအူကုန်းရပ်ကွက်နေ ဦးဝင်းမောင် - ဒေါ်ကြည်ကြည်ဆွေ (မြန်မာ့ရုပ်ရှင်လုပ်ငန်း)တို့၏အစ်မသည် ၃-၁-၂၀၁၃ရက် နံနက် ၄း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၅-၁-၂၀၁၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဒုအရာခံဗိုလ်မြတ်စိုး

(ရေ-၂၁၄၇၂)
ရေတပ်သင်္ဘောကျင်းဌာနချုပ်(သီလဝါ)

အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်မြောက်ပိုင်း၊ အနော်ရထာလမ်း၊ အမှတ် ၂၅၇နေ (ဦးသိန်းချစ်-ဒေါ်လှကြည်)တို့၏သား၊ ဦးစိုးလှိုင်-(ဒေါ်လှမြင့်)တို့၏သားသမက်၊ ဦးဝင်းမြင့်-ဒေါ်ခင်စန်းတင့် (လက်ထောက် အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၊ ဒေါ်ခင်ခင်ဆွေတို့၏ညီမောင်၊ဒေါ်နီနီမာ(ရေနှင့်သန့်ရှင်းမှုအင်ဂျင်နီယာဌာန)၏ခင်ပွန်း၊ မောင်မြတ်ကောင်းထက် [First Year, English (Dagon)]၏ ဖခင်သည် ၄-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁း၅၅နာရီတွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ စစ်အခမ်းအနားဖြင့် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဦးကိုကို

M & E Supervisor
Tiong Seng Contractors Pte., Ltd. (Singapore)

အသက်(၄၂)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ ဖော့ကန်ရဲဘော် ၅လမ်း၊ အမှတ် ၃၂၈/ဇနေ ဦးပရာမွတ်ဂယ်လီယားရာ-(ဒေါ်ခင်ညို)တို့၏သား၊ မနော်သူလေးဖော၏မောင်၊ ကိုစိုးစိုး၊ ကိုမြတ်မိုးထွေး-မနွယ်နွယ်အောင်၊ မဇင်ဇင်အောင်၊ ကိုညွန့်ဝင်း-မရွှေရည်ထွန်းတို့၏အစ်ကိုသည် ၃-၁-၂၀၁၃ရက် ညနေ ၃း၄၀နာရီတွင် ကောင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တပညာဇောတ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ(သဲတောမြို့)
သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

သဲတောမြို့၊ ကိုးတောင်ပြည့်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်၊ ယခင်မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ သဲတောအုပ်စု၊ ရိုးရွာနေ (ခမည်းတော် ဦးစိန်ထွေး-မယ်တော် ဒေါ်အေးခ)တို့၏သား၊ သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါရှိ ဘဒ္ဒန္တပညာဇောတ မဟာထေရ်မြတ်သည် (၁၃၇၄ခုနှစ် နတ်တော်လပြည့်ကျော် ၇ရက်) ၄-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၄ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ရက်) ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ၊ ကိုးတောင်ပြည့်စာသင်တိုက်
နာယကဆရာတော်နှင့်
တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

ဗိုလ်မှူးကြီးကျော်သိန်း (ငြိမ်း)

(လေ-၁၁၀၉)
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လေကြောင်း

အသက်(၈၃)နှစ်

(ဦးရွှေဦး-ဒေါ်သိန်းမူ)တို့၏သား၊ (ဦးကံညွန့်-ဒေါ်အေးခင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ်(၈၀-K)နေ ဒေါ်ခင်ခင်ကြီး၏ခင်ပွန်း၊ ဦးစောထွန်း(DyMD) Mingalardon Cargo Service Co.,Ltd.)၊ ဦးတင်ထွဋ်(အထွေထွေမန်နေဂျာ၊ MEHL)-ဒေါ်သိမ့်သိမ့်စိုးတို့၏ဖခင်၊ မဇွန်လင်းထွန်း၊ မောင်ကျော်ကျော်စိုး၊ မောင်သော်ထွဋ်စိုးတို့၏အဘိုးသည် ၄-၁-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ပါမောက္ခ ဒေါက်တာအောင်ခင် (မော်လမြိုင်)

F.R.C.S ခွဲစိတ်ဆရာဝန်ကြီး(ငြိမ်း)
ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ဆေးအကြံပေးအဖွဲ့ဥက္ကဋ္ဌ
မဟာစည်သာသနာ့ရိပ်သာနာယက၊ မိုးကုတ်ဝိပဿနာ(ရန်ကုန်)နာယက
ရွှေပါရမီဖောင်ဒေးရှင်းနာယက၊ မော်လမြိုင်အသင်းကန်တော့ခံပုဂ္ဂိုလ်
မြန်မာနိုင်ငံဆရာဝန်များအသင်း(ဗဟို)နယ်လှည့်ဆေးကုအဖွဲ့(ဥက္ကဋ္ဌ)

အသက်(၈၁)နှစ်

မော်လမြိုင်မြို့နေ (ဦးဖိုးသိန်း-ဒေါ်သိန်းရင်)တို့၏သား၊ အမှတ် ၃၁၅၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့နေ (ဦးလှကြည်-ဒေါ်မမကြီး)တို့၏သားသမက်၊ (ဒေါ်သန်းတင်)၊ (ဒေါ်စိန်နု)၊ (ဦးထွန်းမြင့်-ဒေါ်ညွန့်တင်)၊ (ဒေါ်တင်)၊ ဒေါ်ခင်သန့်-(ဦးသိန်းဟန်)၊ (ဦးစံလွင်)၊ ဒေါ်ညွန့်ညွန့်စိုး၊ (ဦးထွန်းလွင်-ဒေါ်အားကြူ)၊ (ဦးစံခင်-ဒေါ်မြသွယ်)တို့၏ညီမောင်၊ ဒေါက်တာဦးကျော်တင့်-ဒေါ်ခင်ဖြူဖြူတို့၏အစ်ကို၊ (ဒေါ်ခင်သိန်းသိန်း)၊ ဒေါ်သီတာ၏ခင်ပွန်း၊ ဒေါက်တာသင်းသင်းခင်-ဒေါက်တာဇော်မင်းသူ(USA)၊ ဒေါက်တာခိုင်ခိုင်ခင်-ဦးကျော်သီဟ(USA)၊ ဒေါ်ဇင်ဇင်ခင်(USA)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃-၁-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၁နာရီ အထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း) B.C (9678)

စစ်ဦးစီးမှူး ပထမတန်း၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး

အသက်(၇၃)နှစ်

မိတ္ထီလာမြို့နေ (ဦးဘမောင်-ဒေါ်ဖွားရှင်)တို့၏သားကြီး၊ မြင်းခြံမြို့နေ (ဦးဘကြွယ်-ဒေါ်ခင်စိန်)တို့၏သားသမက်၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက် ၄၉နေ ကိုမော်မော်အောင်-မရွှေမှုံမြင့်၊ မငွေမှုံမြင့်၊ ကိုလွင်စိုး(ပုသိမ်ဓာတ်မြေသြဇာစက်ရုံမှူး)-မကြေးမှုံမြင့်တို့၏ဖခင်၊ မောင်ဉာဏ်ရဲထွန်း(တတိယနှစ်၊ ရတနာပုံဆိုက်ဘာစီးတီး၊ နည်းပညာတက္ကသိုလ်)၊ မရွှေရည်ဝင့်ထက်(အထက-၁၄)၊ မသိမ့်သဥ္ဇာစိုး၊ မောင်ဘုန်းမြတ်စိုးတို့၏အဘိုး၊ ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်းသည် ၄-၁-၂၀၁၃ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်တင်မိုးဝင်း

အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၅၊ ဦးဖိုးခင်လမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးလင်မာဝှက်)-ဒေါ်ခွန်တီတို့၏သမီးထွေး၊ (ဦးကြည်ညွန့်) - ဒေါ်ခင်မြင့်တို့၏ သမီးချွေးမ၊ ဦးကြည်ဝင်း (ကားပစ္စည်းနှင့် ကက်ဆက်)-ဒေါ်သန်းသန်းဦး၊ ဒေါ်ခင်မိုးအေး၊ (ဦးစိန်ဝင်း)၊ ဦးမျိုးဝင်း-ဒေါ်မေစောအေး၊ ဦးစိုးဝင်း-ဒေါ်ကြည်ကြည်မော်၊ ဦးခိုင်ဝင်း-ဒေါ်အေးအေးငြိမ်းတို့၏ညီမ၊ ဦးသက်ခိုင်ဝင်း[Sato Kogyo (S) Pte Ltd. S'pore]၏ဇနီး၊ မသက်အိအိဝင်း၊ မသက်သော်တာဝင်း(ခ)မဖြိုးသော်တာဝင်းတို့၏မိခင်သည် ၄-၁-၂၀၁၃ရက် နံနက် ၂း၁၅နာရီ Green Cross Hospitalတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီ တွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးတင်ဝင်း

[အင်ဂျင်နီယာ(စ)မြို့ပြ၊ ငြိမ်း]

အသက်(၇၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးထွန်းဦး - ဒေါ်ဖွားသစ်)တို့၏သား၊ စစ်ကွင်းမြို့နေ (ဦးမောင်စိုး-ဒေါ်မြစိန်)တို့၏သားသမက်၊ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက် ၇၆(A)၊ အခန်း ၀၀၃၊ ဒေါ်မြင့်မြင့်စန်း၏ခင်ပွန်း၊ ဒေါ်ဝင်းဝင်းမိုး၊ ဦးအောင်ဆန်းဝင်း၊ ဒေါ်ခင်သီတာဝင်း၊ ဦးမြင့်နိုင်ဝင်း - ဒေါ်ခင်စန္ဒာထွန်း၊ ဗိုလ်မှူးရန်နောင်ဝင်း - ဒေါ်လှိုင်လှိုင်ကြွယ်၊ ဒေါ်ရွှေဇင်ဝင်းဝင်းအိတို့၏ဖခင်၊ မသီရိမိုးသျှံဝင်း၊ မောင်ဘုန်းပြည့်စုံ၊ မယွန်းပိုးအိမ်၊ မဇူးသီတာနောင်တို့၏အဘိုးသည် ၄-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ တွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား နေပြည်တော်မြို့တော်ခန်းမ၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ်ထိန်းသိမ်းကာကွယ်ရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ အကျိုးစီးပွားကောင်းမွန်သည်ထက်ကောင်းမွန်အောင် ဖော်ဆောင်ပေးရေး၊ ဆင်းရဲမှုနှုန်းလျှော့နည်းကျဆင်းရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များ တိကျမှန်ကန်ဖြောင့်မတ်ရေးတို့အတွက် မဆုတ်မနစ်ကြိုးပမ်းဖော်ဆောင်ရေးဟူသော အမျိုးသားရေးဦးတည်ချက်(၄)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပရာ ပြည်သူလူထုစုစုပေါင်း အင်အား ၃၀၀၀ ကျော် တက်ရောက်ကြသည်။

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နိုင်ငံတော်အလံကို အလေးပြုစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

စုရပ်အသီးသီး

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပုဗ္ဗသီရိ တပ်နယ်မှ အရာရှိစစ်သည်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးမှ မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ နံနက် ၆ နာရီတွင် ဝင်ရောက်နေရာယူကြသည်။

အလားတူ အခမ်းအနားကျင်းပရာ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဖိတ်ကြားထားသူများကလည်း သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ယင်းနောက် နံနက် ၆ နာရီ မိနစ် ၅၀ တွင် ၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူသည်။

စာမျက်နှာ ၉ ကော်လံ ၁ ▲

(၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲနှင့်အားကစားပြိုင်ပွဲများ နေပြည်တော်၌ ပြည်သူများ ခြိမ့်ခြိမ့်သဲသဲပါဝင်ဆင်နွှဲ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို လွတ်လပ်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် စည်းကမ်းရှိခြင်းစသည့် ဒီမိုကရေစီအနှစ်သာရများနှင့်အတူ လွတ်လပ်ရေးနေ့အောင်ပွဲသဘင်ကို နေပြည်တော်တစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဦးဆောင်၍ သက်ဆိုင်ရာမြို့နယ်/ရပ်ကွက်အတွင်းရှိ ကျောင်းများ၊ အားကစားကွင်းများတွင် ယနေ့ နံနက်ပိုင်းမှစတင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ပြည်သူများက ခြိမ့်ခြိမ့်သဲသဲ ပါဝင်ဆင်နွှဲကြသည်။

ထို့အတူ ၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့အပြင် နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရေပန်းဥယျာဉ် စသည့် နေရာများတွင် မိသားစုအလိုက်၊ အသင်းအဖွဲ့အလိုက် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုညဖြစ်သည့် ယမန်နေ့ညနှင့် ယနေ့ညတို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ကံ့ကော်ပန်းအဝိုင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ မဏိရတနာ ကျောက်စိမ်းခန်းမ၊ ကျောက်စိမ်းဥယျာဉ်၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ နေပြည်တော်ဟိုတယ်ဇုန်နှင့်ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာ ထွန်းညှိ၍ ၂၀၁၃ ခုနှစ်(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြသည်ကို တွေ့ရသည်။ **(သတင်းစဉ်)**

ယနေ့ မာတိကာ

မည်သို့ပင်ဖြစ်စေ နေ့စပါးကို အချိန်မီ စိုက်ပျိုးခြင်းဖြင့် တောင်သူတို့အတွက် ဝင်ငွေစီးပွားတိုးတက်လာမည်
ခေါင်းကြီး *စာမျက်နှာ - ၂*

ကမ္ဘာ့အကြီးဆုံး OLED တီဗွီများ ထုတ်ပြီ *စာမျက်နှာ - ၅*

ဘရစ္စဘိန်း တင်းနစ်ပြိုင်ပွဲ ဆီရီနာ အကြိုဗိုလ်လုပွဲတက် *စာမျက်နှာ - ၁၂*